# မြတ်နိုးရှင်း

## အားနာရင်းနဲ့ချစ်နေမယ်



ဝတ္ထုသစ်

မောင်ပြည့်ဝ စီစဉ်သည်။

* စာမူခွင့်ပြုချက်အမှတ် - ၅၁၀၄၂၄၁၀၀၀
* မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၄၃၂၀၂၁
* ထုတ်ဝေသူ - ဒေါ်ခင်ဟန်ရီ(ပန်းဝေဝေစာပေ)
* မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)
* အတွင်းဒီဇိုင်း - ကျော်ကိုလတ် (ပညာရှင်စာပေတိုက်)
* အုပ်ရေ - ၁၀၀၀
* တန်ဖိုး - ၁၅၀၀
* ဖြန့်ချိရေး - ပညာရှင်စာပေတိုက်
* အကြိမ်ရေ - ပထမအကြိမ်
* ထုတ်လုပ်သည့်နေ့စွဲ - ၂၀၁၂ ခုနှစ်၊ မေလ

CIP

မြတ်နိုးရှင်း ၈၀၈.၈၃
အားနာရင်းနဲ့ချစ်နေမယ်။
ပန်းဝေဝေစာပေ၊ ၂၀၁၂။
၂၈၃ - စာ၊ ၅ × ၇ စင်တီ။
အားနာရင်းနဲ့ချစ်နေမယ်။

# မြတ်နိုးရှင်း

## အားနာရင်းနဲ့ချစ်နေမယ်

(လုံးချင်းဝတ္ထုသစ်)

မြတ်ပုဒ္ဓအား ဦးထိပ်ထား၍

ဖေဖေဦးမြင့်စိုး + မေမေ ဒေါ်ရင်စိန်နှင့်အတူ

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို မမေ့မလျော့

ကန်တော့ပါသည်။

*မြတ်နိုးရှင်း*

*အားနာရင်းနဲ့ ချစ်နေမယ်*

*(လုံးချင်းဝတ္ထုသစ်)*

♥

၁၉၉၄ ခုနှစ် ဩဂုတ်လထုတ် (အပျိုမ မဂ္ဂဇင်း)တွင် "ယိုသူမရှက်မြင်သူရှက် ...သူလိုယောကျ်ားအစစ်" ဆိုတဲ့ဝတ္ထုတိုဖြင့် စာပေလောကထဲ ဝင်ခဲ့သည်။ "မြတ်နိုးရှင်း" ရဲ့ ကလောင်ခွဲမှာ "အာသာဝတီ" "စန္ဒာဒေဝီ" "အေးအေးရှင်း (မြိတ်)" တို့ဖြစ်ပါသည်။

## (ပထမပိုင်း)

## အခန်း (၁)

*ဟိုး မိုးမြင့်မှာ ပေါက်နေတဲ့ အိုဇုန်းလွှာ × × ×*

*ဝှါ မြေမှာ ပြတ်နေတဲ့ ဇိနပ် × × ×*

*ဒီရင်မှာ လောင်နေတဲ့မီး × × ×*

*မင်းလေးအချစ်နဲ့ ငြိမ်းမှအေးမယ် × × ×*

*ငြိမ်းပေးပါ × × × ငြိမ်းပေးပါ × × ×*

"အို ... ရှင် ဘယ်လိုလူလဲ ... ပေါ်ရဲလှချည်လား"





"မပေါ်ပါဘူး ... ရှာကြည့်ပါ ... ရှာမှရှားမှန်းသိသွားမယ်"

"ခစ် ... ခစ် ... ခစ်"

ကွေးကောက်တွန့်လိမ်နေတဲ့ ဟန်မူရာမျိုးစုံနဲ့ သူမရှေ့မှာ ဒူးထောက်မတတ် ခယနေသော သူ့ပုံစံကြောင့် ကျောင်းသူတစ်သိုက် ရယ်သွားကြသည်။

သူမ အနည်းငယ် ဒေါသဖြစ်လာမိသည်။ ဘယ်လိုပဟာ မှန်းမသိ အဆောင်ရှေ့ကိုလည်း ညတိုင်းလာသည်။ ကျောင်းထဲမှာလည်း တစ်နေ့မှ အလွတ်မပေး။ ဒီနေ့တော့ ပိုဆိုးသည်။ အေးအေးဆေးဆေး စာကျက်ချင်လို့ ကျောင်းကို စောစောလာမိတာ အမှားကြီးမှား။ ဘယ်နှယ် သူမနံဘေး ရောက်လာမှန်း မသိ။

"တော်တော်အနှံ့ခံကောင်းတဲ့ သတ္တဝါတစ်ကောင်" ဟု စိတ်ထဲမှာ လုံးထွေးချမိသည်။

"အဲဒီလိုတစ်ယောက်တည်း ဘယ်အချိန်တွေ့ရမလဲလို့ မျှော်လိုက်ရတာ၊ ကိုယ့်လည်ပင်းကြည့်ပါဦး ... ရှည်လာသလားလို့"

"အကြောပြိုင်းပြိုင်းနဲ့ သစ်ခြောက်ကိုင်းလိုပဲ ... တစ်စက်မှ အနှစ်သာရမရှိဘူး"

"ဟား ... မရက်စက်ပါနဲ့ အရှင်၊ မင်းပြောတဲ့စကားဂန္ထဝင် တေးသွားလို့ ငါမခံစားပါရစေနဲ့၊ အဲ ... မင်းထိုးတဲ့ မျက် စောင်းငှါရင်ဘတ်ဟောင်းလောင်းဖြစ်စေမလား ... ငါမမူအားဘူးလေ"

"ရှင်နော် ... ကျွန်မ အရမ်းစိတ်ဆိုးနေပြီ၊ ဒီကနေ ဆက်လိုက်လာရင် ကျွန်မ အဆိုးမဆိုနဲ့"

သူမ ပြောပြောနဲ့ အမြန်ဆုံးလျှောက်ထွက်ခဲ့သည်။ ဖူးသစ်စ ဆောင်းဦး ... လေရူးတစ်ချက်အဝှေ့မှာ ကြွေသက်လာတဲ့ ရွက်ဝါတစ်ချို့ကို ဖြတ်ကျော်နင်းခြေခဲ့သည်။ စိတ်ထဲမှာတော့ သူအမှတ်နဲ့ပေ့ါ။ အဲလောက်ထိ ... မုန်းသည်။ ဒီလိုယောကျ်ားမျိုး ကံ့ကော်မြေမှာ ရှိလိမ့်မယ်လို့ ဘယ် ... တုန်းကမှ သူမစဉ်းစား မိခဲ့။

"ဟိတ်"

နောက်ကနေ လှမ်းအော်လိုက်တဲ့ အသံပြဲကြီးကြောင့် သူမ သည်းမခံနိုင်စွာ လှည့်ကြည့်မိသည်။ ဒီတစ်ခါ ပေါ်ကြောင်





ကြောင် စကားထပ်ထွက်လာရင် ဘောလ်ပင်သွားနဲ့ကို ထိုးပစ်မယ်လို့လည်း ဆုံးဖြတ်ထားလိုက်သည်။

"ဒီမှာ မင်းကို ကြောက်လို့နေခဲ့တာ မဟုတ်ဘူး ... ကိုယ့်ဖိနပ်လေး တကယ်ပြတ်သွားလို့ နေခဲ့တာ"

ဖနောင့်ပါးနေတဲ့ ကတ္တီပါသဲကြိုးဖိနပ်ပြတ်လေးတစ်ဖက်ကို ကိုင်ရင်း မတ်တပ်ရပ်နေတဲ့ သူ့ပုံစံကြောင့်သူမ ရုတ်တရက် ကြောင်ငေးငေးလေး ဖြစ်သွားမိသည်။

နောက် သတိဝင်းပြီး ခပ်မာမာနဲ့ ပြန်ပြောပစ်လိုက်သည်။

"ဘာဖြစ်ဖြစ် ရှင်နေခဲ့ဖို့ပဲ အရေးကြီးတယ်"

"ဒါပေမယ့် ကိုယ့်အသဲနှလုံးတော့ မင်းဆီပါသွားခဲ့တယ်နော်"

"တောက်"

သူမစိတ်ဆိုးလွန်းသဖြင့် တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ အမိပတိလမ်းအတိုင်း လျှောက်ထွက်ခဲ့သည်။

ဘယ်လို ကြောင်မျက်နှာရှုံးမှန်းမသိ။ ငယ်ကအကျင့်အတိုင်း ရုပ်ပြောင်လွန်၊ အကြည်စားလွန်တဲ့ ယောက်ျားတွေရဲ့ မျက်နှာကို ခဲသွား၊ မင်သွားနဲ့သာ ထိုးပစ် ချင်မိသည်။

"ဟော့ ... ဖူး ,... ဘယ်လိုဖြစ်နေတာလဲ ... မျက်နှာကြီး တင်းနေလိုက်တာ"

"အေးလေ ... စောစောစီးစီး ကျောင်းထဲအဖော်ရှာ တာ မတွေ့လို့နေမှာပေါ့... ဟား ... ဟား... ဟား ..."

သူမရှေ့က ဝိတ်ရပ်ပြီး တစ်ယောက်တစ်မျိုးနဲ့ပြောရင်း နောက်ပြောင်ရယ်မောနေကြတဲ့ သူငယ်ချင်းတွေကို ကြည့်ကာ သူမနှုတ်ခမ်း စူတူတူလေး ဖြစ်သွားသည်။

"တော်ကြပါတော့ ... နင်တို့ဟာလေ မိန်းကလေးတွေ ဖြစ်ပြီး အဒိပ်ကလည်းကြီး၊ အရယ်ကလည်းသန်နဲ့ ငါ့အဖေ၊ ငါ့ ဦးလေးတွေနဲ့သာ ပေးတွေ့လိုက်ချင်တယ် ...ဟွန်း"

"ရတယ်လေ ... တွေ့မှာပေါ့၊ ဒါပေမဲ့ နင့်အဖေတော့ မဟုတ်ဘူး ... နင့်အမေရှိနေတာကိုး၊ အဲ ... ဒါပေမဲ့ နင့်ဦးလေး တွေကိုတော့ တွေ့ရမယ်။ လူပျိုတွေပဲ မဟုတ်လား ... ဟင် ... အဟိ"





"မဟုတ်ဘူး ...အားလုံးကလေးအဖေတွေချည်းပဲ"

"ဟား...ဟား ...ဟား ...ဟား"

သူငယ်ချင်းလေးယောက်နဲ့အတူ သူမပါ လိုက်ရယ်မိသည်။ သူမတို့ငါးယောက်က တစ်မြို့တည်းဖြစ်ကြသလို အဆောင်တူ၊ အတန်းတူ၊ မေဂျာတူများ ဖြစ်ကြသည်။ ထိုအတူ ငါးယောက်စလုံးက မိမိတို့ဘာသာ စိတ်ကြိုက်ချက်ပြုတ်စားတတ်တဲ့ ဝါသနာလည်း တူနေကြသည်။ ထိုဝါသနာကြောင့် ထမင်းဟင်းချက်ပြုတ်လို့ရတဲ့ အဆင့်မြင့်မြင့် အပြင်ဆောင်တစ်ခုမှာ ရွေးချယ်ငှားရမ်းနေတာလည်း တူနေကြလေသည်။

မတူတာတစ်ခုတော့ရှိသည်။

သူမက နှစ်ယောက်ခန်းကို နှစ်ယောက်စာပေးပြီး သူမ တစ်ဦးတည်း နေခြင်းပင်ဖြစ်သည်။ ကျန်တဲ့ လေးယောက်မှာ တစ်ခန်းတည်း ဖြစ်သည်။

"ဒါနဲ့ နင်တို့ ဘာစားပြီးပြီလဲ"

"တို့လေးယောက်လုံး ဘာမှ မစားသေးဘူး။ နင့်ကိုလာခေါ်တာ၊ ငါတို့မနက်ပိုင်း အတန်းမရှိဘူးလေ ... ကန်ပေါင်သွားပြီး နန်းကြီးသုပ်စားကြမယ်"

"ငါတော့ မနက်စောစောစီးစီး နန်းကြီးသုပ်မစားချင်ပါဘူး၊ ထမင်းပူပူလေးရရင် ငံပြာရည်နဲ့ ငရုတ်သီးမှုန့်ကို နယ်ပြီး ဘူးသီးကြော် ရွရွလေးနဲ့ စားချင်တယ်"

"အမယ်လေး ...ဖူးပြောမှပဲ သွားရည်ကျချင်လာပြီ၊ ကဲ ...ကဲ ...တို့အားလုံး ကန်ပေါင်ပေါ်ရောက်မှပဲ ကိုယ်စားချင် တာ မှာကြတာပေါ့နော်"

ဒါနဲ့ပဲ သူမတို့ငါးယောက် ကွန်ဘိုကေးရှင်းဘေးကနေ ဒီကို ဘက်မှထွက်၍ ကားလမ်းကူးကာ အင်းလျားကန်ဘက် လျှောက်ဝင်ခဲ့ကြသည်။

♥ ♥ ♥



# အခန်း (၂)

"ဟာ...ဟော့ကောင်တွေ...ဟိုမှာ လာနေကြပြီ ကွ"

"ဟင်...ဘာ...ဘာတွေလာနေကြတာလဲ...ဘယ်မှာလဲ"

"ဟင်း...ဒီမုန့်ကြောင်ကတစ်မျိုး၊ ဟိုမှာ မင်းရဲ့ဝက်မလေး လည်းပါတယ်။ ငါ့ရဲ့ဇကရီလေးလည်းပါတယ် ... အဟီး"

"ခွေး ...င် ငါ့ကောင်မလေးတော့ ဝက်နဲ့ နှိုင်းတယ်၊ မင်းကောင်မလေးက ငါးမြွေထိုးခြောက်လိုပဲ"

"ဟား ...ဟား ... ဟား ...မင်းတို့နှစ်ယောက်ပါးစပ်ထဲ ရောက်မှပဲ သူတို့ခမျာ တိရစ္ဆာန်လုံးလုံးဖြစ်ကြရတော့တယ်"

"ဟဲ ...ဟဲ ... မကျေနပ်ရင်လဲ ယူလိုက်ကြပေါ့၊ ဒါဆို လိုက်ဖက်မှု ပိုရှိသွားမှာပေါ့ ...မဟုတ်ဘူးလား"

"နိုး ...နိုး ...လိုက်ဖက်မှုမရှိတာကိုက ဒီခေတ်မှာ ဖက်ရှင်တစ်မျိုးမို့ ငါကတော့ ငါ့အသည်းကလွှဲ ..."

"ဘာလဲ ...နောက်ထပ်လည်းလာထားပဲ မဟုတ်လား"

"ဟား ...ဟား ...ဟား"

"ဒါနဲ့ နေပါဦး ...ကိုထူးတစ်ယောက် ခုထိပေါ် မလာသေးပါလား"

"အေးကွာ... နေနဲ့ညမှားပြီးများ အိပ်နေသလားပဲ"

"အိပ်ရေးပျက်တာချင်း အတူတူကွား ...ဒီကောင် ပိုကိုပိုလွန်းတယ်"

"သာလှ" "ညီညီအောင်" "မောင်မောင်" "စိုင်းကျော်" တို့သူငယ်ချင်းလေးယောက်...တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုနေကြသည်။ သူတို့သူငယ်ချင်းတစ်ယောက် ခုထိပေါ်မလာသေးတာလည်း မချင့်မရဲ ...ဖြစ်နေကြသည်။





သူတို့နဲ့ ခပ်လှမ်းလှမ်းစားပွဲလွတ်မှာ ဝင်ထိုင်ပြီး တစ်ယောက်တစ်မျိုးစီမှာနေကြတဲ့ မိန်းမချော ငါးယောက်ရဲ့အစားသောင်းကျန်းပုံကို နားထောင်ရင်း သူတို့ တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ပခုံးတွန့်လိုက်ကြသည်။

"ငါတောင် သွားရည်ကျလာပြီကွာ"

"ဘာကိုလဲ သာလှ"

"အတွေးမမှားနဲ့ ငမောင် ...ငါပြောတာ သူတို့မှာတဲ့ အစားအစာတွေပါကွ"

"ဟုတ်တယ်ကွ ...သူတို့က အစားကို တစ်မျိုးစီမှာစားတော့ တစ်ယောက်နဲ့ တစ်ယောက် လဲစားလို့ရတယ်။ ငါတို့က လက်ဖက်ရည်ပဲ တစ်မျိုးတည်း အကြိုက်တူနေတော့လဲ သောက်လို့မရဘူးပေါ့"

"ဒါများ လွယ်ပါတယ် ကိုအောင်ရယ် ..သူတို့အဖွဲ့နဲ့ သွားပေါင်းပြီး ကပ်ရပ်စားသောက်ကြရင် အိုမကေဘူးလား ...ကဲ"

"ဟော့ကောင် ကိုစိုင်း ...မင်းသတ္တိရှိရင် အဲဒီစားပွဲကို သွားလေ ...ငါတို့ နောက်က လိုက်ခဲ့မယ်"

"အဟီး ...ငါသွားရဲဘူး"

စိုင်းကျော်ရဲ့ ကန့်ကွက်လျှ အဖြေစကားကြောင့် အနီးစားပွဲမှ ကျောင်းသားကျောင်းသူတွေက တစ်ချက်လှမ်းကြည့်ကြပေမယ့်

အစားပုတ်မ ငါးယောက်ကဖြင့်ဘယ်သူကိုမှ ဂရုမစိုက်ဘဲ စားပွဲထိုးလေး လာချပေးတဲ့ အစားအစာတွေကို လှမ်းယူနေကြပါသည်။

"ဒါဆိုမင်းနေခဲ့၊ သာလှနဲ့မောင်မောင် ...ငါနဲ့လိုက်ခဲ့ .. သူတို့ဆီသွားကြမယ်"

"ဟာ ...ဖြစ် ...ဖြစ်ပါ့မလား။ သူတို့ငါးယောက်ထဲကဟိုတစ်ယောက်ကိုတော့ ငါလန့်တယ်"

"ဘာလဲ ကိုထူးရဲ့ ... ကျောက်ကပ်လေးကိုပြောတာလား။ သူက မျက်နှာထားတင်းပေမယ့် စိတ်ရင်းကောင်းပါတယ်ကွာ၊ ပြီးတော့ ငါတို့အဖွဲ့ည ...ည ...သူတို့ အဆောင်ရှေ့မှာသီချင်းလာဆိုနေတာ သိနေတာပဲ . . .လာစမ်းပါကွာ"

ဒီလိုနဲ့ ညီညီအောင်က ဦးဆောင်ပြီး ရှေ့ကထသွားပြီးမှ ကျန်တဲ့သူငယ်ချင်းသုံးယောက်လည်း ခြေလှမ်းကျဲကြီးတွေဖြင့် နောက်က လိုက်ခဲ့ကြလေသည်။





"ကောရီက မမတွေ စားသောက်ကောင်းလို့ပါလား"

ခေါင်းငုံ့စားနေရင်းမှ အနီးကပ်ပေါ်ထွက်လာတဲ့ အသံကြောင့် သူတို့အားလုံး ပြိုင်တူ ခေါင်းမော့ကြည့်မိကြသည်။

"ဩော် . . . သီချင်းရှင်တွေပါလား၊ အလှူခံမလို့နဲ့တူတယ်"

"မဟုတ်ပါဘူး ခင်ဗျာ ...ဒါန ပြုချင်လို့ပါ"

"တယ်ဟုတ်ပါလား . . . ဒါဆိုလည်း နံဆွဲပြီး ထိုင်ကြလေ . . .အဟင်း"

မြမြစုးနှင့် သဇင့်စကားကြောင့် သူမကျိတ်ပြုံးလိုက်ပြီး ထမင်းပူပူလေးနဲ့ ဘူးသီးကြော် ရှရှလေးကို ငံပြာရည်တို့စားနေလိုက်သည်။ စိတ်ထဲမှာတော့ "ဟိုတစ်ယောက် ပါမလာတာကောင်းတယ်"ဟု မှတ်ချက်ချနေမိသည်။

သူမတို့အဖွဲ့က တိုးကပ်နေရာရွှေ့ပေးလိုက်တော့ သူတို့က နံဆွဲပြီး ဝင်ထိုင်လိုက်သည်။

"ရှင် တို့စားချင်တာ မှာကြလေ"

"ကျွန်တော်တို့ အခုပဲ လက်ဖက်ရည်သောက်ပြီး ထလာတာ"

"ဟုတ်တယ် ... ဒီက ကေရီမမတွေကိုတွေ့တော့ ဒီကောင်က သူ့မွေးနေ့မှာ ဒါနပြုရအောင်ဆိုလို့ လှမ်းလာခဲ့တာ"

ပြောပြောနဲ့ စောစောက မရဲဘူးဆိုတဲ့ စိုင်းကျော်က ဘူးသီးကြော်တစ်ခုကို လှမ်းနှိုက်ပြီး ပလုပ်ပလောင်း ဝါးစားနေလိုက်သည်။

"ဒါနဲ့ ... အဆောင်ရှေ့မှာ ညည သီချင်းလာဆိုနေတာ ခြင်မကိုက်ဘူးလား"

"ချစ် ... မကိုက်ပါဘူး။ သူတို့က နားထောင်နေကြတာလေ"

" အယ် ... အဟင်း ...ဟင်း ... ရှင်တို့အဖွဲ့ကိုကြည့်ရတာ အရမ်းပျော်တတ်တယ်နော်"

"ဟုတ်တယ်၊ ကျွန်တော်တို့ထက် ပျော်တတ်တာ တစ်ယောက်ရှိသေးတယ်၊ ဒီနေ့ကျမှ သူက အအိပ်ပုတ်ကျန်ခဲ့တယ်"

ညီညီအောင့်စကားကြောင့် သူမ ပလုပ်ပလောင်းစားနေရင်းမှ မျက်စိုးနှစ်ခုမြှင့်ခနဲ ဖြစ်သွားရသည်။ သို့သော်ဟန်မပျက် ဆက်စားနေလိုက်သည်။





"ဒါဆို ရှင်တို့က အတူတူနေတာပေါ့...ဟုတ်လား"

"ဟုတ်တယ်၊ အဆောင်တော့မဟုတ်ဘူး ...တိုက်ခန်းမှာ စုနေကြတာ"

"ဒီလိုဆိုလည်း နိုးခဲ့ရောပေါ့ရှင်"

"နိုးလို့မဖြစ်ဘူး၊ ကျွန်တော်တို့သူငယ်ချင်းတွေမှာ စည်းတစ်ခု ထားထားကြတယ် ... ဒါက ဘာလဲဆိုတော့ ကိုယ်အိပ်တဲ့ခြင်ထောင်မှာ "သေရေးရှင်ရေးမဟုတ်ရင် မနိုးရ" လို့ ရေးထားရင် တစ်ယောက်ကို တစ်ယောက် နိုးခွင့်မရှိဘူး၊ မနက်လင်းလို့ ကြည့်လိုက်တော့ သူ့ခြင်ထောင်မှာ စာရေးကပ်ထားတာတွေ့တယ်လေ ... ဒါကြောင့်ပါ ...အဟဲ"

သူမ ဇဝေဇဝါဖြစ်သွားရသည်။ စောစောစီးစီး ကျောင်းထဲမှာတောင်တွေ့ခဲ့သေးတာ ဘယ့်နှယ့်ခြင်ထောင်ထဲမှာ အိပ်နေရတယ်လို့ သူမဖွင့်မေးချင်ပေမယ့် မမေးဖြစ်ဘဲဆိတ်ဆိတ်သာနေလိုက်သည်။

"အဟမ်း ...နန်းကြီးသုပ်ကလေးစပ်တယ်နော်၊ စားလို့တော့အကောင်းသား ...ဟီး ..."

"စားလို့ကောင်းရင် စားပေါ့ ...အင့်"

မောင်မောင့်ရှေ့ထိုးပေးလိုက်တဲ့ နန်းကြီးသုပ်ပန်းကန်တို စိုင်းကျော်က လှမ်းယူပြီးစားလိုက်သည်။ မောင်မောင်က စိုင်းကျော်ပေါင်အား ဆွဲလိမ်လိုက်သည်။

"အား ...ကျွတ် . . ကျွတ်"

"ဟင် . . ဘာ . . ဘာဖြစ်လို့လဲ"

"ဟို ...ဟို ...စပ်လို့ပါဗျာ၊ နေနှင့်ဦးပေါ့ကွာ ...ဒီလောက်စပ်တဲ့ငရုပ်သီး အိမ်ကျမှတွေ့မယ်"

"အဟင်း . . .ဟင်း . . .ဟင်း"

သူငယ်ချင်းတွေရယ်တော့ သူမလည်း လိုက်ပြုံးမိသည်။ ဟိုတစ်ယောက်ကို ကြည့်မရပေမယ့် ဒီလေးယောက်ကဖြင့် အနည်းငယ် ခင်မင်စရာကောင်းသည်ဟု မှတ်ချက်ချမိသည်။

"ကေရီမမတွေနဲ့ ကျွန်တော်တို့ သူငယ်ချင်းဖြစ်သွားကြပြီပဲ ...နာမည်ကလေးတွေပြောပြပါဦး"

"အဲ ...ဟုတ်သားပဲ ...ကဲ...ကဲ ...ကျွန်တော်ကပဲအားလုံးကိုယ်စား ပြောပြပါမယ်"





"ကလေးတွေလို လက်ညှိုးထောင်ပြီး မတ်တပ်ရပ်ပြဖို့ မလိုဘူးမဟုတ်လား..."

"ရှင်ကတော့ ထောင်မှာပဲ မဟုတ်လား"

"ဘာလဲ"

"လက်ညှိုးပြောတာ"

"တော်သေးတာပေါ့"

"အဟား ...ဟား ...ဟား"

လက်ညှိုးလေးထောင်ထောင်ပြီး စကားပြောတတ်တဲ့ ညီညီအောင်က မြမြစူးစကားကြောင့် သူ့လက်ညှိုးလေးကို မျက်လုံးစွေပြီး ထောင်ကြည့်ရင်းပြောလိုက်သဖြင့် အားလုံးက ရယ်မောလိုက်ခြင်း ဖြစ်သည်။

"ကဲ ...ပြောပြီပြီနော် ...သူက "သဇင်မြင့်မြတ်"၊ ဒီတစ်ယောက်က "မြမြစူး"၊ ဒီဘက်က "ကျောက်ခက်ပန်း"၊ ဟိုမိုးပြာရောင်လေးက "ရှင်မော်ဖူး"၊ ကျွန်မက "သက်သက်မိုးစွေ" ..."

"ကျေးဇူးတင်ပါတယ်ဗျာ ... ကျွန်တော်တို့ကိုလည်း မှတ်ထားပေးပါဦး"

"စိတ်ချ...အကြွေးစာရင်းထဲ မှတ်ထားပေးမယ်"

"အဟီး...ဒါလေးတစ်ခုတော့ ခွင့်လွှတ်စေချင်တယ်..

. သဖင်ရယ်"

"ဟာ...ဘာမှန်းလဲမသိဘူး"

"အဟဲ...ပျော်လို့စတာပါဗျာ...ကဲ...ဟောဒါက "စိုင်းကျော်"၊ သူက "ညီညီအောင်"၊ သူက "မောင်မောင်"၊ ကျွန်တော်က "သာလု"၊ အိမ်မှာ ကျန်ခဲ့တဲ့ တစ်ယောက်က "ချစ်ရင်ထူး" ...တဲ့"

"ရှင် ..."

သူငယ်ချင်းတွေရဲ့ "ရှင်" ဆိုတဲ့ အသံတွေထဲမှာ သူမအသံက ပိုကျယ်သွားမည်ထင်သည်။ တော်တော်အမြင်ကတ်ဖို့ကောင်းတဲ့ လူနဲ့နာမည်။ အဲဒီနေ့က အဆောင်ပြန်ရောက်သည်အထိ ထိုနာမည်က သူမကို စိုးမိုးနေခဲ့သည်။ သူငယ်ချင်းတွေက နာမည်ပြောင် ပေးလိုက်ကြသည်။

"ပျက်ချင်မှူး" ...တဲ့။

♥ ♥ ♥



## အခန်း (၃)

"ဟာ... ကြွေတယ်ဗျာ...မြေမှာကို လိမ့်ပစ်လိုက်ချင်တယ်..."

"တကယ်လား"

"သေချာတယ်...အရမ်းကို ကြွေပြီးရင်း ...ကြွေပဲ"

"အတော်ပဲ ...ဒီကလည်း နင်းချင်နေတာ"

"ဗျာ ..."

တွေ့တိုင်းပြောနေတဲ့စကား ကြာတော့ ခါးပြီးရင်းခါးလာပြီ။ ပါးစပ်က ပိတ်မနေချင်တော့။ အူတူတူ ကြောင်တောင်တောင်နဲ့ "ဗျာ" တစ်လုံးရဲ့နောက်မှာ သူ့မျက်လုံးက အပြုံးသား။

"ဒီမယ် ... မြေကြီးပေါ် ကြွေကျလာတဲ့ အရာတွေကို ဘယ်သူကများ ရှောင်ကွင်းသွားမှာတဲ့လဲ"

"ဟို...အဲ ...မြွေ ...မြွေဆိုရင် အဝေးကပင် ပြေးထွက်သွားမှာမဟုတ်လား"

"ရှင်က မြွေမှ မဟုတ်တာ ...မကြောက်ပါနဲ့"

"ဘာ ...ဘာလုပ်မလို့လဲ"

"စောတုန်းက ကြွေသွားတဲ့အရာ အနင်းခံရရင် သက်သာမယ့်တော့မထင်ဘူး ... ကျွန်မက ကတ္တီပါဖိနပ်စီးထား ပေမယ့် ခန္ဓာက ကြီးတော့လေ..."

"အီး ...ဆင်မ"

"ဘာ"

လေးလံတဲ့ စကားလုံးအောက်မှာ နာကျင်ရမှန်းမသိ။ ပြုံးတုံ့တုံ့ မျက်နှာပေးနဲ့ "ဆင်မ" လို့ကြားရုံလေး ပြောလိုက်တဲ့ သူ့ကို "ဘာ" နဲ့ လှမ်းဖိလိုက်ပေမယ့် စိတ်ထဲမှာတော့ ရယ်ချင်သား။





ရိုးသားစွာပြန်ရန်တွေ့တတ်တဲ့ယောက်ျားတစ်ယောက်ရဲ့အကျင့်ကို သူမလှပ်ခနဲတွေ့လိုက်ရသည်။ ဒါပေမယ့် သူ့မျက်နှာကိုတော့ တင်းမြဲတင်းထား ဖြစ်တယ်ပေါ့။

"ကိုယ်ပြောတာ ယဉ်ကျေးပါတယ် ... ကိုယ်တို့မြန်မာနိုင်ငံမှာ သန်မာထွားကျိုင်းတဲ့ မြန်မာအမျိုးသမီးအလှ မရှိသလောက် ရှားပါးနေပြီလေ"

"အဲဒါ ဘာဆိုင်လဲ"

"ဟား ... သိပ်ဆိုင်တာပေါ့။ ခုခေတ်မှာ ပိန်တာရိုး ရှည်လမျောတွေကြား မင်းက အလှထွားတော့ စိတ်ချရတာပေါ့"

"ရှင် ဘာပြောတာလဲ"

"ကျန်းမာရေးအတွက် ပြောတာ"

"ရှင်နော် ...ကြည့်ပြော"

"မကြည့်ရဲရဲ ကြည့်ရဲရဲ ကြည့်ထားမိတာကတော့ ... အင်း ...၃၅ - ၂၅ - ၃၉ လောက် ရှိလိမ့်မယ်"

"သေလိုက်ပါလား ...ရုပ်ကိုက ပြောင်ချော်ချော်နဲ့"

"ပြောင်တာက သေချာတယ်၊ ဒါပေမဲ့ မချော်ပါဘူး၊ မင်း ဆီတည့်တည့်လာနေတာ"

"သေချင်းဆိုး ..."

သူမစိတ်ထဲမှ မေတ္တာပို့လိုက်ခြင်းဖြစ်သည်။ ဘယ်လို ထုထုနာမယ့် ငါးဖယ်တော့ မဟုတ်ဘူး။ "ရှောင်ရင်ထိတယ်" ဆိုတဲ့ ဆရာဦးဆွေမင်း(နေဖြူ) ရဲ့ဇာတ်လိုက် ဦးတွက်ပီလိုပဲ။ သူမ မှာလည်း ရှောင်လေနီးလေ ဖြစ်နေတဲ့ သင်းကို ချီးပစ်လိုက်ချင် တော့သည်။ အဲ ...ဘယ်နေရာကို ချီးသင့်သလဲစဉ်းစားရဦးမည်။

"မျက်နှာလေးက အရမ်းတင်းနေတယ်၊ နည်းနည်းဖြစ် ဖြစ် ပြုံးလိုက်ပါလား။ အကြောတွေပြေလျော့သွားရင် မင်းမျက် နှာလေးက လမင်းလေးဖြစ်သွားလိမ့်မယ်"

ဘေးလွယ်အိတ်ထဲ တစ်စုံတစ်ခုကို ရှာချင်ယောင် ဆောင်ပြီး သူမမြင်အောင် တစ်ဖက်လှည့်ကာပြုံးဖြစ်သွားသည်။ တတ်လည်း တတ်နိုင်တဲ့လူ . . .။ ဒါပေမဲ့ သူမ မျက်နှာကို ချက်ချင်းပြန်တည်ဖြစ်လိုက်သည်။





*သန်မာထွားကျိုင်းလို့ × × × လှပုံလယ် × × × လျှောက်သွားမယ် × × × လွန်တင့်တယ် × × × ချစ်ဖို့အလွန် ကောင်းတယ် × × ×*

"ရှင့်ပါးစပ်နဲ့ ဒီသီချင်းမတန်ပါဘူး ..."

"တန်ပါတယ်ကွာ ...ကိုယ်ဟာမင်းအတွက် အတန်ဆုံး လူသားပါ။ ကြည့်ပါလား . . . မင်းထက်ကိုယ်က နည်းနည်းပိုရှည် သေးတယ် ...အရပ်လေ ...အရပ်"

"ခစ် ..."

"ဟ . . . ကလေးသွားပေါက်ပြီ၊ ဟိ ...ပျော်လိုက်တာ"

သူမ မအောင့်နိုင်တော့ . . .ထွက်ကျသွားသည်။ (ရယ် သံ) ပျာယာခတ်သလိုနဲ့ တွန့်လိမ်နေတဲ့ သူ့ပုံစံက ကြာလာတော့ ငိုအားထက် ရယ်အားသန်ဆိုသလို စိတ်ဆိုးတာပျောက်လို့ ရယ် ရွှင်ဖွယ် ဖြစ်လာခဲ့သည်လေ၊

*ကိုယ်ပြောတဲ့စကားများ × × × နားကြားများလွဲသလား × × × ရယ်သံက ကလေးဆန်နေပြီ × × ×*

"ရှင်တော့ နာတော့မယ်"

"ချစ်ရင်ထူးလေ"

"လူကို ဘာစကားပြောတာလဲ . . ."

"ချစ်ရင်ထူးပါဆို"

"ရှင်နော် . . .ကျွန်မဒေါသထွက်လာရင် မလွယ်ဘူး"

"ဟုတ်တယ်ကွ . . .ကိုယ့်သူငယ်ချင်းတစ်ယောက်ရှိတယ် . . .သူဒေါသထွက်ရင် အောက်အရပ်က လေပါပါတယ်"

"မသာကောင် . . .ညစ်ပတ်ကောင်"

စိတ်ထဲမှ ပြောရင်း သူမအပြေးကလေး ထွက်ခဲ့လိုက်သည်။ နံနက်စောစော ညင်းသွဲ့သွဲ့တိုက်ခိုက်လာတဲ့ လေနုအေးက လူကို လန်းဆန်းစေသဖို့ သူမ တဝကြီး ရှူသွင်းလိုက်မိသည်။ ချောက်မိုင်ခွဲကနေ လမ်းလျှောက်လာလိုက်တာ . . . အမြဲ[illegible]ချောင်းမြောင်းနေတဲ့ ကိုရွှေဖြိုးအတွက် အဆင်ပြေသ[illegible]းသလောက် သူမအဖို့က စိတ်ရှုပ်ထွေးရလေသည်။ သို့သော် အရင်လောက် ပြင်းပြင်းထန်ထန် သူမ မလှုပ်ဖြစ်တော့။ ကန်ပေါင်ပေါ်ရောက်တော့ လွတ်နေတဲ့ ခုံတန်းလေးမှာ ဝင်ထိုင်လိုက်သည်။





"ရော့ . . .အဆာပြေစားဖို့"

"ဟင် . . .ကြက်ဥပေါင်မုန့်ကြော်"

"ဟုတ်တယ် . . .မင်းကြိုက်မုန်းသိလို့ ကိုယ်တိုင်ကြော်လာတာ"

မယုံကြည်နိုင်စရာပဲ လက်ထဲရောက်လာတဲ့ ကြက်ဥပေါင်မုန့်ကြော်က နွေးနွေးလေးရှိသေးသည်။ ခပ်ငေးငေးလေးဖြစ်နေတဲ့ သူမကို နောက်တစ်မျိုးထိုးပေးလာပြန်သည်။

"ရော့ . . .စားပြီးရင် သောက်ဖို့ရေ"

အိုအေစစ်ရေသန့်ဘူး အသေးစားလေး . . .ပါကင်ဖိတ်လျက်ဖြစ်သည်။ သူ့မျက်နှာမော့ကြည့်လိုက်တော့ ပြုံးရွှင်ရွှင်လေးပင်။

"ကိုယ် သွားလိုက်ပါဦးမယ်"

တားချိန်ပင်မရလိုက်။ ချာခနဲ လှည့်ထွက်သွားတဲ့ သူ့ကျောပြင်ကို ကြည့်မိရင် သူမ နှုတ်ခမ်းမဲ့လိုက်သည်။

"ဟွန်း . . . ဘာစတိုင်လဲမသိဘူး . . .ကြောင်တောင်တောင်နဲ့"

သူမဘာသာ တိုးဖွဖွလေးပြောရင်း လက်ထဲက ကော်ဘူးဝိုင်းဝိုင်းလေးကို ဖွင့်လိုက်သည်။ မွှေးပျံ့တဲ့ ကြက်ဥပေါင်မုန့်ကြော်နံ့လေးက သူမကို မျက်စပစ်ပြနေသယောင်။ အားလုံး ပေါင်မုန့်နှစ်ချပ်။ ကြက်ဥတစ်လုံးကို ပေါင်မုန့်တစ်ချပ်စီဖြင့် ကြော်ထားသည်။ သူမ အကြိုက်ပင်။ ဘာမှ စဉ်းစားမနေတော့ ဦးစွာ ပေါင်မုန့်တစ်ချပ်ကို ယူစားလိုက်သည်။

"အမယ် ... ကြက်ဥပေါ်က ဆားလေး သုံးလေးပွင့်ဖြူးထားတော့ စားရတာ ဆိမ့်နေတာပါပဲ၊ မောင်မင်းကြီးသား စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပါစေ"

စားရင်း ပြောရင်းနဲ့ ကြက်ဥပေါင်မုန့်ကြော်တစ်ချပ် အသာလေးကုန်သွားခဲ့သည်။ ဘေးဘီကိုကြည့်မိတော့ ...တော်ပါသေးရဲ့ ... လမ်းလျှောက်လေညင်းခံနေကြတဲ့ လူတစ်ချို့က ကိုယ့်အာရုံနဲ့ကိုယ် ရှိနေကြလို့၊ သူမ ကျန်နေသေးတဲ့ ကြက်ဥပေါင်မုန့်ကြော်တစ်ချပ်ကို ဆက်စားဖို့ ကောက်ယူလိုက်သည်။

"ဟင် ...မြတ်စွာဘုရားရေ"





ပေါင်မုန့်အောက်မှာရှိနေတဲ့ အရာကိုလည်း မြင်ရော သူမ မျက်ဝန်းလေးပြူးပြီး အံ့ဩသွားခဲ့ရသည်။

ပလပ်စတစ်အိတ်လေးနဲ့ ထည့်ထားတဲ့ စာခေါက်လေး တစ်ခု။ သူမ အနီစာခေါက်လေးကို ထုတ်ယူလိုက်ပြီး ကြက်ဥပေါင်းမုန့်ကြော်ကို ပြန်ထည့်လိုက်သည်။

လွယ်အိတ်အတွင်းက တစ်ရှူးကိုယူ၍ လက်ကို သုတ်လိုက်ပြီး ပလပ်စတစ်အိတ်လေးကိုဖွင့်ကာ စာခေါက်လေးကို ဆွဲထုတ်လိုက်သည်။

"အစားပုတ်တဲ့ ကောင်မလေး ...
ကိုယ်မင်းကို အရမ်းနှစ်သက်တယ်။
မင်းရင်ခွင်ကို ဦးချင်တဲ့။
"ချစ်ရင်ထူး"

♥ ♥ ♥

## အခန်း (၄)

"အဟား ...ဟား...ဟား..."

"အို ...နင်တို့ကလည်း တိုးတိုးသက်သာ ရယ်စမ်းပါဟ"

"အမယ်လေးဖူးရယ် ...ရယ်တာတောင်မှ တိုးတိုးသက်သာတဲ့လား...အဟင်း ..."

"ဟုတ်တယ် ...ဒါကြောင့် ပေါင်မုန့်ကျွေးပြီး ရည်းစားစကားအပြောခံရတာ ...အပေး"





"အေးလေဟာ ...ကြဲကြဲဖန်ဖန် အကြံပွားတဲ့ လူညို့ထွားကို မင်းအားနာနာနဲ့ ပြန်ချစ်သင့်ပြီနော် ...ဖူး"

"တော်စမ်းပါကွာ ... ကုံကော်မြေမှာ ပညာရည်နို့သောက်သုံးပြီးပဲ မင်္ဂလာရှိစေချင်တယ်၊ အချစ်ရှာပြီး မျက်ရည်တွေနဲ့ ကျေးဇူးမကန်းချင်ဘူး"

"အား...ပါး...ပါး...လိမ္မာလိုက်တဲ့သမီး...သစ်ပုပ်ပင်ကြီးသာ လမ်းလျှောက်တတ်ရင် မိဖူးရေ ...နင့်ကိုလေ ပြေးပြီးလာကန်လိမ့်မယ် ...သိလား"

"ဘာဖြစ်လို့လဲ သဖင်ရဲ့ ...ပြောပါဦး"

"နင်တို့ပဲ စဉ်းစားကြည့်လေ ...ဟိုး ...နှစ်ပေါင်းများစွာကတည်းက လာသမျှ တက္ကသိုလ်ကျောင်းသူ ချစ်သူစုံတွဲတွေဟာ ...သစ်ပုတ်ပင်အောက်မှာ မနားခိုဖူးတဲ့သူ ရှိနိုင်ပါ့မလား"

"အေး ...ဒါတော့ ဟုတ်တယ် ...ငါတောင် တစ်နေ့ကခက်ပန်းနဲ့ နှစ်ယောက် သစ်ပုတ်ပင်အောက် ရောက်ခဲ့သေးတယ်"

"ဘာသွားလုပ်တာလဲရှုး"

"ဓာတ်ပုံသွားရိုက်တာလေ...အဟဲ"

"သိပါဘူး...အတွဲသွားချောင်းတာများ ဖြစ်နေမလားလို့"

"ခစ်...ခစ်...ခစ်"

သက်သက်မိုးရွှေစကားကြောင့် သဇင်မြင့်မြတ်နှင့် မြမြရှုးက ရယ်မောလိုက်ကြသော်လည်း သူမလိုက်မရယ်ဖြစ်ပါ။ တစ်စုံတစ်ခုကို သူမစဉ်းစားနေမိသည်။ ထိုတစ်စုံတစ်ခုသည်ကား...

"ဒီလူ ငါကြက်ဥပေါင်မုန့်ကြော် ကြိုက်တတ်မှန်း ဘယ်လိုများ သိပါလိမ့်"...ဟုသာတည်း။

"ဟိတ်...ဖူး"

"ဟင်..."

"ဘာစဉ်းစားနေတာလဲ"

"ခြော်...ဘာမှ မစဉ်းစားပါဘူး သဇင်ရဲ့ ကဲ...စောတုန်းက နင့်စကားကို ဆက်ပါဦး"





"ဟုတ်ပ...မိစ္ဆာဝင်ရှုပ်တာနဲ့ ငါ့စကားပြတ်သွားတယ်။ အဲဒီသစ်ပုတ်ပင်အောက် ရောက်သမျှစုံတွဲတွေဟာ ရယ်ရွှင်သူရော၊ ကြေကွဲငိုကြွေးသူရော ရှိနေမှာဖြစ်သလို တံတွေး၊ နှပ်၊ မျက်ရည်တွေနဲ့လည်း သစ်ပုတ်ပင်ကိုယ်ထည်နဲ့ အပင်ရင်းမှာ ပြည့်နှက်နေပြီးသားဖြစ်တယ်"

"ဒါတင်မကသေးဘူး သဇင်ရဲ့...အဲဒီသစ်ပုပ်ပင်ရဲ့ အသားကို ဓားနဲ့ထွင်းပြီး ခပ်ကဲကဲကောင်လေးတွေက သူတို့ရင်ထဲက စကားလုံးတွေနဲ့ သက်သေထူထားလိုက်သေးတယ်လေ"

"နေကြစမ်းပါဦး...နင်တို့ပြောနေတာနဲ့ သစ်ပုပ်ပင်က ငါ့ကို ပြေးကန်မှာနဲ့ ဘာဆိုင်လို့လဲဟ"

စိတ်မရှည်ဟန်နဲ့ ဖြတ်မေးလိုက်တဲ့ သူမကို သဇင်မြင့်မြတ်က ပြုံးဟဟလေးလုပ်၍ ပခုံးလေးနှစ်ဖက်ကို ဟန်ပါပါတွန့်ကာ ဆက်ပြောလိုက်သည်။

"ဒီလိုလေဟာ...နင်က တက္ကသိုလ်မြေပေါ် မျက်ရည်တွေ သွန်မကျခဲ့စေချင်သူမို့ ရှားရှားပါးပါး ကျေးဇူးရှင်လေးဆိုပြီး သစ်ပုပ်ပင်ကြီးက ဂုဏ်ပြုတဲ့အနေနဲ့ ပြေးကန်လိမ့်မယ်လို့ ပြောတာ...သိပြီလား"

"အဟင်း...ဟင်း ...ဟင်း ...ကြဲ့ကြဲ့ဖန်ဖန်ကွာ"

"ဒါဖြင့်လည်း ဖွားရယ် ...ပျက်ချင်မှုးကို ပြန်ချစ်လိုက်ပါလားဟာ"

"အယ် ...ဘာဆိုင်လဲ"

"ဆိုင်တယ်ဖွား"

"ဟင် ...ဘာဆိုင်လဲဟ"

"သူ့ခမျာနင့်ကို စွဲလမ်းလွန်းလို့ နင့်ပုံတူတောင် သူ့ရုပ်တင် ဘေးက နံရံမှာ ကပ်ထားတာတဲ့"

"ဘာ ...ငါ့...ငါ့ပုံတူ ...ဟုတ်လားမိုးရွှေ၊ သူ ...သူ့မှာ ဘယ်ကရတာလဲ"

"သူကိုယ်တိုင် ဆွဲတာ"

"မြတ်စွာဘုရား"

"ဟုတ်တယ်ဖွား၊ ဓာတ်ပုံကူးဆွဲတာမဟုတ်ဘူး ...သူ့နှလုံးသားကင်မရာက ထွက်လာတဲ့ပုံကို သူကိုယ်တိုင် စိတ်ကြိုက် ဆွဲထားတာ အံ့ဩစရာပဲလို့ စိုင်းကျော်တို့ ကိုယ်တိုင်ပြောလို့ ငါတို့သိရတာ"





သူမရှေ့က သူငယ်ချင်းသုံးယောက်ကို တစ်ခါမှ မမြင်ဖူးတဲ့ပုံစံနဲ့ ကြည့်နေမိသည်အထိ သူမအံ့ဩတုန်လှုပ်နေမိလေသည်။ သူ့လိုလူတစ်ယောက်က ဒီလောက်ထိစွမ်းတယ်ဆိုရင်တော့ . . . နောက်ဆုံးနှစ် ဖိုင်နယ်မှာ သူ့ကိုအလဲထိုးသတ်နိုင်ဖို့ သူမနှလုံးသားတို့သည် မာသထက်မာနိုင်အောင် ကြိုးစားရတော့မည်ကို သူမကိုယ်သူမ သဘောပေါက်လိုက်သည်။

*အသက်ရှင်ဖို့ × × × ရေတစ်ခွက်လိုအပ်ပါတယ် × × × နှလုံးသားရှင်သန်ဖို့ × × × မင်းရဲ့အချစ်လည်းလိုပါတယ် × × ×*

ငြိမ့်ငြိမ့်ညောင်းညောင်းထွက်လာတဲ့ စံလင်းရဲ့သီချင်းသံ ကြောင့် သူမရဲ့ကိုယ်လေး မတ်ခနဲ ဖြစ်သွားရသည်။ ဒါသူဆိုနေကျ သီချင်းပင်။

*ဟန်တစ်ခါပြင် × × × ရွှေစင်ဆယ်တင်း × × × အစိုးထိုက်တဲ့သူ × × × မျက်လုံးစိမ်းနဲ့ × × × တို့ကိုမကြည့်နဲ့ × × ×*

သူမမျက်လုံးနှစ်လုံးကို ပွတ်သပ်ပြီး စာကြည့်စားပွဲမှ ထလိုက်သည်။ သဇင်မြင့်မြတ်တို့ အခန်းက ပြန်လာပြီးနောက် စာကြည့်စားပွဲမှ မှောက်လျက် အိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။

သူ့သီချင်းသံကြားမှ နိုးလာခြင်းဖြစ်သည်။

*နေပူခြင်းမှ ကင်းဝေးဖို့ ××× ထီးကလေး တစ်လက် လိုအပ်ပါတယ် ××× နှလုံးသားလေး မပူအောင်လို့ ××× မင်းရဲ့ အရိပ် ××× တို့ခိုချင်တယ် ×××*

ပြူတင်းပေါက်လိုက်ကာစကို အသာဖယ်ပြီးကြည့်လိုက်တော့ ခြံရှေ့မှာ သူတို့အဖွဲ့ကို လရောင်ကြောင့် ထင်ရှားစွာ မြင်ခွင့်ရလေသည်။ ဂစ်တာတီးရင်း သူမရဲ့အခန်းရှိရာသို့ လှမ်းမျှော်ကြည့်၍ သီချင်းဆိုနေတဲ့သူ့ကို စူးခနဲတစ်ချက်ကြည့်ပြီး သူမ လိုက်ကာစကို ပြန်ပိတ်ပစ်လိုက်သည်။

*မြေတစ်လှမ်း ××× ကာငွေ့တစ်သန်း အစိုးထိုက်တဲ့ သူ ××× နှုတ်ခမ်းရဲရဲမှဲ့ကာမပြုံနဲ့ ×××*

သီချင်းဆိုနေတော့လည်း တည်တည်ငြိမ်ငြိမ်လေးနဲ့ပဲ။ ကျန်တဲ့ အချိန်တွေမှာ ဘာကြောင့်များ ပုံပန်းမကျဖြစ်နေရတာလဲဟု.....စဉ်းစားမိရင်း သူမခုတင်ပေါ်လှဲအိပ်ချပြီး ဖက်လုံးကိုဖက်ထားလိုက်သည်။





*နေ့နေ့ညညဆက်လို့ ××× မောပန်းလွန်းလှပြီ ××× နှလုံးသားလေးနားခိုဖို့ ××× မင်းအသည်းထောင့်တစ်ထောင့် ××× လိုချင်တယ် ××× ရင်ခုန်သံလားငိုသံလား ××× မခွဲတတ်တော့ပါ ××× တစ်ဖြည်းဖြည်းဝေးဖို့ ××× ဝေးဝေး မပြေးနဲ့*

"ချောက်"

ခေါင်းရင်းက မီးခလုတ်ကို လှမ်းပိတ်လိုက်သည်။ နောက်တစ်ကျော့ဝင်လာတဲ့သီချင်းသံကို သူမ မကြားလိုတော့။ ခေါင်းအုံး နှစ်လုံးနဲ့ နားနှစ်ဖက်ကို ဖိကပ်ထားလိုက်သည်။

"ဟေ့ကောင် ကိုထူး... ဆက်ဆိုလေကွာ"

"တော်ပြီလေ ...ငါ့ကျောက်ကပ်လေး အိပ်သွားပြီး မနှောင့်ယှက်တော့ဘူး"

"ကြီးကျယ်လို့ကွာ ... သူ့အခန်းမီးပိတ်ပြီး သဇင်တို့အခန်းသွားနေမှာပေါ့၊ ဟိုမှာတွေ့လား ... သဇင်တို့အခန်းပြတင်းမှာ စုရပ်ပြီး ငါတို့ကို လက်ပြနေတာ"

"အဲဒါမင်းတို့ရဲ့ မဒီလေးတွေပါကွာ . . . ငါ့ကျောက်ကပ်လေးက ဒီလိုကလေးကလား အလုပ်တွေ မလုပ်ပါဘူး"

"သေလိုက်ပါလားကွာ"

"အဟား...ဟား...ဟား"

သူငယ်ချင်းတွေနဲ့ရောပြီး လိုက်ရယ်နေမိပေမယ့် သူ စိတ်မပါခဲ့။ သူမ သူ့အပေါ် အမုန်းပွားသွားလောက်အောင် သူ ဘာမှ မလုပ်မိခဲ့။ ဒါဆို သူမဘာကြောင့် အခန်းမီးပိတ်လိုက်သနည်း။ စိုးလွင်လွင်ရဲ့ ချစ်လှူမိုက်ကို ဟဲနေတဲ့ သာလှကို နောက်ဘက်ကနေ လေထိုးပေးနေတဲ့ ဟန်အမူအယာတွေနဲ့ နောက်ပြောင်နေကြတဲ့မောင်မောင်နဲ့ စိုင်းကျော်တို့ကို ကြည့်ပြီးလည်း သူမရယ်ဖြစ်တော့။ ညီညီအောင်က ဂစ်တာတီးရင်းသူ့ကို လှမ်းကြည့်နေတာလည်း သူသတိမထားမိခဲ့။

ထိန်ထိန်သာနေတဲ့ ဖိုးလမင်းကြီးကို မော့ကြည့်တော့လည်း သူမမျက်နှာသာ ဖြစ်လို့နေတော့သည်။

♥ ♥ ♥



## အခန်း (၇)

"ရှင်မော်ဖူးရေ ...ဖုန်း"

"ဟိုက် ...မိုးမလင်းသေးဘူး၊ ငါမဲပေါက်ပြီ"

အဆောင်မှူး အန်တီတင်လှအသံကြောင့် သူမ ခုတင်ပေါ်မှ လူးလိုမ့်ထလိုက်ပြီး တံခါးဖွင့်ကာ ပါလာထဲသို့ ပြေးထွက်ခဲ့သည်။

"ဟဲ...လို ..."ရှင်မော်ဖူး" စကားပြောနေပါတယ်"

"ဟုတ်ကဲ့ ...နာခံလျက်ပါ"

တစ်ဖက်က ပြန်ပြောလာတဲ့ စကားသံကြောင့် စောစောစီးစီး သူမဒေါသ ထွက်ချင်ချင်ဖြစ်သွားရသည်။ ဘယ့်နယ့်အစမရှိအဆုံးမရှိနဲ့ ဘယ်လိုဖုန်းသရဲပါလိမ့်။

"ရှင် ...ဘယ်သူလဲ ...ဘာစကားပြောတာလဲ"

"ဩော် ...အဟွန့် ...ရှင်မော်ဖူးဆိုလို့ နာခံလျက်ပါလို့ ပြန်ပြောတာလေ ...ဘာဖြစ်လို့လဲ"

ကျွန်မနာမည် ရှင်မော်ဖူးလို့ပြောတာ ... ရှင် ဘာကြောင်တာလဲ"

"အင်း ...ဦးဘရှင် - ဒေါ်မော်မော်ခိုင်တို့ရဲ့သမီးဆိုတာလည်းကိုယ်သိပါတယ် မော်ဖူးရယ်"

လေသံအေးအေးနဲ့ ပြောလိုက်တဲ့ တစ်ဖက်က စကားသံကို နားထောင်ရင်း သူမအံ့သြသွားမိသည်။ အာရုံက သူ့ဆီ ချက်ချင်းရောက် သွားခဲ့သည်။

"ရှင် ...ချစ်ရင်ထူး"

"ဗျာ ...ဗျာ ...ဗျာ"





"ရှင် ...ဘယ်လိုဖြစ်နေတာလဲ"

"မင်းပဲ ချစ်ရင်ထူးဆိုလို့ ကိုယ်ထူးတာလေ"

"သိပ်မကြောင်နဲ့ ...ရှင်နာမည်က ချစ်ရင်ထူးမဟုတ်လို့ အောင်နက်လား"

"ဪ ...အာ ...ဘယ်ကလာ ...ချစ်ရင်ထူးပါနော် ... ရှင်မော်"

"ဘာလဲ"

"အား ...ဝမ်းသာလိုက်တာ ကိုယ့်ကို တကယ်ချစ်တာပေါ့နော်"

"ဝေးသေး"

"ဟင် ...စောတုန်းကတော့ "ဘာလဲ" လို့ ထူးပြီးတော့"

"အဲဒါ ...ရှင်နာမည်ကို ရှင်ပြောတာလေ ငအူရဲ့"

"ကိုယ်မအူရသေးပါဘူး ရှင်မော်ရယ် ...အခုမှ လူပျိုလှည့်တုန်းရှိသေးတယ်"

"သွား ... စောစောစီးစီး ဘာတွေပြောနေမှန်းမသိဘူး"

ပြောပြီးတာနဲ့ ဦးစွာဖုန်းကို ချပစ်လိုက်သည်။ ကြာရင် သူမ အသံထွက်ရယ်မိလိမ့်မယ်။ ဘယ်လိုပဲပြောပြော နာရကောင်းမှန်း မသိတဲ့ သူ့အပြုအမူတွေက ခင်မင်ဖို့တော့ ကောင်းသည်။ "ဖုန်းထဲ မှာကျတော့ သူ့အသံက တည်ငြိမ်အေးချမ်းသားပဲ" ဟု မှတ်ချက်ချမိသေး၏။

သူမ ဖုန်းချသွားမှန်းသိတော့ သူလည်းပြုံးလျက် ဖုန်းကိုသာသာလေး ဖုန်းပုခက်ပေါ်ပြန်ချလိုက်သည်။ ဒီအတိုင်းဆို ညက တွေးထင်ထားသလို သူမဘက်က သူ့အပေါ်ဆိုးဆိုးရွားရွား မဖြစ်သေးပါ။ ဖုန်းထဲက သူမရဲ့အသံသည် သူ့အပေါ် မလိုတမာပြုစုဟန်မရှိ သည်ကို သူခန့်မှန်းလို့ရ၏။

ဘာဖြစ်ဖြစ် ... သူ၏ အချစ်ကို ရဖို့ သူကတော့ ဆက်လက်ကြိုးစားနေဦးမည်ဖြစ်၏။ ကြွပ်ဆတ်ဆတ် မာတင်းတင်း သူမရဲ့ဟန်ပန်ကိုက သူ့အတွက် ချစ်စရာကောင်းခဲ့သည်မှာ နောက်ဆုံးနှစ် ဗိုင်နယ်တောင်မှ ရောက်ခဲ့ပြီပဲလေ။

"ဟေ့ ...ကိုထူး ...ဖုန်းဆက်တာ ဘယ်လိုလဲ"





"အိုကေပါတယ်၊ ဒါပေမဲ့ ဆန်တင်ငင်ဖြစ်ရတာလဲကွ"

"ကြည့်ရတာ ဒီကောင် စိတ်ကူးနဲ့ ဗီးလ်တက်နေတုန်း ခြေသလုံး ခွေးလာဆွဲလားမှ မသိတာ"

"ခွီး ... ခွီး"

စိုင်းကျော်ရဲ့အမေးကို ကြားဝင်ပြောလိုက်တဲ့ သာလှ စကားကြောင့် ညီညီအောင်နဲ့ မောင်မောင်က ပါးစပ်ပိတ်ရယ်လိုက်ခြင်းဖြစ်သည်။

"မင်းတို့ ရယ်သံကလည်း ကြောင်နှစ်ကောင် အစာမာန်ဗီနေသလိုပဲ"

"ညောင် ... အီး ... စောစောစီးစီး ငါတို့မှာ ကြောင်ဘဝ ရောက်ကုန်ပြီ ကိုအောင်ရေ"

"ကောင်းတာပေါ့ကွ . . . ဒီနေ့ဝယ်လာသမျှ ငါးမုန့်ငါး အားလုံးကို တို့နှစ်ယောက်တည်း စားပစ်ကြရတာပေါ့"

တစ်ယောက်တစ်ပေါက်စီ ပြောရင်းနဲ့ ညီညီအောင်နဲ့ မောင်မောင်က ရေးဆွဲခြင်းနဲ့ ဆန်ထုပ်ကို အသီးသီးဆွဲကာ

အခန်းထဲ ဝင်သွားကြသည်။ စိုင်းကျော်နဲ့ သာလှက ရှေ့ခုံမှာဝင်ထိုင်ရင်း လက်ထဲမှာဆွဲထားတဲ့ ကောက်ညှင်းပေါင်းထုပ်လေးတွေကို စိုင်းကျော်က စားပွဲပေါ်ရှိ သတင်းစာတစ်စောင်ပေါ် လှမ်းတင်ထားလိုက်သည်။

"ငါ့ဘက်က လိုရင်းမရောက်သေးဘူးကွာ ... သူ့ဘက်က ဖုန်းချသွားတယ်"

"မင်း ပြန်မဆက်ဘူးလား"

"အင်း ... သူ့ခများ မျက်နှာတောင် သစ်ရသေးပုံမရဘူး"

"ဘာလဲ ...ဖုန်းထဲကနေ အနံ့ ရလိုလား"

"အေး ...ရတယ် ...ရှင်မတောင်သနပ်ခါးနံ့လေး"

"ယုံပါတယ်"

"ဘာလဲ"

"ဒီအချိန်မှာ ရှင်မော်ဖူးရဲ့ အီးအီးကို ရှူရလည်း မင်းက မွှေးနေမှာပဲ မဟုတ်လား"

"ဟေ့ကောင် ...သာလှ ... မညစ်ပတ်နဲ့ ...စားခါနီး သောက်ခါနီး"

"အဟား...ဟား ...ဟား"





သုံးယောက်သား ရယ်မောနေတုန်းမှာပဲ မောင်မောင်က ဖျော်ပြီးသား ကော်ဖီခွက်တွေထည့်ထားတဲ့ ဇလားဗန်းလေးကိုကိုင်ကာ ညီညီအောင်က ရေနွေးကြမ်းအိုးနဲ့ လက်သုပ်ပဝါလေးကို ကိုင်ပြီး ရောက်လာကြသည်။

"စားပွဲထိုးတွေကလည်း ကြာတယ်ကွာ ...ဒီမှာ ဗိုက်ကဆာလှပြီ"

"အောင်မာ ...အိမ်မှာနေခဲ့ပြီး ကြူနေတဲ့ကောင်ကများ အဆာလွန်ပြီး သေလည်း အေးတာပဲ"

"အေး ... မင်းကသာ ကြူတယ်လို့ပြောတာ မောင်မောင်ရ ...သူကငါ့ကို အူတယ်ဆိုပဲ"

"ဟင် ...ဒါဆို မင်းက ခွေးဖြစ်ပြီပေါ့"

"ဒါ ဘာဟုတ်သေးလဲ၊ နာမည်တောင်ပေးလိုက်သေး"

"ဟရေး...ဘယ်လိုတဲ့လဲ"

"အောင်နက်တဲ့"

"အဟား...ဟား ...ဟား"

"ခက်ပန်းလည်း နေနိုင်တယ် အကျိုးအကြောင်းလေး တောင် ငါတို့ဆီ ဖုန်းပြန်မဆက်ဘူး"

"အေးလေဟာ ...လာမှ ဆွဲကိုဆိတ်ပစ်ဦးမယ်"

"သူ့အဒေါ်နေမကောင်းသေးလို့ပဲ အလုပ်ရှုပ်နေလားမှမသိတာ၊ အင်း ...ခက်ပန်း ပုသိမ်သွားတာ လေးရက်တောင်ရှိပြီနော်"

အပြင်သွားဖို့ ပြင်ဆင်နေရင်းမှ တစ်ယောက်တစ်ပေါက်ပြောနေကြတဲ့ သူငယ်ချင်းသုံးယောက်ကို ငေးကြည့်ရင်း သူမ စိတ်မရှည် ချင်တော့။ ထိုင်နေရာမှ ထလိုက်သည်။

"ကဲ ...နင်တို့ပြီးရင် ထွက်ခဲ့ကြ၊ ငါပါလာထဲက စောင့်နေမယ်"





"နေစမ်းပါဦးဖူးရယ် ...အတူတူ ထွက်ကြတာပေါ့"

"တော်ပြီ ...နင်တို့ကိုကြည့်ရတာ မျက်စိလည်းရှုပ် ...နားလည်းပူလှပြီ"

"နင်ကလည်းဟာ ...မိန်းကလေးပဲ ...ဒါလောက်တော့ ပြင်ရမှာပေါ့ဖူးရယ်"

"ဟွဲ ...အခုငါတို့သွားမှာက ရွှေတိဂုံဘုရားသွားဖူးမှာလေ၊ နင်တို့...ကဲ ...မြန်မြန်လုပ်ကြ ...ငါ့အခန်းသွားပြီး ပဝါယူလိုက်ဦးမယ်"

"နေဦး မရော ...စကားမဖြတ်နဲ့ ခုနက နင်တို့ဆိုပြီး စကား လမ်းကြောင်းပြောင်းသွားတာဘာလဲ"

"အဟွန်း ...ကြားချင်တော့လည်း ပြောရတာပေါ့...နင်တို့ ပြင်ဆင်ထားတာက ဟိုဘက်ခြံကခွေး မျက်စိနောက်စရာလို့ ပြောတာ"

"မိဖူး...အစုပ်အလုတ်မ"

"အဟင်း ...ဟင်း ...ဟင်း"

သံပြိုင်ထွက်လာတဲ့ သူငယ်ချင်းသုံးယောက်ကိုကရော် ကရော် လုပ်ပြ၍ ရယ်မောလျက် သူမအခန်းဆီလျှောက် ထွက်ခဲ့သည်။

"သဇင် …နင်ပြောတာ သေချာတယ်နော်"

"သေချာပါတယ် မိဖူးရယ် … နင်တို့ ဈေးသွားနေတုန်း ငါ့ဆီ ဖုန်းလာတာ"

"ဒါဆိုလည်းပြီးရော … ပနိရောက်တော့ မီးစင်ကြည့်ကကြတာပေါ့"

"ဖူးကိုတော့ လုံးဝမရိပ်မိစေနဲ့နော်"

"စိတ်ချစမ်းပါ မိုးဇွေရယ် …နင်လည်း ဝိရိစေပေါ့"

"အေးပါ …ကဲသွားကြမယ်။ လေးနာရီထိုးတော့မယ်"

သူမတို့သုံးယောက် အခန်းထဲက ထွက်လာတော့ ရှင်မော်ဖူး အခန်းတံခါးသော့ခတ်နေတာ တွေ့လိုက်ရသည်။

"ဖူးရေ …သွားကြမယ်ဟေ့"

"ကြွ …ကြွ…ရှေ့ကနေ…ခွေးဆွဲမယ့်ရုပ်တွေ"

"မသာမ"

"ခစ် …ခစ် …ခစ်"

♥ ♥ ♥



## အခန်း (၆)

"ဟာ …ဟော့ကောင် ကိုထူး …အမြန်လုပ်တော့ …ဟိုမှာလာကုန်ပြီ"

"ဟေ"

သူ ဟေတစ်လုံးပဲ နှုတ်ကထွက်ပြီး ထိုင်ရမလို ထရမလိုနဲ့ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားခဲ့သည်။

"အာ … ဒီကောင် ဘယ်လိုဖြစ်နေတာလဲ …ဟိုမှာလာနေပြီလို့ ငါပြောနေတာ"

"ငါကြားပါတယ် သာလှရယ် …ဘယ်မှာလဲကွာ…ငါ့ မမြင်ရသေးတာ"

"ဟော့ကောင် ကျောင်းတောင်ကန်းမနေနဲ့ အမြန်သွားပြီး ဗုဒ္ဓဟူးထောင့်မှာ အမြန်သွားနေတော့"

"အေးလေကွာ …မင်းအူနေတာနဲ့ အလိမ်ပေါ်ကုန်လိမ့်မယ်၊ လာဟေ့ …ငါတို့ပုန်းကြမယ်"

ပြောပြောနဲ့ သာလှ၊ မောင်မောင်၊ စိုင်းကျော်တို့ သုံးယောက်သား သူ့အနီးက ပြေးထွက်သွားကြသဖြင့် သူလည်း ဗုဒ္ဓဟူးထောင့်ကို အသော့ကလေးသွားကာ ဘုရားရှိခိုးနေလိုက်သည်။

တအောင့်လောက်ကြာတော့ သူ့အနီး ကပ်လျှောက်လာတဲ့ ခြေသံကို ကြားရသည်။ သူ့ဘေးနားမှာ ထိုင်ချလိုက်ကာ သနပ်ခါးနံ့ သင်းသင်းကြောင့် ရင်ခုန်စွာနဲ့ လက်အုပ်ချီထားရင်းမှ သူ့မျက်လုံး တစ်ဖက်ကို သာသာလေးဖွင့်ကြည့်မိသည်။

"အီး …ဂန္ဓဝင်ဘွားဘွားကြီး"





သနပ်ခါးအဖွေးသားနဲ့ ခပ်ဝဝအဒေါ်ကြီးကိုလည်း မြင်ရော မျက်နှာကြီးရှုံ့မဲ့သွားပြီး စိတ်ထဲမှပြောလိုက်ခြင်းဖြစ်သည်။ သူ့မျက်လုံးကိုပြန်မှိတ်၍ ဘုရားကိုအာရုံပြုလိုက်သည်။

"ကဲ …နင်တို့ သိပ်တော့ မကြာနဲ့နော် …ငါဒီမှာ ဘုရားရှိခိုးရင်း စောင့်နေမယ်"

"အေးပါ ဖူးရဲ့"

အနီးကပ်ကြားလိုက်ရတဲ့ သူမတို့ အသံကြောင့် သူ့နားရွက်နှစ်ဖက် ထောင်ခနဲ ဖြစ်သွားရသည်။ သူ့မျက်လုံးမဖွင့်ရဲသေး၊ ဆက်မှိတ်ထားသည်။

သဇင်မြင့်မြတ်က မြမြစုနဲ့ သက်သက်မိုးစွေကို မျက်စပစ်ပြကာ လှည့်ထွက်သွားကြသည်။

သူလက်အုပ်ချီထားတဲ့ကြားက မျက်လုံးကို ဖြည်းဖြည်းလေးဖွင့်ကြည့်တော့ အဆင်သင့်လိုက်လေခြင်း။ ဗုဒ္ဓဟူး ဂြိုဟ်တိုင်ရှိ ဘုရားကို ရေစင်သွန်းလောင်းနေတဲ့ သူမရဲ့ ငြိမ်းအေးတဲ့ အလှက ရင်ကိုအေးမြစေသည်လေ။ သနပ်ခါးရေကျဲပါးကွက်ပါးပါးလေးနဲ့ ဆံပင်ရှည်ရှည်ကြီးကို ကျစ်ဆံမြီး တစ်ချောင်း

တည်းကျစ်ကာ ရှေ့ချပြီး ချည်ထည်အပွင့်နုပ်နုပ်လေး အစိမ်းနုရောင်ကို လက်စက ရင်ဖုံးဝမ်းဆက်လေးနဲ့ မြစိမ်းရောင်မင်းသမီးလေးလို အလှကြီး လှနေတဲ့သူမရဲ့ဘေးတိုက်အလှကရှုမဝပါတကား။

"ဟိုက် ...လာပြီ"

မြတ်စွာဘုရားရှင်ကို ရေစင်သွန်းလောင်းပြီးလို့ လှည့်ထွက်လာတဲ့ သူမရဲ့ရှေ့အလှကို မငေးအားတော့ဘဲ ချက်ချင်းသူမျက်လုံးကို မှိတ်လိုက်ရသည်။ ဘေးဘီကို မကြည့်တတ်ဘဲခေါင်းငုံ့ပြီး လမ်းလျှောက်တတ်တဲ့ သူမ အကျင့်က သူ့ကို မမြင်တာ သေချာ၏။

ဘာဖြစ်ဖြစ် သူကျေနပ်စွာနဲ့ ဘုရားကို အသေအချာ နှလုံးသွင်း၍ ရှိခိုးနေလိုက်သည်။ သူ့ပတ်ဝန်းကျင်းမှာ သူမရှိနေပြီဆိုတဲ့အသိက သူ့စိတ်ကိုအလိုလို တည်ငြိမ်သွားစေလေသည်။



သူမဘုရားရှိခိုးပြီးလို့ နောက်လှည့်ကြည့်လိုက်တော့ သဇင်မြင့်မြတ်တို့က ရောက်နှင့်နေပြီဖြစ်သည်။

"ဟင် ...နင်တို့ မြန်လှချည်လား"

"ဒါပေါ့ ...ကိုယ့်သူငယ်ချင်းကို စိတ်မချတာနဲ့ ငါတို့နေ့နံထောင့်တွေမှာ ကပျာကယာရှိခိုးပြီး ပြန်လာခဲ့တာလေ"

"ပြီးတာပဲ"

"ပြတ်လှချည်လား"

"နေ့တိုင်း သွေးနေလားမှ မသိတာ"

"ဘာသွေးတာလဲ ဒိုးရွှေ"

"ဦးချိုလေ...ဦးချို"

"အဟင်း...ဟင်း...ဟင်း"

တစ်ယောက်တစ်ပေါက်နဲ့ သူမကို နောက်ပြောင်နေကြတဲ့ သူငယ်ချင်းတွေကို ဘာမှမပြောတော့ဘဲ ထိုင်နေရာမှ ညင်သာစွာ ကရုပ်လိုက်ပြီး ဘေးဘီကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ဘုရားမှာ လူတွေ အများကြီးပဲ နော်"

"ဘာလဲဖူး...လူတွေများလို့ မျက်စိနောက်နေပြီလား"

"မဟုတ်ပါဘူး မီစူးရယ်၊ လူစည်းကားသင့်တဲ့အရပ်မှာ စည်းကားနေတာ ကြည့်ပြီး ငါစိတ်ချမ်းသာလို့ပါဟာ"

"ဟိုက် "

"ဘာလဲသဇင်...ငါ့ကို လှောင်တာလား"

"ဟာ...ဘယ်...ဘယ်ကလာ...ဟိုမှာ...ဟိုအဖွဲ့"





"ဘယ်အဖွဲ့လဲဟ"

"အဲ...ကိုမောင်မောင်တို့ပေါ့...ငါတို့ကိုမြင်သွားပြီ"

သဇင်မြင့်မြတ် မျက်နှာအမူအရာကို လှည့်ကြည့်လိုက်တော့ သူတို့က အနားတောင်ရောက်လာပြီဖြစ်သည်။

"ကိုသာလှတို့ ဘုရားလာဖူးတာလား"

"ဟုတ်တယ်သဇင်...သဇင်တို့အဖွဲ့ကရော လိပ်ဥလာတူးတာလား"

"အဟင်း...တွေ့တာနဲ့ ပေါက်တတ်ကရတွေပြောတော့မယ်...ဒါနဲ့ သုံးယောက်တည်းလား"

"အင်း...ညီညီအောင်က သိပ်နေမကောင်းတာနဲ့ နေခဲ့တယ်"

သာလှက သူ့စကားကို ခေတ္တရပ်ပြီး သူမဆီအကြည့် ပို့လာသဖြင့် သူမ မသိချင်ယောင်ဆောင်ကာ တစ်ဖက်လှည့်နေလိုက်သည်။

"ဆက်ပြောလေ...ဟို ပျက်ချင်မူးကရော"

"ဟိုမှာလေ ... ဘုရားရှိခိုးနေတာ ... ကြာပေါ့ ကျွန်တော်တို့တောင် ရွှေတိဂုံဘုရားကိုပက်ပြီး သူစောင့်နေတာ နှစ်ခေါက်ရှိသွားပြီ"

"ဟင် ...ဒါဆို ...ပျက်ချင်မှုးက ဗုဒ္ဓဟူးသားပေါ့"

ပြောပြောနဲ့ မြမြစုးက နောက်လှည့်ကြည့်သဖြင့် ... သူမလည်း ယောင်တောင်ပေါင်တောင်နဲ့ လှည့်ကြည့်မိလေသည်။

"မြတ်စွာဘုရား ... စောစောက ငါသူ့ကို ဘာကြောင့် မမြင်မိတာပါလိမ့်"

စောတုန်းက သူမထိုင်ခဲ့တဲ့ နေရာနဲ့ မနီးမဝေးလောက်မှာသူ့ကို ဘုရားရှိခိုးနေတာ တွေ့လိုက်ရသည်ကို အံ့သြစွာနဲ့ သူမ စိတ်ထဲမှ ပြောမိလိုက်ခြင်းပင်။

"သူက ဗုဒ္ဓဟူးသားတော့ မဟုတ်ဘူးဗျ၊ အဲသူ့ရဲ့ကောင်မလေးက ဗုဒ္ဓဟူးသမီးမို့ ကုသိုလ်လုပ်ပေးတယ်ဆိုပဲ"

ကြားဝင်ပြောလိုက်တဲ့ စိုင်းကျော်စကားကြောင့် သူမရဲ့ မျက်နှာလေးနှစ်ဖက် မြင့်တက်သွားရသည်။ စိတ်ထဲမှလည်း





"ဒါတော့ မဖြစ်နိုင်ဘူး ... ငါဗုဒ္ဓဟူးသမီးဆိုတာ သူမ မသိတာဘဲ" ...ဟု တွေးနေမိသည်။

"ဟော ...ဟိုမှာ ဘုရားရှိခိုးလို့ပြီးသွားလို့ထင်ရဲ့ ... ထလာပြီ"

မောင်မောင့်စကားကြောင့် အကြည့်အားလုံး သူ့ဆီကို ရောက်သွားချိန် သူမက မြတ်ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်နေလိုက်သည်။

"ဟ ...လူစုံတက်စုံနဲ့ မင်းတို့က ချိန်းထားကြတာလား"

"ကိုထူးရာ ... မင်းဘုရားရှိခိုးတာကလည်း ကြာလိုက်တာကွာ"

"အေးလေ ... မင်းကောင်မလေးသာ ပါလာရင်စိတ်ရှည်မှာ မဟုတ်ဘူး"

"ရှည်ပါတယ် ...သူစောင့်နေသားပဲ"

"ဘာ"

"အဲ ... ဟို ... သူငယ်ချင်းတွေကို စောင့်နေသားပဲလို့ ပြောတာ ...အဟဲ"

သူက ဟန်ပါပါနဲ့ ရှင်မော်ဖူးဘက် လက်မလေးကို ညွှန်ပြီးအပြ ရှင်မော်ဖူးက လှည့်အကြည့်နဲ့တိုးပြီး စကားလွဲပြောနေရတဲ့ မလုံမလဲ ပုံစံသူဟန်ကြောင့် အားလုံးမျက်နှာပေါ်မှာ ပြုံးစိစိတွေ ဖြစ်သွားကြရလေသည်။

♥ ♥ ♥



## အခန်း (၇)

"ကလင် ...ကလင် ... ကလင်"

တယ်လီဖုန်းမြည်သံကြောင့် ညီညီအောင် ခုတင်ပေါ်မှ ကုန်းရုန်းထကာ ဧည့်ခန်းဆီလျှောက်ခဲ့ပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ဟဲ ...လို ...အ ...အခုဖုန်းပြောတာဘယ်သူလဲဟင်"

"မင်းက ဘယ်သူ့ဆီဆက်တာလဲ ဘယ်သူနဲ့စကားပြောချင်တာလဲ"

ဝမ်းကိုက်ပြီး အားယုတ်နေတဲ့ကြားက ညီညီအောင် ဒေါ်ခီးသွားရသည်။ ဖုန်းစဆက်သူက ကိုယ့်ကိုယ်ကို စမပြောဘဲ တစ်ဘက်ဖုန်းကိုင်သူကို ဘယ်သူလဲ မေးတာကြိုးမျိုး ညီညီအောင်လုံးဝမကြိုက်။ အနီးရှိရင်ထိုကဲ့သို့ သူမျိုးကို ဆွဲထိုးပစ်ချင်သည်။

"ဟဲလို"

"ဘာလဲ"

"မေးနေတာလေ"

"ဘာလဲ"

"ရှင် ဘယ်သူလဲ"

"မင်းယောက်ျားဟေ့...ကဲ...သိပြီလား"

"ဒေါက်"

ဗိုက်ထဲကလည်း ရစ်ပြီးနာလာပြီမို့ စိတ်ပေါက်ပေါက်နဲ့ ရှုတ်ပြောကာ ဖုန်းကိုချပစ်လိုက်သည်။

"ကလင်...ကလင်...ကလင်"





ဗိုက်ကိုနှိပ်ပြီး ရေအိမ်သွားမယ်ကြံကာရှိသေး ဖုန်းက မြည်လာပြန်သည်။

"တောက်... ဘယ်လိုဖုန်းသရဲမျိုးလဲ မသိဘူးကွာ"

ညီညီအောင် စိတ်ထဲမှ ပြောရင်း ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟေ့...မင်းဘယ်သူလဲ...ဘယ်လိုကြောင့် ဒီဖုန်းကို ဆက်နေရတာလဲကွ"

"ယောက်ျားရေ ...ခက်ပန်း ဆင်မလိုက်အဝေးပြေး ရောက်နေလို့ အမြန်လာကြိုပါ...အမြန်ဆုံးလာခဲ့နော်"

"မြတ်စွာဘုရား"

ညီညီအောင် ဘုရားတလိုက်မိသည်။ စောစောက ရှုံ့မဲ့နေတဲ့မျက်နှာ အံ့သြစိတ်ကြောင့် ပြူးပြဲရမလို ဖြုံးဖြီးရမလိုဖြစ်ကာ ဗိုက်ရစ်တာလည်း ပျောက်ချင်ချင်ဖြစ်သွားရသည်။

"ဟဲလို"

"ဟဲ...လို"

တစ်ဖက်က ဖုန်းချသွားလေပြီ။ ခက်ပန်း . . .။ ကျောက်ခက်ပန်း သူမအဒေါ်နေမကောင်းလို့ ပုသိမ်သွားတာတော့သိထားသည်။ အခု ပုသိမ်ကပြန်လာသည်ထင့်။ နို့သူဘာသာ အဆောင်ပြန်ပါလား။ ဘာကြောင့် ဒီလိုဖုန်းဆက်ပြောရသနည်း။

ညီညီအောင် ဘာမှ စဉ်းစားမနေတော့ နောင်ခါလာနောင်ခါရေးဆိုပြီး ဖုန်းခွက်ကိုချကာ အိမ်တံခါးသော့ခတ်၍ တက္ကစီငှားလို့အမြန်ဆုံးထွက်ခဲ့လိုက်သည်။

အဝေးပြေးထဲကို ကားချိုးဝင်လိုက်တာနဲ့ ကျောပိုးအိတ်အပြာရောင်လေးကိုလွယ်ပြီး အထုပ်လေးတစ်ထုပ်ကို ဆွဲလျက် အဝင်ဂိတ်တံခါးဆီ မျှော်ရပ်နေတဲ့ ကျောက်ခက်ပန်းကို တွေ့လိုက်ရသည်။ အဲ . . . သူမတစ်ယောက်တည်းတော့ မဟုတ်နံဘေးမှာ အမျိုးသား တစ်ယောက်ပါသည်။

"ကိုအောင် . . . ခက်ပန်းဒီမှာ"

ကားတံခါးဖွင့် ဆင်းလိုက်တာနဲ့ အသံနဲ့အတူ အနားရောက်လာတဲ့ ကျောက်ခက်ပန်းကို ကြည့်မိတော့ သူမက မျက်လုံးတစ်ဖက် မှိတ်ပြလာသည်။





"ကိုအောင်ကလည်း နောက်ကျလိုက်တာ . . . ခက်ပန်း ဗိုက်ဆာလှပြီ"

"ဒါဖြင့်လည်း ဒီထဲက ဆိုင်တစ်ဆိုင်မှာ တစ်ခုခု အရင်စားလိုက်လေ"

"အာ . . . အိမ်ရောက်မှ ကိုအောင်နဲ့အတူ စားမှာလေ၊ ယောက်ျားနဲ့ မျက်နှာချင်းဆိုင် မစားရတာ ကြာပြီပဲဟာ"

"အဟီး . . . ဟီး"

သူ့လက်ကလေးကို ကန္တဲ့ကလျကိုင်ပြီး မျက်နှာ မော့မော့လေးနဲ့ပြောလာတဲ့ သူမကိုကြည့်ပြီး ညီညီအောင် မခုန်စဖူးရင်တွေခုန်ကာ ရှက်သလို ပျော်သလို စိတ်ထဲဖြစ်ပေါ်ခံစားရင်းရယ်တာတောင်မှ ဖြည်းဟီးသံလို ဖြစ်နေရတော့သည်။

"သြော် . . . ကိုအောင်နဲ့ မိတ်ဆက်ပေးရဦးမယ် . . . သူက ကိုဝင်းနိုင်စိုးတဲ့ . . . အဒေါ့ယောက်ျားရဲ့တူလေ၊ ခက်ပန်းနဲ့ ကားအတူစီးလာတာ"

"သြော် . . . ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော်က ညီညီအောင်၊ ခက်ပန်းရဲ့ ခင်ပွန်းဆိုတော့ ကိုဝင်းနိုင်းစိုးနဲ့ အမျိုးပေါ့ဗျာ"

သူက ပြုံးချိုစွာပြောနေသလောက် တစ်ဖက်က မျက်နှာထားက မှုန်ကုပ်ပြီး ခက်ပန်းကိုသာ ကြည့်နေသည်မို့ ညီညီအောင် နည်းနည်း တင်းသွားခဲ့သည်။

"လာ ခက်ပန်း ...သွားကြမယ်"

ခက်ပန်းလက်မောင်းအိုးလေးကို ပိုင်ပိုင်နိုင်နိုင်ဆွဲကာ စောစောကတည်းက စောင့်နိုင်းထားတဲ့တက္ကစီပေါ် တက်စေလိုက်သည်။

"ကိုဝင်းနိုင်စိုး ...သွားမယ်နော်"

ကားထွက်ခါနီးမှာ ကျောက်ခက်ပန်းက နှုတ်ဆက်ပေမယ့် ဘာမှ မတုံ့ပြန်ဘဲ မတည်မပြုံးမျက်နှာထားနဲ့ ကြည့်ကျန်ခဲ့တဲ့ ဝင်းနိုင်စိုးဆိုတဲ့ လူသားတစ်ယောက်ရဲ့ရင်ထဲကို တစ်စုံတစ်ခု လှမ်းမြင်လိုက်ရသလို ညီညီအောင် ခံစားလိုက်ရပါသည်။ ဝင်းနိုင်စိုး ကလည်း သူတို့နောက်မှ ကားတစ်စီးဖြင့်လိုက်သွားခဲ့လေသည်။



"ကဲ ...ဗိုက်လည်းတင်းသွားပြီ၊ ငါးနာရီလည်းခွဲပြီ၊ အဆောင်ပြန်ကြမယ်"

မြေနီကုန်း တင်တင်အေးဒ်ပေါက်ဆိုင်က ထွက်လာတော့ မြမြစုးက ဦးစွာပြောလိုက်ခြင်းဖြစ်သည်။

"ခြောက်နာရီထိုးလို့ အဆောင်ပြန်မဝင်နိုင်ရင် ဘာဖြစ်နိုင်သလဲဟင်"

စိုင်းကျော်က အတည်မေးသလိုနဲ့ မြမြစုးကို မျက်လုံးတစ်ဖက်မှိတ်ပြကာ ချစ်ရင်ထူးနဲ့ ရှင်မော်ဖူးတို့ဘက် မေးငေါ့ပြလေသည်။ သဘောပေါက်သူတွေက ကြိတ်ပြုံးနေကြသည်။

"နောက်တစ်နေ့ကျရင် အထုပ်ပြင်ပြီး ပြန်ပေါ့"

"မစိုးရိမ်ပါနဲ့"

"ဘာကိုလဲ"

"ကိုယ်လာခေါ်မှာပေါ့"

"သေလိုက်ပါလား"

"ခစ်...ခစ်...ခစ်"

ချစ်ရင်ထူးနှင့် ရှင်မော်ဖူးတို့ကို ကြည့်ပြီး သူငယ်ချင်းတွေက ဝိုင်းရယ်ကြသည်။ သူကလည်း သူပင်...သူမ ဘာလုပ်မလဲ၊ ဘာပြောမလဲစောင့်ကြည့်ပြီးကို ဂရုစိုက်နေမိသည်။ သူ့အပေါ် ဘုဒေါက်ပြန်ပြောတတ်တဲ့ သူမရဲ့ အပြုအမူအကျင့်လေးကိုက သူ့အတွက် ချစ်စရာကောင်းနေခဲ့သည်။

"မော်ဖူး"

"ဘာလဲ"

"ထူးတာကြီးက"

"ဘာဖြစ်လဲ"





"ဪ...အရမ်းသင်းတယ်လို့ ပြောမလို့ပါ"

"ဘာနံ့လဲ"

"ကြက်ဥပုပ်နံ့"

"ညစ်ပတ်ကောင်"

"အဟား...ဟား...ဟား"

သူတို့နှစ်ယောက်ကြားမှာ တစ်ယောက်တစ်ပေါက်ပြောရင်းရယ်မောလိုက်တဲ့ သူငယ်ချင်းတွေကို ကြည့်ရင်းရုက်ပြုံးလေးခြွေလိုက်တဲ့ သူမဟန်က သူ့ရင်ကို တစ်သက်လုံးစွဲသွားစေတော့သည်။ ဘာဖြစ်ဖြစ် သူမနဲ့ ပတ်သက်ပြီး ပျော်မွေ့ကြည်နူးနေတဲ့နေ့တွေထဲမှာ ဒီနေ့လည်း အမှတ်တရ နေ့တစ်နေ့ပင်။

♥ ♥ ♥

## အခန်း (၈)

"အဟင့် ...ဟင့် ...ဟင့်"

"ဟိတ် ...မင်းကိုငါက ဘာလုပ်လို့ငိုနေတာလဲကွ"

"ဘာမှ မလုပ်ပေးလို့ ငိုတာပေါ့ရှင့် ..အင့် ...ဟင့်"

ကျောက်ခက်ပန်းစကားကြောင့် ညီညီအောင် ငိုက်ကို နှိပ်ထားရာမှ ခါးမတ်ခနဲဖြစ်ပြီး မျက်လုံးပြူးသွားရသည်။

"ဟင် ...ငါ ...ငါက ဘာလုပ်ပေးရမှာလဲ"





"ရှင် ...ရှင်က ဘာလုပ်ချင်လို့လဲ အနားလာရဲလာကြည့် ...အကြောင်းသိသွားမယ် ...ဟင်း"

ညီညီအောင် ထိုင်နေရာမှ ထမလိုဟန်ပြင်လိုက်သည်ကို ကြည့်ပြီး ကျောက်ခက်ပန်းက ထိတ်လန့်ဟန်ဖြင့် ခုတင်ပေါ်ကနေ ပျာယီးပျာယာ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"မင်းပဲ စောတုန်းကတော့ ငါဘာမှ မလုပ်ပေးလို့ ငိုတာပါဆို ...ခုတော့ မင်းက လူကိုများ အထင်သေးသလိုနဲ့"

ပြောပြီး မှုန်တည်တည်နဲ့ တစ်ဖက်လှည့်နေလိုက်တဲ့ ညီညီအောင်ကို ကြည့်ပြီး ကျောက်ခက်ပန်း အကြံအိုက်သွားသည်။ စကားပြောမှားသွားတာလည်း သူမဘာသာ သိလိုက်သည်။ သူ့ခမျာ သူမကြောင့် ခုလိုပင်ပန်းခဲ့ရသည် မဟုတ်ပါလား။

"ဒီမယ် ...ကျွန်မဗိုက်ဆာလှပြီရှင့်"

"ငါလည်း ဆာတာပဲ"

"ဒါဆိုကျွန်မတို့နှစ်ယောက်စားဖို့ တစ်ခုခုသွားဝယ်ပါလား"

"စောစောကတည်းက အဲလိုပြောရင်ပြီးရော"

"ရှင်က ရေအိမ်ချည်းပဲ ဝင်လိုက်ထွက်လိုက် လုပ်နေတာကိုး"

ညီညီအောင် ဘာမှပြန်ပြောမနေတော့ဘဲ လက်မှနာရီကို မြှောက်ကြည့်လိုက်သည်။ ညကိုးနာရီတောင်ရှိပြီပဲ။ ကိုယ်ကျွမ်းကျင်တဲ့ နယ်မြေလည်း မဟုတ်လေတော့ ဘယ်နေရာ ဘာရှိနေမှန်းကား သူမသိချေ။

"ရှင်ဘာစဉ်းစားနေတာလဲ ... သွားမှာဖြင့်သွားလေ"

"မင်းပါလိုက်ခဲ့"

"အာ ... အပြင်မထွက်ချင်ဘူး ... ဟိုတစ်ယောက်ကို မျက်နှာပူတယ်"

"နို့ ... မင်းတစ်ယောက်တည်းရှိတုန်း တံခါးလာခေါက်ရင် ဘယ်လိုလုပ်မလဲ"

"အဲ ... ဟုတ်သားပဲ"

"လာပါ ... နှစ်ယောက်အတူသွားတော့ ပိုပြီးဟိုဒင်း ... ပီပြင်တာပေါ့"





"သွား ... ဘာမှန်လည်း မသိဘူး"

ရှက်ရွံ့ဟန်နဲ့ လုပ်ပြောရင်း ခုတင်ပေါ်ကဆင်းလာတဲ့ ကျောက်စက်ပန်းကို ခပ်ငေးငေး တစ်ချက်ကြည့်ကာ ညီညီအောင် ထိုင်နေရာမှ ထလိုက်သည်။

"ဒေါက် ... ဒေါက်"

"ဘယ်သူလဲဟေ့"

"ကျွန်တော် ဒီကဝန်ထမ်းပါခင်ဗျာ . . .အစ်ကိုတို့ ဘာများလိုသေးလဲလို့ လာမေးတာပါ"

"ဩော် ... အေးကွာ ... အတော်ပဲ ... ခဏလေးနော် ညီလေး"

"ဟုတ်ကဲ့ပါခင်ဗျ"

အပြင်ဘက်မှ ကောင်းလေးအသံ တိတ်သွားတာနဲ့ ညီညီအောင်က ဘာမပြောညာမပြောနဲ့ လက်တစ်ကမ်းအကွာမှာ ရပ်နေတဲ့ ကျောက်စက်ပန်းရဲ့ လက်မောင်းသား ပြည့်ပြည့်လေးကို တစ်ချက်ဆွဲလိမ်လိုက်သည်။

"အား ... ရှင်ဘာလုပ်တာလဲ ... နာလိုက်တာ"

"ချစ်လို့ပေါ့...ချစ်လို့"

အခန်းတွင်းက သူတို့အသံကြောင့် အပြင်ကကောင်လေးမှာ မျက်ခုံးလေးမြင့်တက်သွားပြီး တံခါးရွက်ဆီကပ်၍ နားစွင့်နေလိုက်သည်။

ဘုမသိဘမသိစံလိုက်တဲ့ ကျောက်စက်ပန်းမှာစိတ်ဆိုးပြီး ရန်တွေ့မယ်အလုပ် ညီညီအောင်က သူ့နှုတ်ခမ်းရှေ့လက်ညှိုးလေးထောင်၍ မျက်လုံးတစ်ဖက် မှိတ်ပြလာသဖြင့် မျက်စောင်းတစ်ချက်ထိုးကာ မကျေမနပ်ငြိမ်နေလိုက်ရသည်။

"ကျွီ"

"ဟီး...အဲ ...အဟဲ"

ရုတ်တရက်အတွင်းမှ တံခါးဖွင့်လိုက်သဖြင့် တံခါးကို မှီပြီး နားစွင့်နေတဲ့ ကောင်းလေးမှာ ပြုလဲမလိုဖြစ်သွားပြီး အရှက်ပြေ မျက်နှာရှုံ့သွေးနေခြင်းဖြစ်သည်။ ညီညီအောင်မှာ မသိချင်ယောင်ဆောင်နေမိသော်လည်း စိတ်ထဲမှာဖြင့် ရယ်ချင်နေမိသည်။

"ညီလေး"





"ဗျာ"

"အစ်ကိုတို့ကို ထမင်းနဲ့ဟင်း ဝယ်ပေးလို့ဖြစ်မလား"

"အစ်ကိုတို့စားချင်တာပြောပါ ...ဒီတည်းခိုခန်းမှာပဲအစုံရနိုင်ပါတယ်ခင်ဗျာ"

"ခြော် ...ဟုတ်လား ...ဒါဖြင့်လည်း ထမင်းဖြူနှစ်ပွဲ၊ ကြက်သားဆီပြန်တစ်ပွဲ၊ ကန်းစွန်းရွက်ကြော် ပူပူလေးတစ်ပွဲ ရေနွေးပူပူလေးတစ်အိုး အမြန်လုပ်ပေးနော်"

"ဟုတ်ကဲ့အစ်ကို"

ဝန်ထမ်းကောင်လေး ထွက်သွားတော့ ညီညီအောင်တံခါးကို ပြန်ပိတ်ကာ ချက်ချလိုက်သည်။ ဗိုက်ကရစ်ပြီး နာလာပြန်သဖြင့် သူ့ရေအိမ်ရှိရာ တန်းဝင်ခဲ့ရသည်။ လူလည်း အားနည်းပြီး နုံးခွေနေပြီမို့ ရေချိုးဖို့ ဆုံးဖြတ်လိုက်သည်။ ကျောက်စက်ပန်းကတော့ ခုတင်ပေါ်မှာ ခွေခွေလေး ပြန်လှဲနေလေသည်။

"မော်ဖူးရေ ...ဖုန်း"

"ဟုတ်ကဲ့ ...လာပြီအန်တီရေ"

"လာပြန်ပြီ စောစောစီးစီး သူပဲနေမှာ . . . ရောဂါက ထထနိုင်လွန်းတယ်"

သူမစိတ်ထဲမှာ ပြောရင်းစည့်ခန်းဆီပြေးထွက်ခဲ့ သည်။

"ဟဲ ...လို"

"ဟဲလို ...အန်တီပါသမီးရဲ့"

"ရှင် ...အန် ...အန်တီ ဟုတ်လား"

ထင်ထားသလို မဟုတ်သဖြင့် သူမ အံ့ဩဘနန်းဖြစ်သွားရသည်။





"အေးလေ သမီးရဲ့ ...ခက်ပန်းရဲ့အဒေါ်လေကွယ်"

"ဩော် ...ဘွာတေးဘွာတေး အန်တီရေ၊ သမီး ရုတ်တရက် မမှတ်မိလို့ပါနော် ...အဟဲ"

"ဖြစ်တတ်ပါတယ်သမီးရယ်"

"ဒါနဲ့ အန်တီနေကောင်းသွားပြီလားဟင် ...ဟို... ခက်ပန်း"

"အဲဒါ အန်တီပြောမလို့ပေါ့၊ အန်တီက နေကောင်းသွားပါပြီ ...ခက်ပန်းကလည်း ကျောင်းကရှိသေးတော့ ပြန်နိုင်းလိုက်တယ်လေ"

"ဟုတ်တယ်အန်တီ ...သမီးတို့လည်း မျှော်နေကြတာ"

"အေး ...အခုတော့ ခရီးပန်းပြီး ပုန်းအောင်းအိပ်နေတယ် မဟုတ်လား၊ ဒါကြောင့် အန်တီက သမီးမော်ဖူးကိုပဲ ဖုန်းခေါ်လိုက်တာလေ"

"ရှင်"

သူမ အံ့ဩထိတ်လန့်သလို ခံစားရပြီး ဘာမှဆက်မမေးဖြစ်ဘဲ ဖုန်းကိုဆက်၍ နားမှာကပ်ထားလိုက်မိသည်။

"ဒီလိုသမီးရဲ့...သူ့ကိုလိုက်ပို့တဲ့ မောင်ဝင်းနိုင်စိုးကို သမီးတို့သိပါတယ်... အန်တီယောက်ျားရဲ့တူလေ၊ သူနဲ့ခက်ပန်းကို မကြာခင် စေ့စပ်ပေးတော့မှာလေ"

"သြော်...ဟုတ် ...ဟုတ်ကဲ့ပါအန်တီ"

"ဒါကြောင့် သမီးတို့တွေက ခက်ပန်းကို ဝိုင်းဝန်း ထိန်းပေးကြပါကွယ်၊ သမီးတို့အတွက် အန်တီ ပုသိမ်ဟာလဝါ အစိုရော၊ အခြောက် ပါ ထည့်ပေးလိုက်တယ်နော်"

"ဟုတ် ...ဟုတ်ကဲ့ပါအန်တီ"

"ဒါပဲနော်သမီး... ခက်ပန်းနိုးရင် အန်တီဖုန်းဆက်တာ ပြောလိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ပါအန်တီ"

ဘာတွေလဲ . . . ဘာတွေဖြစ်ကုန်ပြီလဲ၊ ခုချိန်ထိ ကျောက်ခက်ပန်းက သူမတို့ဆီ မရောက်လာသေး။ သူမ ဦးနှောက်ထဲကျပ်ခဲလာသဖြင့် သူငယ်ချင်းတွေနဲ့ တိုင်ပင်ရန် အခန်းဆီ လှည့်ဝင်မယ်အလုပ် ...

"သမီး မနေ့ညနေငါးနာရီလောက်က ခက်ပန်း ဖုန်းဆက်သေးတယ်ကွယ့်"





အန်တီတင်လှက အပေါ်ထပ်မှ ဆင်းလာရင်းပြောလိုက်ခြင်း ဖြစ်သည်။

"ဟင် ...ဟုတ်...ဟုတ်လားအန်တီ...သူဘယ်ကဆက်ဘာလို့ပြောသေးလားဟင် ..အန်တီ"

"အေး . . .သူ အဝေးပြေးရောက်နေလို့ လာကြိုစေချင်လို့ပါတဲ့၊ သမီးတို့မရှိကြဘူး အန်တီပြောတော့ ဒါဖြင့်လည်း သူဘာသာပဲ လာတော့မယ်ဆိုပြီး ဖုန်းချသွားတယ်ကွယ့်"

"အန်တီ"

"ဟော"

"ဒီကိစ္စ ဘယ်သူမှမသိပါစေနဲ့နော် ...ခက်ပန်း ဘာများဖြစ်လို့ပါလိမ့် အန်တီရယ်"

"အေးကွယ် ...အန်တီလည်း တရားပွဲက ပြန်လာတော့ ခက်ပန်းကိစ္စကို မေ့ပြီးမပြောမိဘဲ ဖြစ်သွားခဲ့တယ်"

"ကျေးဇူးတင်ပါတယ် အန်တီရယ် ...သမီးသူငယ်ချင်းတွေနဲ့ တိုင်ပင်လိုက်ဦးမယ်"

"အေး ... အေး ... အကျိုးအကြောင်းလည်း အန်တို့ကို ပြန်ပြောပါဦးနော်"

"ဟုတ်ကဲ့ပါအန်တီ"

သူမ အခန်းရှိရာကို အပြေးကလေးလှမ်းလာခဲ့သည်။ ရင်ထဲမှာက ဝမ်းကွဲညီမလည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သူအတွက် ပူလောင်လှပါသည်။

♥ ♥ ♥



## အခန်း (၉)

"ကဲ ... ကိုဝင်းနိုင်စိုး ... ကျွန်မတို့ သွားတော့မယ်၊ ရှင်းလည်း ပြန်တော့"

"ခက်ပန်း"

"ဘာလဲ"

"နင်တို့က တကယ်လင်မယားလား ... ဟင်"

"အေးလေ ... ရှင်မမြင်ဘူးလား ... ရှင်မြင်သိတာ အားလုံး အဓိပ္ပါယ်ကိုသာ ပြန်ပြောလိုက်မယ်ပေါ့"

မယုံသလို သံသယမျက်လုံးနဲ့ ကြည့်နေတဲ့ ဝင်းနိုင်စိုးကို ဥပေက္ခာပြုကာ ကျောက်စက်ပန်းအခန်းထဲကို လှမ်း၍ကြည့်နေလိုက်သည်။

"နင်ငါ့ကိုလက်မထပ်ချင်တာနဲ့ အကွက်ဆင်တာလား"

"အို ... မဟုတ်ပါဘူး။ ကျွန်မတို့တစ်ခန်းတည်းအတူနေတာ ရှင့်အမြင်ပဲ ဒီလိုကိစ္စမျိုးကို ဟန်ဆောင်လို့ သင့်တော်ပါ့မလား"

"သိပ်ဟုတ်တာပေါ့၊ ပြန်ပြင်ပြောလို့ ယုံချင်စရာမရှိတဲ့ ကိစ္စမျိုးကို ဟန်ဆောင်မိရင် မိန်းကလေးပဲ နစ်နာမှာပေါ့"

ဝင်းနိုင်စိုး စကားကြောင့် ကျောက်စက်ပန်းကိုယ်လေး ဆတ်ခနဲ ဖြစ်သွားပြီး ခပ်တွေတွေလေး တစ်ချက်ငိုင်သွားမိသည်။ ဧည့်ခန်းမှာ စကားရပ်ပြောနေတဲ့ သူတို့နှစ်ယောက်ကို ဘယ်သူမှ သတိထားကြည့်မနေပေမယ့် ဖြတ်လျှောက်ပြီး လမ်းမဘက်ထွက်သွားတဲ့ စုံတွဲတစ်တွဲကတော့ ကျောက်စက်ပန်းကို အသေအချာကြည့်သွားသည်ကို သူတို့နှစ်ယောက်စလုံးမသိလိုက်ပေ။





"ကဲ ... မင်းတို့မောင်နှမ စကားပြောပြီးရင် သွားကြမယ်"

ခဏကြာမှ အခန်းထဲက ထွက်လာပြီး ပြောလိုက်တဲ့ ညီညီအောင်ဆီ တစ်ချက်ကြည့်ရင်း ကျောက်စက်ပန်း မျက်နှာလေးကို မာန်တင်းလိုက်သည်။

"ရှင်က ညောင်နာနာနဲ့ ဘာဖြစ်နေတာလဲ ကိုအောင်၊ အခန်းထဲမှာလည်းကြာလိုက်တာ"

"ဟ ... ညက ကိုယ်တစ်ညလုံးမှ မအိပ်တာ မင်းသိရဲ့သားနဲ့"

"အယ်"

ညီညီအောင့်စကားကြောင့် ကျောက်စက်ပန်းနှုတ်မှ အယ် တစ်လုံးပဲ ထွက်နိုင်ပြီး မျက်နှာလေးရဲခနဲဖြစ်သွားရသည်။ ဝင်းနိုင်စိုးက မဲ့ပြုံးတစ်ချက်ပြုံးရင်း မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။

"ဆောရီးကွာ ...ကိုယ်လန်းသွားအောင်လို့ ရေကို ခပ်ကြာကြာလေးချိုးနေလို့ ကြာသွားတာပါ။ လာ ...သွားကြမယ်"

ပြောပြောနဲ့ ကျောက်ခက်ပန်းလက်ထဲက အထုပ်ကို လှမ်းယူပြီး ရှေ့က ထွက်သွားတဲ့ ညီညီအောင်နောက်ကို ကျောက်ခက်ပန်း ခပ်ငေးငေးလေးကြည့်နေရာမှ အပြေးက လေးလိုက်ခဲ့ရတော့သည်။ ဝင်းနိုင်စိုးမှာ သူတို့နှစ်ယောက်ရဲ့ ကျောပြင်ကို ကြည့်ကာ ဧည့်ခန်းရှိ ခုံတစ်လုံးပေါ်တွင် ခြေပစ် လက်ပစ်ထိုင်ချလိုက်တော့သည်။

"အချစ်ဖူး...

ရင်ကိုစူးပေါ့

သံယောဇဉ်ကြိုး

ရစ်ပတ်ပျိုးလို့

ရဲရဲဖက်ထား

အကြင်နာအားနဲ့

အပြုံးမပျက်

နောက်ဆုံးအချစ်

ကိုယ်...တစ်သက်လုံးရှန်းကျွေးမည်...။





"ဘော့အဲ"

"ဟွဲ့နွား...ဘာသံလဲ"

"နွားပါဆိုမှ နွားသံပေါ့ မိုးစွေရဲ့"

"ခစ်...ခစ်...ခစ်"

ချစ်ရင်ထူးဆီမှ ကဗျာလေးကိုဖတ်ပြီး တစ်ယောက် တစ်ပေါက်နောက်နေကြပေမယ့် သူမ လိုက်မရယ်ဖြစ်ပါ။

ဒီနေ့တစ်နေ့လုံး ဘာလုပ်လုပ် စိတ်မပါခဲ့။ အတန်းထဲ မှာစာသင်ရတာလည်း စိတ်မဝင်စားခဲ့။ ကျောက်ခက်ပန်းဆီကို သာ စိတ်ကရောက်နေခဲ့သည်။ ကျောက်ခက်ပန်းက သူမမေမေ ရဲ့တစ်ဝမ်းကွဲညီမသမီးမို့ သူမနဲ့ နှစ်ဝမ်းကွဲညီအစ်မ တော်လေ သည်။

"ဖူး...ငါတို့က ဖူး ပျော်အောင်လို့ တမင်စတာပါဟာ.. ခက်ပန်းကလည်းငါတို့ရဲ့ငယ်သူငယ်ချင်းပဲ၊ ခက်ပန်းအတွက် ငါ တို့စိတ်ထဲမှာလည်း ပူရတာပေါ့ကွာ"

"ဒါပေမဲ့ မိစူးရယ်...သူက ညီအစ်မဆိုတော့ ပိုပြီးစိုးရိမ် မှုလွန်ကဲတာပေါ့ဟာ...ငါကိုယ်ချင်းစာပါတယ်"

"နင် အရမ်းစိုးရိမ်နေရင်လည်း ရဲစခန်းမှာ လူပျောက်တိုင်ကြမလားဟင် ...ဖူး"

"ရဲစခန်းတော့ မတိုင်ချင်သေးပါဘူး သဇင်ရယ်၊ ဘာအကျိုးအကြောင်းမှန်းမသိ ...ခက်ပန်း သိက္ခာကျနေပါ့မယ်"

"ဖူး"

"ပြောလေ မိုးစွေ"

"ဟို ...သူနဲ့ အတူပါတဲ့လူကများ တစ်ခါတည်း သုတ်သွားတာများ ဖြစ်နေမလားဟင်"

"မဖြစ်နိုင်ပါဘူး ...ကျောက်ခက်ပန်းက စကားပြောသာ အေးအေးပျော့ပျော့နဲ့ စိတ်ကမာတာ နင်တို့တွေ အသိပဲ၊ ဒီလောက်မလွယ်နိုင်ဘူး"

"ဘာဖြစ်ဖြစ်ဟာ ...ပုသိမ်က အဒေါ်ကိုတော့ ကြိုပြီး အသိပေးထားသင့်တယ်လို့ထင်တယ်။"

"မိစူးပြောတာ မှန်တယ်ဖူး၊ ငါတို့ခုပဲ ပုသိမ်ကို ဖုန်းဆက်ကြမယ်နော်"





"မိုးချုပ်နေပြီဟာ ...တိတ်ဆိတ်တဲ့အချိန်မှာဆိုရင် နာရီဝက္ကန့်သံကအစ အကျယ်ကြီးကြားရတာ၊ တော်ကြာ ခက်ပန်းအကြောင်း တစ်ဆောင်လုံးသိကုန်လိမ့်မယ်"

"ဒါဖြင့်လည်း မနက်စောစော လမ်းထိပ်မှာသွားဆက်ကြတာပေါ့"

"အင်း"

လေးလေးပင်ပင်နဲ့ အင်းချပြီး စောစောက ကဗျာစာရွက်လေးကို ကောက်ကိုင်၍ ဘာရယ်မဟုတ် ဖတ်ကြည့်နေမိရင်းမှ ဖျတ်ခနဲချစ်ရင်ထူးရဲ့မျက်နှာလေးကို မြင်ယောင်လိုက်မိသည်။

"ဒီညသူတို့သီချင်းလာမဆိုကြဘူးနော်"

"ဖူးပြောမှ ငါသတိရတယ် ...ဒီနေ့သူတို့အဖွဲ့ကို ကြည့်ရတာ ငြိမ်နေသလိုပဲနော်"

"ဟုတ်တယ်ဟာ ...မျက်နှာတွေကလည်း မလန်းကြဘူး"

"လကုန်ခါနီးလို့ ပိုက်ဆံမရှိတာဖြစ်မှာပါဟာ"

"ဒါဖြင့်လည်း နင်ရေးလိုက်ပေါ့ မိုးစွေရဲ့"

"ပေါအေး . . .ပြန်မရတဲ့အပြင် လူပါ အဆစ်လိုက်နေရလိမ့်မယ်"

"အဟင်း ...ဟင်း ...ဟင်း"

ဒီတစ်ခါတော့သူမ လိုက်ပြုံးမိသည်။ အမှန်တကယ်ပဲ အစဉ်ရှင်ပျနေတဲ့ သူ့ဟန်ပန်က ငြိမ်သက်နေပြီး အမှတ်တရဟု ကဗျာစာရွက်လေးသူမဆီကမ်းပေးတာတောင်မှ မရယ်မပြုံးနဲ့ မို့ စတိုင်လ်တစ်မျိုးထွင်သည်ဟု သူမစိတ်ထဲမှ ထင်မှတ်ခဲ့သေးသည်။ နာရီကိုကြည့်လိုက်တော့ ဆယ်နာရီ ထိုးနေပြီ။ အရိုန်မှန်လာနေကျ မလာတော့လည်း အပူတွေကြားက နေမျှော်မိသေးသည်။

လိုက်စုန်တုန်မောတဲ့ နှလုံးသားနဲ့ သူ့အပေါ် ယိုဖိတ် မချစ်မိသေးပေမယ့် သူနဲ့တွေ့ရင်တော့ ပျော်ရွှင်စရာကောင်းသည်မှာ အမှန်ပင်ဖြစ်သည်။

"ဖူး"

"ဘာလဲ"





"ယောက်ျားတစ်ယောက်စီမှာ ငါတို့မိန်းမတွေအလိုအပ်ဆုံးက ဘာလို့ထင်လဲဟင်"

အခန်းပြင်ဖို့ ထရန်ဟန်ပြင်မယ့်ဆဲဆဲ သဇင်မြင့်မြတ်ရဲ့ မေးခွန်းကြောင့် သူမအံ့ဩသွားမိပြီး ခဏကြာမှ စိတ်ထဲရှိတဲ့ အတိုင်း ခပ်ပြတ်ပြတ်ပဲ ဖြေချလိုက်တော့သည်။

"ဘယ်လို ယောက်ျားတစ်ယောက်စီက ဘာကိုမှ မမျှော်လင့်ဖူးတော့ငါလည်း မသိဘူး"

"ငါသိတယ်"

"နင်က ဘာသိတာလဲ မိစူး"

"အင်း . . . နင်တို့တော့မသိဘူး ... ယောက်ျားတစ်ယောက်ဆီမှာ ငါအလိုအပ်ဆုံးက ခန္ဓာကိုယ်ကြံ့ခိုင်ပြီး လုံ့လရှိဖို့ပဲ"

"ရှင်းပါဦး"

"အဲ . . .ခန္ဓာကိုယ်ကြံ့ခိုင်ပြီး လုံ့လဝီရိယလည်းရှိတော့ မိသားစုကို ရှန်းကန်ရှာဖွေ ကျွေးမွေးနိုင်တာပေါ့ဟ"

"စိတ်ဓာတ်မကောင်းရင်ကော မိစုး"

"သူစိတ်ဓာတ်မကောင်းရင် သူခံပေါ့ဟ၊ ငါက သူ့စိတ်ကို စားမှာမှ မဟုတ်တာ ... သူ့အားကိုစားမှာ၊ စိတ်ဓာတ်ကောင်းပြီး အလုပ်ပျင်းနေရင် ဘယ်လိုလုပ်မလဲ"

"ဘယ်သူ့ကိုပြောတာလဲ"

"မောင့်မောင့်ကိုပြောတာ ဖြစ်မှာပေါ့"

"သေလိုက်ပါလား"

ကြားကဝင်ပြောလိုက်တဲ့ သက်သက်မိုးစွေကို ရှက်ရမ်းရမ်းပြီး လှမ်းထုနေတဲ့ မြမြစုးကိုကြည့်ရင်း ရယ်မောနေကြတဲ့ သူငယ်ချင်းတွေကို သူမကျောခိုင်းလိုက်တော့သည်။

အခန်းထဲရောက်တော့ ဘာရယ်မဟုတ် ... လိုက်ကာစကိုဖယ်၍ ပြတင်းပေါက်ကနေ မြဲ့ဝဆီ ကြည့်ဖြစ်အောင် ကြည့်မိလိုက်သေးသည်။

♥ ♥ ♥



## အခန်း(၁၀)

"ဒီမယ်"

"ဘာလဲ"

"ရှင့်လက်ကြီးကို အောက်ချဦး"

"ချလို့မဖြစ်ဘူး ... ဟိုမှာ အမေကြည့်နေတယ်"

"မအေ့အရှေ့မှာ ရှိသေပြတဲ့အနေနဲ့ပေါ့"

"ဘယ်ကလာ ကြင်စဦးဇနီးမောင်နှံဆိုတာ ရေချိုးခန်းဝင်တောင် အတူတူဝင်ကြရဦးမှာ"

"ရှင်နော် ...ပေါက်တတ်ကရတွေ မပြောနဲ့"

မျက်စောင်းတစ်ချက်ဝင့်ပြီး ပခုံးပေါ်က ညီညီအောင်ရဲ့ လက်ကို ဖတ်ခနဲ ပုတ်ချကာ အမေ့နံဘေးမှာ ဝင်ထိုင်လိုက်တဲ့ ကျောက်ခက်ပန်းကို မချင့်မရဲတစ်ချက်ကြည့်၍ ရေအိမ်ရှိရာ ဝင်ခဲ့လေသည်။

"ကိုကို ... ဘာဖြစ်လို့ တစ်ချိန်လုံးရေအိမ်ပဲ ဝင်နေရတာလဲ"

"အေးကွာ ...ကိုကိုဝမ်းကိုက်နေတာ သုံးရက်လောက်ရှိသွားပြီ"

"ဟင်း ...ဆေးစားရောပေါ့ ကိုကိုရာ"

"စားတာပဲ ညီမလေးရဲ့"

ပြောရင်းနဲ့ညီညီအောင် မျက်နှာကို ရှုံ့မဲ့ပြီး ရေအိမ်တက်၍တံခါးပိတ်လိုက်တော့သည်။

"သမီး ...ဘာမှ အားမနာနဲ့၊ ရှက်လည်းမရှက်နဲ့၊ သားနဲ့ ပတ်သက်လာရင် သမီးဟာလည်း အမေတို့သမီးပဲ ... သမီးလို အပ်တာရှိရင် ပြောနော်"





"ဟုတ် ...ဟုတ်ကဲ့အမေ"

သူမရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်လျက်ပြုံးချိုတဲ့ မျက်နှာနဲ့ လိုက်လှဲစွာပြောနေတဲ့ ညီညီအောင့်အမေကို သူမမဝံ့မရဲ ကြည့်ရင်း ခေါင်းညိတ်ပြမိလေသည်။

"ဟို ...အမေ"

"ပြောလေ သမီး"

"ဟို ...ဟိုလေ ...သမီးကို စိတ်မဆိုးဘူးလားဟင်"

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ သမီးရဲ့"

"အဲ ...ဟို ...အမေ့သားက ပညာရေး မဆုံးသေးဘဲနဲ့ သမီးက နိုးရာလိုက်လာလို့လေ"

"အဟင်း ...ဟင်း ...ဟင်း ...ဒါစိတ်ဆိုးစရာလား သမီးရယ် ... သဘာဝအတိုင်းစီးဆင်းနေတဲ့ ပင်လယ်ရေကို ဘယ်သူတွေကများ ပိတ်ပင်တားဆီးလို့ ရမလဲကွယ်"

"အမေ"

"ပြောသမီး"

"ကျေးဇူးတင်ပါတယ်၊ အမေ့လို ပညာရည်ပြည့်ဝပြီး နားလည်ပေးနိုင်တဲ့ ယောက္ခမကို ရလို့လေ"

"ဩော် ... သမီးရယ် ... အမေ့မှာလည်း သမီးလေးရှိပါတယ်ကွယ်"

ခေါင်းလေးကို ပွတ်သပ်ပေးရင်း ရင်ခွင်ထဲ ဆွဲသွင်းလိုက်တဲ့ ဒေါ်သရဖီအောင်ရဲ့ နွေးထွေးတဲ့ ကြိုဆိုမှုက သူမရင်ကို အေးမြသွားစေလေသည်။

"အမေ"

"ဟေ"

"ကိုကိုရယ်လေ ... ဝမ်းတွေကိုက်လို့တဲ့"

"ဟင် ... ဟုတ်လား"

ညီညီအောင်ရဲ့ညီမဖြစ်သူ ဖြူဖြူအောင်က ဧည့်ခန်းထဲဝင်လာရင်းမှ ပြောလိုက်ခြင်းဖြစ်သည်။ သူမ ခါးလေးမတ်ထိုင်ကာ ယောက္ခမ မျက်နှာကိုတစ်လှည့်၊ ယောက်မရဲ့မျက်နှာကို တစ်လှည့်ကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေခဲ့သည်။

"အဟမ်း ... အဟမ်း"





ချောင်းသံပေးပြီး အခန်းထဲက ထွက်လာတဲ့ ညီညီအောင်တို့အဖေ ဦးဘဖြူရဲ့မျက်နှာက စပ်ဖြဲဖြဲဖြစ်နေသည်ဟု သူမထင်မိသည်။

"ဟော့ ... ဒေါ်သရဖီ"

"ဘာတုံး ဦးဘရဲ့"

"မင်းသားကို ဆေးခန်းအမြန်ပို့လိုက်ဦး"

"ပို့ရမှာပေ့ါ ... ဒီကလေးဟာလေ ငယ်ငယ်လေးကတည်းက အစားမှားတာနဲ့ ဝမ်းပျက်ဝမ်းကိုက်တတ်မှန်းသိရက်နဲ့ ဘာများစားမိတာပါလိမ့်"

"မမ"

"ဟင်"

"ကိုကို လမ်းမှာ ဘာတွေစားခဲ့လဲဟင်"

"ဟို ... ဟို ... သူဝမ်းကိုက်နေတာ မမနဲ့ မတွေ့ခင်ရက်ကတည်းကပါ"

"ဘာ ... သမီးနဲ့မတွေ့ခင်ရက်ကတည်းကဆိုတော့ သမီးကို စိုးပြေးလာတော့ ဒီကောင်ဝမ်းပျက်ဝမ်းကိုက် ဖြစ်နေပြီပေ့ါ"

"ဟုတ်...ဟုတ်ပါတယ် အဖေ"

ရေအိမ်ထဲက ထွက်လာပြီး ဗိုက်ကလေးကို ဖိနှိပ်၍ ဦးဘဖြူအမေးကို ညီညီအောင်မှ ကြားဝင်ဖြေလိုက်ခြင်းဖြစ်သည်။

"မင်းကွာ တကယ့်အရေးကျမှ"

"ဘာ... ဘာဖြစ်လို့လဲအဖေ"

စကားကိုဆက်မပြောဘဲ ဒေါ်သရဖီအောင်ရဲ့ဘေးမှာ ဝင်ထိုင်ရင်း မျက်နှာရှုတည်တည်နဲ့ ဖြစ်နေတဲ့အဖေ့ကို ညီညီအောင်က ပြုံးကြည့်ရင်းမေးလိုက်ခြင်းဖြစ်သည်။

အားလုံးရဲ့အကြည့်ကလည်း ဦးဘဖြူဆီပဲ စုရပ်နေကြသည်။

"မင်းကွာ ...မိန်းမရိုးလာတယ်ဆိုမှ ဝမ်းကိုက်နေတာနဲ့ ဘာအလုပ်ဖြစ်တော့မလဲ ငါ့သားရယ်"

"အို"

"အယ် ...အဖေကလည်း"





"အဟီး"

"ရှင်ဟာလေ ကလေးတွေရှေ့မှာ ပေါက်တတ်ကရ တော်တော်ပြောတာပဲ၊ ကဲ့...ပြောဦးဟာ...ပြောဦး"

"အာ ...ပြောဦးမှာပေါ့၊ အဲလေ ...နာတယ်မိန်းမရဲ့ ... အဟား ... ဟား...ဟား...အဟင်း...ဟင်း ...ဟင်း"

ဘာဖြစ်ဖြစ် ရှက်သွေးနီနီမျက်နှာနဲ့ပဲ ရယ်မောမိရင်း ညီညီအောင်တို့ မိသားစုက ပျော်စရာကောင်းသည်ဟု သူမ ကျောက်ခက်ပန်းစိတ်ထဲမှ မှတ်ချက်ချမိလေသည်။

"ဘာ ....ခက်ပန်း အဆောင်ကို ရောက်မလာ ဘူး ... ဟုတ်လား"

"ဟုတ်ပါတယ် အန်တီ ... အန်တီဖုန်းဆက်ကတည်းက ပြောမလို့ဟာ၊ အန်တီ ဘာသာပြောပြီး ဖုန်းချသွားတာနဲ့ မပြောဖြစ်တဲ့ ..."

"နေဦး ...သမီးမော်ဖူး၊ သိပ်လည်း စိတ်ပူမနေနဲ့ ...ဝင်းနိုင်စိုးလည်း ပြန်မရောက်လာသေးဘူး"

"ရှင်"





"ဟုတ်တယ်သမီး ... အန်တီ့အထင် လမ်းခရီးမှာပဲ လူငယ်ချင်း ချစ်ကြိုက်ပြီး နိုးရာလိုက်ပြေးကြတာလားပဲ"

"အို ... ခက်ပန်းက အဲဒီလောက်မလွယ်ပါဘူး ...အန်တီရယ်"

"သမီးမသိပါဘူးကွယ် ...အချစ်ဆိုတာ လွယ်ချင်တော့လည်း လွယ်သွားတတ်ကြတာပဲ၊ ကဲပါသမီးရယ် ...သူလည်း တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသူတစ်ယောက်ဖြစ်နေပြီပဲ ... သိပ်မပူပါနဲ့ကွယ်"

သူမ အံ့သြလွန်းလို့ ဘာမှ ပြန်မပြောဖြစ်တော့ဘဲ ...ငြိမ်နေလိုက်သည်။ "ဒီလို အဒေါ်မျိုးလည်း ရှိသေးသကိုး" ဟု စိတ်ထဲမှ ပြောမိသည်။

"ဒါပဲနော် သမီး ...အကြောင်းထူးလည်း ဖုန်းပြန်ဆက်လိုက်ပေါ့၊ အန်တီ့ဘက်က အကြောင်းထူးလည်း သမီးဆီ ဖုန်းဆက်လိုက်မယ်နော်"

"ဟုတ်"

ရှိင်းတယ်လို့ ဆိုချင်ဆို သူမဦးစွာ ဖုန်းချပစ်လိုက်မိသည်။

"တောက်"

"ဘာဖြစ်လို့လဲဖူး"

"ဘာဖြစ်ရမလဲ တော်တော်ဆိုးတဲ့ အဘွားကြီး ... ခက်ပန်းကို တော်တော်လင်ပေးစားချင်နေတာ ... သိသာတယ်"

"သူ ... သူက ဘာပြောလို့လဲဟင် ... ဖူး"

သဇင်မြင့်မြတ်ရဲ့အမေးကို ချက်ချင်းကြီးမဖြေသေးဘဲ တယ်လီဖုန်းဖိုးကို အရင်ရှင်းလိုက်သည်။ စိုးရိမ်ဟန်နဲ့ စုပုံကြည့်နေကြတဲ့ သူငယ်ချင်းတွေကို ဘာမှ မပြောသေးဘဲ သူမ လမ်းမပေါ်ထွက်လာလိုက်သည်။

"ဖူး ... ခက်ပန်းတို့အဒေါ်က ဘာပြောလဲဟင်"

နောက်ကနေ စုပြုံလိုက်လာကြပြီး သူမလက်ကောက်ဝတ်ကို လှမ်းဆွဲလို့သက်သက်မိုးစွေက မေးလိုက်ခြင်းဖြစ် သည်။

"ခက်ပန်းနဲ့အတူပါလာတဲ့ ဝင်းနိုင်စိုးလည်း ... ခုထိ ပုသိမ်ပြန်မရောက်လာသေးဘူးတဲ့"





"ဟင် ... ဒါက ဘာသဘောလဲ"

"ခက်ပန်းကို သူတူနဲ့ အမြန်ညားသွားလေ ... ကောင်းလေဆိုတဲ့ သဘောပေါ့"

"ဟယ် ... မဖြစ်နိုင်တာ"

မြမြစုးပြောသလို ဒီကိစ္စ လုံးဝမဖြစ်နိုင်။ ဒီလူကို ကျောက်ခက်ပန်း လုံးဝမကြိုက်တာ သူမတို့အားလုံး အသိပင်။

ဒီလိုဆို ခက်ပန်း ... ဘယ်ရောက်နေလဲ။

ဘာကြောင့် သူမတို့ဆီ ဖုန်းမဆက်တာလဲ။

အတွေးကိုယ်စီနဲ့အတူ သူမတို့လေးယောက် တိတ်ဆိတ်စွာနဲ့ပင် အဆောင်ကို ပြန်လာခဲ့ကြလေသည်။

♥ ♥ ♥

## အခန်း (၁၁)

"တစ်ရက်လည်းမဟုတ်ဘူး၊ နှစ်ရက်လည်းမဟုတ်တော့ဘူး ...ဒီကောင် ဘယ်ပျောက်သွားတာလဲ"

"အေးကွာ ... ဘာမှလည်း အကျိုးအကြောင်း စာလေးဘာလေးမရေးခဲ့ဘူး"

"ရေးခဲ့ဖို့ အချိန်မရှိလည်း ရောက်တဲ့ နေရာက ဖုန်းဆက်ပါလားကွာ"

"ငါလည်းရောက်တဲ့နေရာမှာ နားစွင့်နေတာပဲ"





"မင်းက ဘာကိုနားစွင့်နေတာလဲ ကိုထူး"

"သေမှုသေခင်းများ ဘယ်နားမှာဖြစ်သလဲလို့"

"ဘာလုပ်ဖို့လဲ"

"ဩော် ...ငါတို့ညီညီအောင်တစ်ယောက် ဝမ်းကိုက်တာမခံနိုင်လို့ ဆေးခန်းသွားရင်းနဲ့ လမ်းမှာများ ရှောသွားသလားလို့ပါ"

သူ့စကားအဆုံးမှာ ပထမနားမလည်သလို ကြည့်နေကြပြီး နောက်မှ သဘောပေါက်ကာ သူ့ကို တစ်ယောက်တစ်ပေါက် မေတ္တာပို့ရင်း ရယ်မောလိုက်ကြလေသည်။

တစ်မျိုးစီဝေဖန်ရင်း ပူပန်စိတ်ဖြစ်နေကြ...တဲ့ သူငယ်ချင်းတွေကို ပျော်စေချင်လို့ စလိုက်ရပေမယ့် သူကိုယ်တိုင်ရဲ့ စိတ်အစဉ်မှာလည်း သူငယ်ချင်းအတွက် စိုးရိမ်နေမိလေသည်။

"ကိုထူး ... ငါတို့ ရဲစခန်းအကြောင်းကြားထားရင် ကောင်းမလား"

"အာ ...နေဦး ...ငါတို့ဥတ္တံ့လိုက်သွားကြရင် မကောင်းဘူးလား"

"အေး ...ကောင်းတယ် ...ဟိုရောက်လို့ သူ့ကို မတွေ့မှ သူ့မိဘနဲ့တိုင်ပင်ပြီး လုပ်သင့်တာ ဆက်လုပ်ကြတာပေါ့"

နောက်ဆုံးစိုင်းကျော်စကားကို အားလုံးသဘောတူလက်ခံပြီး သူတို့ကျောင်းထဲရှိ ဦးချစ်ဆိုင်လေးမှ ထွက်လာကာ တံတားဖြူဘက် လျှောက်လာလိုက်ကြသည်။

"ဟာ ...ကိုထူး ...ဟိုမှာ မင်းကျောက်ကပ်လေး"

မောင်မောင်ညွှန်ပြရာ လှမ်းကြည့်လိုက်တော့ မြို့ထဲကလာတဲ့ (၅၁) ကားပေါ်မှ ဆင်းလာတဲ့ ရှင်မော်ဖူးကို တွေ့လိုက်ရလေသည်။ သူမမျက်နှာလေးက ညှိုးရော်ပြီး ခန္ဓာကိုယ်လည်း နွမ်းချည့်နေသလို ဟန်ပေါက်နေတာကို အံ့ဩစွာတွေ့လိုက်ရ၏

"အေးကွ ... သူ့ကိုကြည့်ရတာ တစ်မျိုးပဲ၊ လာ ...ငါတို့ သူ့ဆီသွားကြရအောင်"

"မင်းတို့သတိထားမိလား ...ဒီနေ့တစ်နေ့လုံး သူတို့အဖွဲ့ကို ကျောင်းထဲမှာ မတွေ့ရဘူး"

သာလှစကားကို အားလုံးက ခေါင်းညိတ်လိုက်ကြသည်။





"နေဦး"

"ဘာလဲ ...စိုင်းကျော်"

"ကိုထူး ... မင်းတစ်ယောက်တည်း မော်ဖူးဆီသွားလိုက်၊ ငါတို့သုံးယောက်က မိုးစွေတို့အဆောင်ကိုသွားလိုက်မယ် ...မကောင်းဘူးလား"

"ဘာလဲ ...မနက်ဖြန် ငါတို့ ဥက္ကံသွားမှာကို ပြောမလို့ မဟုတ်လား"

"မဟုတ်ပါဘူးကွာ ...မင်း လွတ်လွတ်လပ်လပ် မော်ဖူးနဲ့ တွေ့ရအောင်လို့ပါ"

"ထားပါတော့ ...ကဲ ...မင်းတို့ကို သတိပေးလိုက်ဦးမယ်"

"ဘာလဲကိုထူး ...ညီညီအောင်အကြောင်း မပြောဖို့ မဟုတ်လား။ စိတ်ချ ...လုံးဝမပြောဘူး"

"ဒါဖြင့်လည်းပြီးရော ...ကဲ ...မင်းတို့လည်းသွားတော့၊ ငါလည်းသွားပြီ"

ပြောပြောနဲ့ … လှေကားထစ်လေးအတိုင်း ကန်ပေါင် ပေါ်တက်သွားနေတဲ့ ရှင်မော်ဖူးနောက်သို့ သူအပြေးလေး လိုက်ခဲ့တော့သည်။ ညနေခင်းရဲ့နေက ရင်ကို ပိုမိုခြောက်သွေ့စေနိုင်ပေမယ့် သူ့အတွက်ကတော့ ရှေ့မှာ မြင်နေရတဲ့ ချစ်သူလေးကြောင့် သူ့ရင်ကတော့ နွေးထွေးမြနွေးထွေးနေမည်ဖြစ်သည်။

"မော်ဖူး"

"…."

"မော်ဖူး … နေမကောင်းဘူးလား"

ဘာမှ တုံ့ပြန်ဖော်မရတဲ့အတွက် ရှေ့ကိုကျော်တက် ကာ သူမရှေ့က ပိတ်ရပ်လိုက်သည်။

"ဒါဘာလုပ်တာလဲ"

"အလို့ …အသံထွက်လာပြီပဲ"

"အသံပဲ …ထွက်မလာရင် ညပ်နေတာရှိသေးလို့လား"

"ရှိတာပေါ့ …ဟို …ကိုယ်တို့လမ်းထဲက စကားမပီတဲ့ ကောင်လေးတောင် သီချင်းဆိုထားတာရှိသေးတယ်"

"ရှင်နော် … ပေါက်တတ်ကရတွေ"





"ဪ …ဟုတ်ပါတယ်ဆို …ဘာတဲ့ …အဲ …မှတ်မိပြီ … ချစ်သူညှပ်နေ တို့ညှပ်နေ …တဲ့"

"သေလိုက်ပါလား"

ရှက်ရမ်းရမ်းပြီး တစ်ဖက်က တိုးတိုက်ထွက်သွားတဲ့သူမရဲ့ မျက်နှာမှာ ရယ်ချင်ချင် ဖြစ်သွားတဲ့ ဟန်ကိုကြည့်ပြီး သူ ကြည်နူးမိလေသည်။ ချစ်တဲ့သူ ရွှေမျက်နှာညိုးရော်နေတာ သူမကြည့်ရက်ပါ။

"ရှင်မော်"

"ဘာလဲ"

"ရှင်မော်ပြုံးတာလေး ကိုယ် အရမ်းမြင်ချင်တယ်ကွ… နည်းနည်းဖြစ်ဖြစ် ပြုံးပြပါလားနော်"

"ဘာလဲ မိုနာလီဇာနဲ့ နှိုင်းပြဦးမလို့လား ကိုလေပေါရဲ့"

"အာ … ဘယ်ကလာ … မော်ဖူးရဲ့အပြုံးက တကယ့်အပြစ်ကင်းတဲ့ ကလေးတစ်ယောက်ရဲ့အပြုံးမျိုးတွေ"

"ကဲ … တော်ပါတော့ …နောက်ဆုတ် နောက်ဆုတ်နဲ့ … ဘယ်လိုလျှောက်နေတာလဲ …လူတိုက်မိနေဦးမယ်"

သူမရှေ့ကနေ ကာဆီးကာဆီးနဲ့ စကားပြောရင်း နောက်ပြန်လမ်းလျှောက်နေတဲ့ သူ့အဖြစ်က လူမြင်ရင် ရယ်ချင်စရာပင်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကို သူဂရုမစိုက်အား။ သူမ ပျော်ဖို့အတွက်သာ သူဖန်းတီးနေရသည်။

"အဲ ...ကလေးတောင်မှ ဘယ်လိုကလေးမျိုးလဲ ...သိလား"

"သိဘူး"

"ကိုယ့်မစင်ကို မုန့်အမှတ်နဲ့ စားတတ်တဲ့ ကလေး အရွယ်လေး"

"ရှင်ဟာလေ ...ကဲဟာ ...ကဲ"

"အဟား ... ဟား ... ဟား"

သူမက သူ့လက်မောင်းကို အရှိန်ပြင်းပြင်းနဲ့ တကယ်လိုက်ထိုးနေပေမယ့် မျက်နှာလေးက ပြုံးနေသည်မို့ နာကျင်တာကို မခံစားဘဲ သူကြည်နူးစွာ ရယ်မောနေမိလေသည်။

မတိုင်ပင်ထားဘဲနဲ့ နှစ်ဦးသား ကန်ပေါင်ဘေးမှာထိုင်လိုက်ကြသည်။





"အရမ်းလှတယ်"

"ဟုတ်တယ်နော် ... အင်းလျားကန်ရဲ့ညနေခင်းလေးကို ကျွန်မ တအားသဘောကျတယ်"

"ကိုယ်က မော်ဖူးကို ပြောတာ"

"ကျွန်မ ဒီနေ့စိတ်ရော လူရောပင်ပန်းနေတယ် ...ရှင်နဲ့ ရန်မဖြစ်ချင်ဘူး"

"ကိုယ်သိပါတယ် ...မင်းကို ဒီနေ့မြင်ရတာ တွေ့ခနကျ ရုပ်နဲ့မတူဘူး"

"ဆိုစမ်းပါဦး ကိုလေပေါ်ရဲ့ ... ဒီနေ့ ကျွန်မရုပ်က ဘာနဲ့ တူနေလို့လဲ"

"အဟီး ...ဈေးသည်လေး ကုန်ရှုံးလာတာနဲ့တူတယ်"

"အဟင်း ...ဟင်း ...ဟင်း"

ဒီတစ်ခါတော့ သူ့ကို လှမ်းမထုတော့ဘဲ သူမဘာသာ အားပါးတရ ရယ်မောနေလိုက်သည်ကို သူ သတိလက်လွတ်ကို ငေးကြည့်နေမိလိုက်သည်။

"ဒီမယ် ...ဒီမယ်"

"ဟင်"

"ရှင် ...ကျွန်မကို ကြည့်နေတာလား"

"အင်းလေ ...ဘာဖြစ်လို့လဲ"

"မြင်ကောမြင်လို့လား"

"မြင်သားပဲ"

"သိပါဘူး ... ရှင်ကြည့်နေပုံက ကြောင်တောင်ကန်းနေသလိုပါပဲ"

"တော်သေးတာပေါ့"

"ဘာလို့လဲ"

"ကြောင်တောင်နှိုက်မပြောလို့"

"ရှင့်ဥပဓိရုပ်က သနားကမားလေးပါ"

"ကိုယ့်ကို ငါးရာလောက်ပေးပါလား"

"ဘာလုပ်ပေးရမလဲ"

"မင်းပဲ ကိုယ့်ရုပ်က သနားကမားလေးဆို"

"ခွေးလေးအရောဝင် ပါးလျက်နားလျက်မလုပ်နဲ့ ... ရှော့... ကျွေးတာပဲစား"





ပြောပြောနဲ့ ထိုးပေးလာတဲ့ အရာဝတ္ထုကို လက်ဝါးဖြန့်ခံလိုက်တော့ ချောကလက်လေး။

"အဟဲ ...ဟဲ"

"ဘာရယ်တာလဲ"

"အဟဲ ...ချောကလက်ကျွေးတော့ အထာပေးတာပေါ့နော်"

အထာပေးတာ မဟုတ်ဘူး။ ပါးစပ်နံလို့ ကာကွယ်ပေးတာ ...အဟီ"

"မသာမလေး"

"အဟား... ဟား ...ဟား"

လွတ်လပ်စွာ ရယ်မောနေကြတဲ့ သူတို့နှစ်ဦးကို ကြည့်ပြီး ပတ်ဝန်းကျင်ရှိ လူတချို့ရဲ့ မျက်နှာသည်လည်း ပြုံးစစတွေ ဖြစ်ကုန်လေသည်။

♥ ♥ ♥

## အခန်း (၁၂)

"ကလင် ...ကလင် ...ကလင်"

"ဟ ...ဖုန်းလာတယ်ကွ၊ အမြန်ကိုင် ...အမြန်ကိုင်"

ပြောရင်းနဲ့ လေးယောက်သား ထမင်းစားခန်းကနေ ဧည့်ခန်းဆီ ထွက်ပြေးလာကြသည်။

"ကလင် ...ကလင်"

"ဟယ်...လို"

တယ်လီဖုန်းရှိရာ အလျင်ရောက်လာတဲ့ ချစ်ရင်ထူးကပဲ ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။





"ဟဲ ... လို"

"ကိုထူး..ငါပါကွ"

တစ်ဖက်က ပြောလာတဲ့ အသံကြောင့် ချစ်ရင်ထူး ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ နှုတ်ဆိတ်နေလိုက်မိသည်။

"ဟော့ကောင် ကိုထူး ... ငါလေကွာ ... ညီညီအောင် ... ညီညီအောင်"

"မင်း ...မင်းဘယ်က ဆက်တာလဲ ...ဘယ်ရောက်နေတာလဲ .. မင်းမသေပါဘူးနော်"

"အာ .. မင်းမေးခွန်းတွေကလည်း များလိုက်တာ"

"ကိုထူး ...ညီညီအောင်မဟုတ်လား . . . ပေး . . ငါဆဲလိုက်ဦးမယ်"

မေးပြောပြောရင်းနဲ့ မောင်မောင်က ဖုန်းခွက်ကို ကောက်ဆွဲယူလိုက်သည်။

"ဟော့ကောင် ...မင်းက ဘာသောက်ချိုးချိုးသွားတာလဲ ... ဒီမှာ စိတ်ပူနေကြမှာ မစဉ်းစားမိဘူးလား"

"ပေး... ငါလည်း ကလော်ဦးမယ်"

မောင့်မောင့်လက်ထဲက ဖုန်းခွက်ကို စိုင်းကျော်က တစ်ခါယူလိုက်ပြန်သည်။

"ကိုအောင် ...မင်းလုပ်ပုံမဟုတ်ဘူးကွာ ... ငါတို့အားလုံးစိတ်ပူနေရတယ်"

"ပေးစမ်း ...ငါပြောဦးမယ်"

စိုင်းကျော်လက်ထဲမှဖုန်းကို သာလှက တစ်ခါဆွဲယူလိုက်ပြန်သည်။

"သူငယ်ချင်း ...ငါတို့ဘုရားသွားတော့ မင်းက ဗိုက်ရစ်လို့ဆိုပြီး ကျန်ခဲ့တယ်၊ ငါတို့ ...ရွှေတိဂုံဘုရားက ပြန်လာတော့မင်းမရှိတော့ဘူး။ အခုဘာဝတစ်ပါးက ဆက်နေတာလား ဟင်"

"ပေးစမ်းကွာ ...မင်းတို့တစ်ယောက်တစ်မျိုးဖွတ်ပြောနေတာနဲ့ ဟိုက စိတ်မကောင်းဖြစ်နေဦးမယ်"

သာလှဆီမှဖုန်းခွက်ကို ဆွဲယူ၍ ချစ်ရင်ထူးက သူ့နားမှာကပ်လိုက်သည်။

"ဟယ် ...လို"





"အေးကွာ ...ငါအားလုံးကို တောင်းပန်ပါတယ်ကွာ"

"ငါတို့အားလုံးကလည်း မင်းအတွက် စိုးရိမ်လို့ပါ ကိုအောင်၊ ဒါနဲ့ အခု မင်းဘယ်ကဆက်တာလဲ"

"ငါ အိမ်ကို ရောက်နေတယ်လေ ...ဝမ်းကိုက်တာ မပျောက်သေးဘူးကွ၊ အခုလည်း ဆေးခန်းလာပြရင်း မင်းတို့ဆီဖုန်းဆက်လိုက်တာပါ"

"ငါတို့တောင် မနက်အစောကြီး ဥက္ကံကို လာမလို့ စီစဉ်နေကြတာ"

"ပင်ပန်းပါတယ်ကွာ ...လာမနေနဲ့တော့၊ ကျောင်းစာကိုပဲ ဂရုစိုက်ကြ၊ ငါသက်သာတာနဲ့ အမြန်ဆုံး ပြန်လာခဲ့မယ်"

"ဒါဖြင့်လည်းပြီးရော ...ကျောင်းကိစ္စတွေ ငါတို့ ကြည့်လုပ်ထားမယ် ...မင်းသာ အမြန်ပြန်လာခဲ့"

"အေးပါကွာ အေးပါ"

"ဒါနဲ့ကိုအောင် ...မင်းမိဘတွေရော နေကောင်းကြရဲ့လား"

"အေး ... ကောင်းပါတယ်၊ မင်းတို့ကမေးတယ် ... လို့ ငါ ပြောလိုက်ပါ့မယ်"

"အိုကေ ... ဒါပဲနော် ... ငါတို့ ထမင်းစားတန်းလန်းမို့"

"အေးပါ"

ချစ်ရင်ထူး ဖုန်းချသွားတော့ ညီညီအောင် သက်မဖွဖွလေးချလိုက်မိသည်။ သူငယ်ချင်းတွေ ပိုင်းပြောနေကြချိန်မှာ သူဘာပြန်ပြောရမှန်းမသိလောက်အောင်ကို စိတ်မကောင်းဖြစ်သွားရသည်။ လောလောဆယ် ဘယ်ကစပြီး ရှင်းပြရမှန်းလည်းသူမသိ။ ကျောက်ခက်ပန်းက ဘာမှ မပြောနဲ့ ဦးဆိုလို့လည်း အဖြစ်မှန်ကို ဖွင့်မပြောဖြစ်ပေ။

"ကိုအောင် ဘာတွေးနေတာလဲ ပြန်မယ် .. လေ"

"ဟိုကောင်တွေ ကိုယ့်ကို တော်တော်လေး မကျေမနပ်ဖြစ်နေကြတယ်"

"အင်းလေ ... သူငယ်ချင်းတွေဆိုတော့လည်း စိုးရိမ်မှုလွန်ပြီး ကရုဏာဒေါသောနဲ့ ပြောမိဆိုမိရှိမှာပေါ့"





"ခက်ပန်းသူငယ်ချင်းတွေကို ဖုန်းဆက်လိုက်ပါလား။ သူတို့က မိန်းကလေးတွေဆိုတော့ ပိုပြီး စိတ်ပူကြမှာပေါ့"

"တော်ပါပြီ ... မဆက်ချင်သေးဘူး"

စကားကို ခပ်ညည်းညည်းလေးပြောပြီး ... မျက်နှာညှိုးညှိုးလေးနဲ့ ခေါင်းငုံ့လမ်းလျှောက်နေတဲ့ ကျောက်ခက်ပန်းရဲ့ဟန်က စိတ်ဓာတ်ကျချင်ချင် ဖြစ်နေတဲ့အသွင်ပင်။

ဆိုက်ကားတစ်စီးကို ရှောင်လိုက်ရင်းနဲ့ ညီညီအောင် သူမဘေးကိုကပ်လျှောက်လိုက်၏။

"ခက်ပန်း"

"ဟင်"

"ဘာအတွက်ကြောင့်မှအားမငယ်ပါနဲ့ ... ကိုယ်တို့အိမ်မှာ ပျော်သလိုနေပါ။ ခက်ပန်းကို ... ကောင်းဆုံးသူငယ်ချင်းတစ်ယောက်အနေနဲ့ ကိုယ်စောင့်ရှောက်ပါ့မယ် ... နော်"

"ကျွန်မ စိတ်မကောင်းပါဘူး။ ကိုအောင်လည်း ... ကျွန်မကြောင့် သူငယ်ချင်းတွေရဲ့ အပြစ်ပြောတာကို ခံရတယ်၊ ကျောင်းစာတွေလည်း လစ်ဟင်းရတယ်"

"အာ…ဒါတွေက ကိစ္စမရှိပါဘူး ခက်ပန်းရာ …ခက်ပန်း စိတ်ချမ်းသာဖို့ အဆင်ပြေဖို့ပဲ အရေးကြီးပါတယ်"

"ဒါဖြင့်လည်း ဒီညကစပြီး ကိုအောင်က ခုတင်ပေါ်မှာ အိပ်၊ ကျွန်မက အောက်မှာ အိပ်မယ်..နော်"

"မကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲ"

"ကိုယ်တက်နင်းမိမှာ"

"ရှင်က ဘာကိစ္စတက်နင်းမှာလဲ"

"အဲ …ဟို …ကိုယ် ညည ရေအိမ်ထထ သွားနေရတော့ မတော်တက်နင်းမိရင်ပြောတာ"

"တက်နင်းလို့ကတော့ မနက်ခင်းမကူးဘူး …ရှင်သေပြီသာမှတ်"

"တကယ်ဆော်မယ်ပေါ့"

"စမ်းရဲစမ်းကြည့်လေ"

"စမ်းကြည့်တော့ အရမ်းပြီကုန်မှာပေါ့"





"အရမ်းပြီတော့ ဆွဲစိပြီး ထောင်ထဲပို့လိုက်ရုံပေါ့"

"ဘာလဲ …ခက်ပန်းရဲ့ရင်ခွင်ထောင်ထဲလား"

"သွား…ဘာမှန်းလည်းမသိဘူး"

သူ့လက်မောင်းဆီ ခပ်ဆဆလေး တစ်ချက်ထိုးရင်း ဓာတ်တိုင်မီးရောင်အောက်မှာ ထင်ရှားစွာ မြင်လိုက်ရတဲ့ ခက်ပန်းရဲ့ ရှက်ပြုံးလေးကို မြတ်နိုးစွာ တစ်ချက်စိုက်ကြည့်မိရာမှ ညီညီအောင် သက်မငွေ့ငွေ့လေး ခိုးချမိလေသည်။

တစ်ခါတစ်လေကျရင် လောကအတွင်းမှာ သူတစ်ပါးရဲ့ ယုံကြည်မှုကို ခံရတာဟာ ဂုဏ်ယူဝမ်းသာစရာကောင်းပေမယ့်လည်း ထိုယုံကြည်မှုကြောင့်ပဲ …မလွတ်မလပ်နေထိုင်ရတာတွေ၊ ထိန်းသိမ်းနေထိုင်ရတာတွေက စိတ်အစဉ်ကို တော်တော်အနေခက် အထားခက်စေပြန်သည်လေ။

♥ ♥ ♥

အခန်း(၁၃)

"မော်ဖူး ...ချစ်ရင်ထူးပါ၊ အကြင်နာဦးမို့ ရင်ချင်းကူးပြီး ကျွဲနှစ်ကောင်ခတ်သလို မင်းနဲ့ငါ ပူးလိုက်ရင် ... နတ်ဆိုင်းလေးနဲ့ .. ဟောဒီလိုအက ...သိုင်းလိုက်တော့ ...သိုင်းလိုက်တော့ .. မင်းနှုတ်ခမ်းလေးကို ချစ်လိုက်တာ"

"အဟား...ဟား...ဟား"

ဝါးလုံးကွဲမတတ်ရယ်လိုက်တဲ့ စိုင်းကျော်နဲ့ မောင်မောင့်ဆီ တစ်ချက်လှည့်ကြည့်ပြီး ...သူခပ်တည်တည်နဲ့ လက်ထဲကစာအုပ်ကို ဆက်ဖတ်နေလိုက်သည်။





"ကိုထူး ...မင်းရေးထားတဲ့ ရည်စားစာက ဂန္ထဝင်မမြောက်ဘဲ မော်ဒန်ပေါက်နေတာ စိုင်းစိုင်းခမ်းလှိုင်လိုသာ စင်ပေါ်တက်ဆိုလိုက်ရင်"

"ဟိုး ... ဟိုးကျော်သွားမှာလား ...ဟေ"

"ဘယ်ကလာကိုမောင်ရာ ...ဟိုးဟိုး...မကျော်ဘဲ ထိုးထိုးလာမယ့် ရှင့်မော်ရဲ့လက်သီးချက်တွေက ..."

"ဟော တစ်ပက် ...ဟော တစ်ပက်ပဲလား စိုင်းကျော်"

"မင်းကလည်း ...ဟောတစ်လုံး ...ဟောတစ်လုံးလုပ်ခမ်းပါသာလှရာ"

"သိဘူးလေ ... ငါက မြို့လိုပဲသောက်တတ်တာ ..အောက်ဘဲတွေလို တစ်လုံးတစ်ပိုင်းမှ မခေါ်တတ်ဘဲ"

"သေလိုက်ပါလား"

"အဟား...ဟား ...ဟား"

ဒီတစ်ခါ သူပါလိုက်ရယ်မိသည်။ သုံးယောက်သားတစ်ယောက်တစ်ပေါက်ပြောနေတဲ့ စကားလုံးတွေက စာဖတ်လို့မရအောင်ကို နှောင့်ယှက်နေကြသည်လေ။

စာအုပ်ကို စားပွဲပေါ်ချထားလိုက်ပြီး အနီးမှာရှိတဲ့ စိုင်းကျော်လက်ထဲက စာရွက်ကို လှမ်းဆွဲယူလိုက်သည်။

"မင်း ဒီလိုစာပေါတွေ မရေးပါနဲ့ ကိုထူးရာ"

"စာပေါရေးတယ်လို့ လာပြောမနေနဲ့ ... ငါတင်းသွားရင်မင်းနမနဲ့ ပေးစားနေရလိမ့်မယ်"

"စိမ်လိုက်လေ ... မောင်မောင်တို့က ပြောင်ပြောင်ပါပဲနမ လင်ကောင်းရလို့ကတော့ ပလွေတစ်ဒါဇင်ဝယ်ပြီး လက်ဖွဲ့လိုက်ဦးမယ်"

"ဘာလုပ်ရမှာလဲ"

"ဟုတ်ပဲ့ကွာ ... သူ့နမကို နွားကျောင်းသားများ မှတ်သလားပဲ"

"ဟင် ...မင်းတို့မသိသေးဘူးလား"

"ငါတို့က ဘာသိရမှာလဲ မောင်"

"ဒါကြောင့် မင်းတို့ကို တော့ကြီးလို့ ပြောတာပေါ့ကွ ... စာမှ မဖတ်ကြဘဲကိုး"

"ပြောစမ်းပါဦး ... မင်းက ဘာစာတွေဖတ်ပြီး ဘာတွေသိထားရလို့လဲ"





"အဟဲ ... ပလွေဆိုတာ မှုတ်စရာချည်းလို့ မင်းတို့က ထင်ထားတယ် မဟုတ်လား"

"မဟုတ်လို့လား"

ပြုံးဖြဲဖြဲနဲ့ ပြောလိုက်တဲ့ မောင်မောင့်ကို သာလှက ရှုံ့မဲ့ပြီး ပြန်မေးလိုက်ပုံကို ကြည့်ကာ ချစ်ရင်ထူးနဲ့ စိုင်းကျော်က အသားလေးပြုံးနေလိုက်သည်။

"မှတ်ထား ...ငါပြောပြမယ် ...ပလွေလေးတွေကိုကြိုးချည်ပြီး နေအိမ်မှာချိတ်ဆွဲထားရင် စီးပွားလည်းတက်တယ်၊ သူများမကောင်းကြံလို့လည်း မရဘူးတဲ့"

"မင်းကို ဘယ်သူပြောလဲ"

"လာဘ်မိုးစွေတိုက်က ထုတ်တဲ့ ရောင်ပြန်မဂ္ဂဇင်းမှာ ဆရာမစောယုနွယ်ရေးထားတာ ... ငါ အသေအချာ မှတ်ထားတာလေ"

"ထားပါတော့ ... မင်းနမကို ပလွေဆယ်လုံးလက်ဖွဲ့မှာက အိမ်မှာ ဆွဲခိုင်းဖို့လား"

"အေးပေါ့ကွ ... ဒါမှ ပူပူနွေးနွေးဇနီးမောင်နှံမှာ အနှောင့်အယှက်ကင်း ...စီးပွားလည်းတက်မှာ"

"ဘယ်လိုလဲကိုထူး ...ယောက်ဖတော်မောင်မောင်က ပလွေဆယ်လုံးနဲ့ တစ်သက်မမုန်းအောင် မြှူဆွယ်နေသပ"

"တော်ပါပြီ...ကိုယ့်တစ်လုံးတောင် ကိုယ်မနိုင်တာ မြှူဆွယ်သပလည်း ဖေမဟာတို့က "ဘူ" ပါပဲ"

"ဘာလဲကွ..."ဘူ" ဆိုတာ"

"လေလည်တာလေ"

"အဟား ... ဟား ...ဟား"

"မိုက်ရိုင်းညစ်ပတ်ကောင် ...နေစမ်းပါဦး ...စောတုန်းက မင်းပြောတာ အမှန်ပဲလား"

"ဘာကိုလဲ"

"မင်းမှာတစ်လုံးပဲ ရှိတယ်ဆိုတာလေ"

"ဒီမှာလေ ...ငါ့ရင်ဘတ်ထဲမှာ တစ်ခုတည်းသော နှလုံးသားလေး ...တစ်ဦးတည်းသာ မော်ဖူးလေးအတွက်ပေါ့"

"သိပါဘူး ...ငါက မျိုးကန်းနေသလားလို့"

"ဟား...ဟား ... ဟား"



"ဟော့...ညီမလေးဖြူ"

"ဟာ...မမသီဇင်၊ မေမေရေ...မမသီဇင်တို့လာတယ်"

ဖြူဖြူအောင်က အိမ်ထဲကို လှမ်းအော်ပြောရင်း ခြံထဲ ဝင်လာတဲ့ အမျိုးသားနဲ့ အမျိုးသမီးစုံတွဲဆီ ခပ်သွက်သွက်လေး လျှောက်သွားလိုက်သည်။ ဒန်းပုခက်လေးပေါ်မှာ ကြောင်တောင်တောင်လေး ကျန်ခဲ့ရင်း ကျောက်ခက်ပန်း သူတို့တွေကို ငေးကြည့်နေမိသည်။

"မမသီဇင် ...ဒီမှာလေ ...ကိုကို့ဇနီးချောလေး"

အနီးရောက်လာပြီး ပြောလိုက်တဲ့ ဖြူဖြူအောင့်စကားကြောင့် ကျောက်ခက်ပန်း ရှက်ပြုံးပြုံး၍ မတ်တတ်ထရပ်ရင်း ခေါင်းညိတ်ပြမိလေသည်။

"မမ ... ပောဒါက ဖြူတို့အစ်မ ... မမသီဇင်တဲ့၊ ဒါက တော့ မမသီဇင်ရဲ့ယောက်ျား ..ကိုတင်ထွန်းတဲ့"

"ဟုတ်ကဲ့ ...တွေ့ရတာဝမ်းသာပါတယ်"

လိုက်လဲ့ကြည်ရွှင်စွာ ပြောလိုက်ပေမယ့် ...

စူးစူးရဲရဲကြည့်ပြီး မဲ့မဲ့ရွဲ့ရွဲ့ ဖြစ်နေတဲ့ သီဇင်ရဲ့မျက်နှာ ဟန်မူယာကြောင့် ကျောက်ခက်ပန်းစိတ်ထဲ စနိုးစနောင့်ဖြစ် သွားရသည်။

"ညီညီ့မိန်းမက အချောစားလေးပဲ၊ လှလည်းလှတယ်"

"အိုး ...ရှင်ကလည်း အပြင်အပေါ်ယံကြည့်ပြီး... ဆုံး ဖြတ်ချက်မပေးပါနဲ့၊ အတွင်းက ဆွေးမြည့်နေရင်ဘယ်လိုလုပ် မလဲ"

ခက်ပန်းစိတ်ထဲ တင်းခနဲဖြစ်သွားရသည်။ သို့သော် ... အိမ်ထဲက ထွက်လာတဲ့ ယောက္ခမ ဖြစ်သူကို လှမ်းမြင်လိုက်သ ဖြင့် သူ့စိတ်ကို ပြန်ဖြေလျှော့ချလိုက်သည်။

"အို ...မမသီဇင်ကလည်း မမကို အားနာစရာချည်း"

"ဖြူ မသိပါဘူး ... လူတွေက အရောင်စုံတယ် ... ဟန်ဆောင်တတ်တယ်ကွဲ့"





"မင်းကြောင့် လူတစ်ဖက်သားကို မနှစ်နာပါစေနဲ့ သီ ရယ်"

"ရှင့် ပါးစပ်ပိတ်ထားစမ်းပါ ... သူ့ကို တည်းခိုခန်းမှာ ယောက်ျားတစ်ယောက်နဲ့ ... ရှင်ရောသိပါ တွေ့ခဲ့တာ ရှင်မေ့နေ ပြီလား"

ကျောက်ခက်ပန်း ... အသားတွေ တဆတ်ဆတ်တုန် လာသည်။ မြန်လိုက်တဲ့လက် ... သီဇင့်ပါးပေါ် ဖြတ်ရိုက်ချလိုက် သည်။

"ဖြန်း"

"ဟင် ... ကောင်မ ... ပိုင်းလုံးမ ... ကဲဟယ်"

သီဇင်က ပြောပြောနဲ့ ခက်ပန်းရဲ့ပါးပြင်ကို ရိုက်ဖို့ လှမ်း အရွယ် ခက်ပန်းက သီဇင့်လက်ကို ဖမ်းဆွဲပြီး ချုပ်ကိုင်ထားလိုက် သည်။ ကျောက်ခက်ပန်းဆိုတာ ငယ်ငယ်လေးကတည်းက ကာ ရာတေးကစားခဲ့သူမို့ ... ယောက်ျားလေးသုံးလေးယောက်ကိုပင် အလဲထိုးနိုင်သူဆိုတာ သူတို့မှ မသိဘဲလေ။

"ဟဲ့ ...ဟဲ့ ...ဘယ်လိုတွေဖြစ်နေကြလဲ"

"မေမေ ... မသီဇင်က မမကို တည်းခိုးခန်းတစ်ခုမှာ ယောကျ်ားတစ်ယောက်နဲ့ တွေ့ခဲ့တယ်လို့ပြောတယ်"

"ဒါ အမှန်ပြောတာပဲ ဒေါ်လေး"

အနီးရောက်လာတဲ့ မေမေ့ကို ဖြူဖြူအောင်က ... လှမ်းအပြော သီဇင်က ဝင်ထောက်ပေးလိုက်သည်မို့ ... မေမေ့ရဲ့သံသယအကြည့်က ခက်ပန်းဆီ စူးခနဲရောက်လာခဲ့သည်။

"ဒါ အမှန်ပဲလား ခက်ပန်း"

"ဟုတ်တယ်မေမေ"

ခက်ပန်း ...တည်တင်းတင်းနဲ့ ပြန်ပြောလိုက်ပြီး ... တစ်ဆက်တည်းမှာပဲ သီဇင်ရဲ့လက်နှစ်ဖက်ကို ဖမ်းချုပ်ကိုင်ထားရာက လွှတ်ပေးလိုက်သည်။

"မင်း ... ငါ့ကို မေမေလို့ ခေါ်စရာမလိုတော့ဘူး။ မင်းလို မိန်းကလေးမျိုးကို ငါ့အိမ်မှာ တစ်စက္ကန့်တောင် မမြင်ချင်ဘူး"

ချက်ချင်းဆိုသလို လေသံရော ရုပ်ပါပြောင်းလဲသွားတဲ့ မေမေ့ မျက်နှာကို အံ့ဩသလိုတစ်ချက်ငေးကြည့်ရင်း ခက်ပန်း အိမ်ထဲ ချာခနဲ ပြေးဝင်ခဲ့သည်။ သူမအဝတ် သုံးလေးစုံကို ကျောပိုးအိတ်ထဲကောက် ထည့်ပြီး ထွက်လာခဲ့သည်။





"မမ...ဘယ်သွားမလို့လဲ"

"မိဖြူ ...အသာနေစမ်း ...လမ်းပေါ်က မိန်းကလေးဟာ လမ်းပေါ်ပြန်သွားမှာပေါ့"

ဖြူဖြူအောင့်ကို အားယူပြုံးပြရင်း ခက်ပန်း ဒေါ်သရဇီအောင် အရှေ့မှာ ရပ်လိုက်သည်။

"ကျွန်မ မေမေ့ကို အများကြီး လေးစားခဲ့တယ်။ တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ ကျေးဇူးရှင်စိတ်ချမ်းသာဖို့ပဲ ကျွန်မ ထွက်သွားပေးပါပြီ"

စကားကို တိခနဲဖြတ်ပြီး မလိုသူတွေ၊ အထွာချမ်းသာသူတွေ၊ ဦးနှောက်ဆင်းရဲသူတွေအနားက ခက်ပန်း ပြေးထွက်ခဲ့သည်။

တွယ်ရာမဲ့ဖြစ်နေချိန်မှာ အမှန်တရားသည်လည်း အရောင်မလက်နိုင်တော့။ အမှန်တကယ် ကိုယ့်အပေါ် မယုံကြည်သူကိုလည်း အချိန်ကုန်ခံပြီး မရှင်းပြချင်တော့ပါ။ ကျောက်ခက်ပန်းတစ်ယောက် ခြေဦးတည့်ရာ လျှောက်ထွက်ခဲ့ပါတော့သည်။

♥ ♥ ♥

## အခန်း (၁၄)

"ညင်းသွဲ့ပျောင်းနေတဲ့ မင်းရဲ့လက်ချောင်းလေးတွေကို ခဏကိုင်ခွင့်ပြုပါနော် ...ဖူး"

"ကျွန်မ ဗေဒင်ဝါသနာမပါဘူး"

"ကိုယ်လည်း မဟောတတ်ပါဘူး။ ဒါပေမဲ့ ရောကြည့်ချင်လို့ပါနော်"

"ဘာကို ရောကြည့်မှာလဲ"

"ဟိုလေ ... မော်ဖူးလက်ကလေးနဲ့ ကိုယ့်လက်ကလေးကိုပူးပြီး အပြန်အလှန်ဆုပ်နယ်ကြည့်ရင် ကတုန်ကယင်အမြန်ဖြစ်မလားလို့ပါ...နော်"





"ကတုန်ကယင် အမြန်မဖြစ်ခင် ကဆုန် ... ပြန်ပြေးသွားပါတော့လားရှင်"

"ဟင် ... ဘာဖြစ်လို့လဲ မော်ဖူးရဲ့"

"ရှင့် ... မျက်နှာကြီး အဆီပြန်နေပြီ"

"ခစ် ... ခစ် ... ခစ်"

သူတို့နှစ်ယောက် အပြန်အလှန်ပြောနေရာမှ နောက်ဆုံးပြောလိုက်တဲ့ ရှင်မော်ဖူးစကားကြောင့် ပြောင်ချော်ချော်ဟန်နဲ့ ရှုံ့မဲ့ပြလိုက်တဲ့ ချစ်ရင်ထူးရဲ့မျက်နှာကိုကြည့်ပြီး သူမရယ်လိုက်ခြင်းဖြစ်သည်။

"ဟောဗျာ ... သူ့ဘာသာပြောပြီး သူ့ဘာသာပဲရယ်နေတယ်"

"ရှင်လည်း ပျော်ချင်ရင် ကျွန်မနဲ့အတူ လိုက်ရယ်လေ"

သူမစကားကြောင့် သူခပ်တွေတွေလေး တစ်ချက်ဖြစ်သွားပြီး ချက်ချင်းဆိုသလို ကောက်ကာငင်ကာ ထရယ်ပစ်လိုက်သည်။

"အဟက် ... ဟက် ...ဟက်"

"မြတ်စွာဘုရား"

"ဟင် …ဘာ…ဘာဖြစ်လို့လဲ"

"သိပါဘူး… ရယ်တာတောင်မှ စဉ်းစားပြီးမှ ရယ်လိုက်သလားလို့"

"အဟုတ် … မင်းကြိုက်မယ့် ရယ်နည်းလေးကို စဉ်းစားလိုက်တာပါ မော်ဖူးရယ်"

"အဟွန့် … ရှင်ဟာလေ သိပ်ပိုတာပဲ"

"ကိုယ့်ဟာ အပိုမပါပါဘူး … အတိအကျပါပဲ… မော်ဖူးကြည့်ဦးမလား"

"ဘာ …ဘာတွေလာပြောနေတာလဲ"

"မရှက်ပါနဲ့ မော်ဖူးရယ် … ကိုယ်ပြောတာက ကိုယ့်မှာ အပိုဆိုလို့ လက်ပွားခြေပွားတောင် တစ်ချောင်းမပါဘူးလို့"

"တော်ပါပြီ …ဘာမှန်းလဲ မသိဘူး"

ရှက်ဟန်နှောနေတဲ့ သူမရဲ့မျက်နှာချောကို ငေးကြည့်ရင်း ချစ်ရင်ထူး ငွေ့ငွေ့အပြုံးဖြင့် သက်မဖွဖွကို ချမိလေသည်။

"မော်ဖူး… ကျောင်းပြီးရင် ဘာလုပ်မှာ …လဲဟင်"





"မဟာဝိဇ္ဇာဆက်တက်မှာပေါ့"

"မဟာဝိဇ္ဇာပြီးရင်ကော"

"မိဘကို လုပ်ကျွေးမှာပေါ့"

"ကိုယ်တို့အတူတူ လုပ်ကျွေးမယ်လေ"

"သေလိုက်ပါလား"

မူတူတူအပြောမှာ ဒေါသမပါမှန်းသိပေမယ့် သူ့စကားတွေကိုဆို ဘယ်တော့မှ ရင်ခုန်ဟန် …မပြတဲ့ သူမကို နားလည်ရခက်စွာနဲ့ ချစ်ရင်ထူးရင်ထဲမှာ ကျိတ်ခံစားနေမိလေသည်။

"ရှင် ကော်ဖီသောက်ဦးလေ၊ အေးကုန်ရောပေါ့"

"အင်း… ကိုယ့်ရှေ့မှာ မော်ဖူးရှိနေရင် အရာရာမေ့သွားတာပါပဲလေ"

ခပ်ညည်းညည်းလေး ပြောရင်း ကော်ဖီခွက်ကိုမော့သောက်လိုက်တဲ့သူ့ကို ဖျက်ခနဲ တစ်ချက်ကြည့်မိရင်း ရှင်မော်ဖူးခါးကို ခပ်မတ်မတ်လေး ပြင်ထိုင်လိုက်သည်။

"ကိုယ်ပြန်လိုက်ဦးမယ်နော် … ခုလို ညှော်ခံဖော်ရတာပဲ အများကြီး ကျေးဇူးတင်ပါတယ်"

ချက်ချင်းကြီးဆိုသလို မတ်တပ်ရပ်ပြီး နှုတ်ဆက်လာတဲ့ သူ့ကို အံ့ဩသလို ငေးကြည့်မိရင်း သူမပါ ထရပ်မိလေသည်။

"ကျွန်မဆီကို လာလည်တဲ့ ပထမဦးဆုံးသော ယောက်ျားဟာ ရှင်ပါပဲ ... တာဝန်မကျေသလို ဖြစ်ခဲ့ရင် ဆောရီးနော်"

"ကိုယ်ကျေနပ်ပါတယ်၊ မင်းရဲ့ ဒီစကားကိုလည်း တစ်သက်လုံးသိမ်းထားပါ့မယ်"

ခြံဝကို ရောက်သည်အထိ နှစ်ယောက်သားမှာ တိတ်ဆိတ် နေခဲ့၏။ ခြံထဲမှာ ကြွေသက်နေတဲ့ ရွက်ဝါခြောက်တချို့ကို ကွေ့ရှောင်သွားနေတဲ့ သူမရဲ့ ခြေထောက်လှလှလေးတွေကို ဂရုစိုက်ငေးမောမိရင်း ချစ်ရင်ထူး နှုတ်ခမ်းသားမှာ လျှို့ဝှက်စွာ ပွင့်အာသွားတဲ့ အပြုံးတစ်ပွင့်ကိုဖြင့် သူမ ... ရှင်မော်ဖူး သတိမထားမိလိုက်ပေ။





"မေမေတို့ မတရားမပြောပါနဲ့ ... ခက်ပန်းက ဒီလိုမိန်းမစား မဟုတ်ဘူး"

"ဒါဖြင့် ယောက်ျားတစ်ယောက်နဲ့ တည်းခိုခန်းမှာ တွေ့ခဲ့တယ်ဆိုတာ သူဘာလို့ဝန်ခံသလဲ"

"အဲဒါ ဟုတ်တယ်လေ"

"ဟုတ်ရင်ပြီးတာပဲ ... မင်း ဒီလိုမိန်းကလေးမျိုးကို ဘာနဲ့ပြောနေရမှာလဲ"

"အာ ... ဗျာ ... မေမေထင်သလို မဟုတ်ပါဘူး"

"ဟိတ် ...ငါလာပြီး ကလီကမာနဲ့ ဘာမှ ရှင်းပြဖို့ မကြိုးစားနဲ့"

"တော်ပြီဗျာ...သွားမယ် ...သွားမယ်"

"ဟဲ့ကောင် ... ငါ့စကားနားမထောင်ဘဲ ထင်ရာစိုင်းလို့ကတော့ သေခန်းပြတ်ပဲမှတ်"

အမေ့ကို ဘာမှပြန်ပြောမနေတော့ ... အိမ်ပြင်ကို အပြေးထွက်ခဲ့၏။ မြို့ရှေ့ရောက်တာနဲ့ လမ်းမပေါ် အဆင်သင့်တွေ့ရတဲ့ ဆိုက်ကားတစ်စီးကို ငှားကာ ကားဂိတ်ကို အမြန်နင်းစေလိုက်သည်။

"ခက်ပန်းရယ်...ကျားကြောက်လို့ရှင်ကြီးကိုး ... ရှင်ကြီးကျားထက်ဆိုးလို့ မတွက်လိုက်ပါနဲ့၊ ကိုယ့်ကြောင့်မင်းဘ၀လေးထပ်ပြီး သောကမဖြစ်စေရပါဘူးကွယ်"

ညီညီအောင့်ရင်ထဲမှာ တီးတိုးစကားဆိုရင်း ပူလောင်စွာ ခံစားနေရ၏။ တကယ်တော့ သူ့ရင်ထဲမှာ နင့်နင့်သီးသီး ချစ်ခင်စုံမက် နေခဲ့ပြီဖြစ်တဲ့ ကျောက်ခက်ပန်းကို ဘယ်လိုမှ ဆုံးရှုံးမခံနိုင်တော့မှန်း သူ့နှလုံးသားကသာ အသိဆုံးပင် မဟုတ်ပါလား။





ကားဂိတ်ရောက်တော့လည်း မရှိ။ လက်မှတ်ဌာနကို မေးတော့ ကျောက်ခက်ပန်းပုံစံနဲ့ မိန်းကလေးမျိုးမလာဟုပြော၏။

ညီညီအောင့်ရင်ထဲမှာ ပူသထက်ပူသွား၏။ ညနေ လေးနာရီဆိုတာ မကြာခင် အမှောင်ရိပ်ကို ကြိုးစိုးတော့သည်။ ဆွေမရှိမျိုးမရှိ ...အသိအကျွမ်းမရှိနဲ့ သူမခမျာ ဘယ်လိုရှိမည်နည်း။ ဘယ်လောက် ဝမ်းနည်းအားငယ်နေရှာမည်နည်း။

သူလည်း ပူပန်စိတ်တွေနဲ့ တွေးချင်ရာတွေး ... ဆိုက်ကားသမားလည်း နင်းချင်ရာနင်းလို့။ နောက်ဆုံးလျှာထွက်မတတ် မောပန်းနေပြီဖို့ ဆိုက်ကားသမားမှာ နီးရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့ထိုးရပ်လိုက်ပြီး ဆိုင်ထဲဝင်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

သူကတော့ ကိုယ်နှင့်စိတ်နှင့် ဘက်လောက်များကင်းကွာနေသည်မသိ ... ဆိုက်ကားပေါ်မှာ ငုတ်တုတ်ပင် ထိုင်နေတော့၏။

ကျောက်ခက်ပန်းတစ်ယောက် ခြေဦးတည့်ရာ လျှောက်သွားရင်း ခြေထောက်တွေနာပြီး ညောင်းလာသဖြင့် ဆိုက်ကားစီးဖို့ ဆုံးဖြတ်လိုက်၏။

"ဟော ... ရှေ့မှာ ဆိုက်ကားတစ်စီးအဆင်သင့်ပဲ"

သူမဘာသာ ပြောရင်း သူ့ကို ကျောပေးရပ်ထားတဲ့ ... ဆိုက်ကားသမားဆီ အသော့ကလေး လှမ်းလာလိုက်သည်။

"ဆိုက်ကားဆရာ ... ကျွန်မ ဥက္ကံကားဂိတ်သွားချင်လို့ပါ ... ဘယ်လောက်ပေးရမလဲ"

နောက်နားက လှမ်းမေးလိုက်ပေမယ့် ငုတ်တုတ်ပြီး ထိုင်နေတဲ့ ဆိုက်ကားဆရာက ဘာမှပြန်မပြောသဖြင့် သူမရှေ့ကို လှမ်းတက်ခဲ့သည်။

"ဗျို့ ဆိုက်ကားဆရာ ... ဟင် ... ကို ... ကိုအောင်"

မျက်ရည်တွေရစ်ဝိုင်းပြီး ခပ်တွေတွေကြီး ဆိုက်ကားရှေ့က လမ်းမကိုကြည့်နေတဲ့ညီညီအောင်ကိုမမျှော်လင့်ဘဲတွေ့လိုက်ရတော့ ကျောက်ခက်ပန်း အထိတ်ထလန့်ကြားမှ ဝမ်းသာဝမ်းနည်း ခံစားလိုက်ရသည်။





ညီညီအောင်တစ်ယောက် မယုံကြည်သလို ကြောင်ကြားလိုက်ရတဲ့ အသံကြောင့် မျက်လုံးနှစ်လုံးကို ပွတ်သပ်ကာ ပြူးကြည့်မိလိုက်တယ်ဆိုရင်ပဲ ... သူ့ခမျာ အမျှော်လင့်ဆုံးအရာကို တွေ့လိုက်ရတာကြောင့် ဆိုက်ကားပေါ်က အလိုလိုခုန်ချမိလျက် သား ဖြစ်သွားရပါသည်။

"ခက် ... ခက်ပန်း ... ခက်ပန်းရယ်"

နာမည်ခေါ်ရင်းနဲ့ ဝမ်းသာကြည်နူးမှု အရှိန်ကြောင့် အသံက ဆက်ထွက်မလာတော့ဘဲ ရှိပေပြား လွှတ်ထွက်သွားမည့်အလား သူ့ရင်ခွင်ထဲမှာ ခက်ပန်းကို တင်းကြပ်စွာ ပွေ့ဖက်ထားတော့သည်။

လမ်းသွားလမ်းလာတချို့နဲ့ လက်ဖက်ရည်ဆိုင်အတွင်းမှ လူတချို့က ဝိုင်းဝန်းကြည့်ရှုနေကြသလို ထိုဆိုင်အတွင်းမှ ဆိုက်ကားဆရာမှာလည်း လျှာထွက်မောဟိုက်နေရာမှ ချက်ချင်းအမောပြေဟန် ရှိသွားကာ မျက်နှာကြီးမှာ ပြုံးဖြီးနေပါတော့သည်။

"အို ... ကိုအောင်ကလည်းလွှတ်ပါဦး ...ရှက်စရာကြီး"

"အဲ ...ဟုတ်သားပဲ ...လာ ...လာ ...ကိုယ်တို့က အမြန်ဆုံးသွားကြရအောင်"

ပြောပြောနဲ့ ကျောက်စက်ပန်းကို ဆိုက်ကားပေါ် မွေ့တင် လိုက်ပြီး သူက ဆိုက်ကားနင်းသူနေရာကို ဝင်ထိုင်၍ နှစ်ယောက်သားပျော်ရွှင်ရယ်မောကာ နင်းထွက်ခဲ့လေသည်။

သူတို့နှစ်ယောက်ကို ပြုံးကြည့်နေတဲ့ ဆိုက်ကားဆရာမှာ ခုမှ သတိရဟန်ဖြင့် နေရာမှ ထကာ ဆိုက်ကားနောက်ကို အပြေးကလေး လိုက်ခဲ့ရင်း ပါးစပ်မှလည်း ...

"ဟေ့ ...ဟေ့ ...ငါ့ဆိုက်ကားဖိုး ...အဲ ...ဆိုက်ကားရော ...ထား ...ထားခဲ့လေ ...ကွာ ...ဟေ့"

ထိုနေ့က သူတို့အဖြစ်ကို ကြည့်ပြီး မြင်သူအားလုံးမှာ ရယ်မော မဆုံးတော့ပေ။

♥ ♥ ♥



## ဒုတိယပိုင်း (ဇာတ်သိမ်း)

## အခန်း (၁၅)

"သမီး ... အိမ်ရှေ့မှာ ညှို့သည်ရောက်နေတယ်"

"ဘယ်သူလဲဟင် ...မေမေ"

"သိချင်ရင် ထွက်ကြည့်လိုက်လေ ...မေမေ လက်ဖက်သုပ်လိုက်ဦးမယ်"

"အင်း ...မေမေ လက်ဖက်သုပ်မယ်ဆိုတော့ ညှို့သည်က မိန်းကလေးပဲ ဖြစ်ရမယ် ...ဘယ်သူများပါလိမ့်"

ရှင်မော်ဖူး စိတ်ထဲမှစဉ်းစားရင်း ဖတ်လက်စ စာအုပ်ကို ဘေးချကာ ခုတင်ပေါ်မှ ထလိုက်သည်။ မှန်ရှေ့မှာ ခဏရပ်၍ ဆံပင်ကို ဘီးဆံပတ်ပြီး ဘလောက်စ်ကို ...တစ်ချက်ဆွဲဆန့်၍ အိပ်ခန်းထဲမှ ထွက်ခဲ့လိုက်သည်။

"ဖူး"

"ဟယ်...မိုး ...မိုးစွေ"

သူမတို့နှစ်ယောက် ပြေးဖက်လိုက်ကြသည်။ သူမတို့မတွေ့ဖြစ်ကြတာ ငါးနှစ်စွန်းစွန်းပင် ရှိခဲ့ပြီပဲ။ ကျောင်းပြီးကတည်းက သူ့အလုပ် သူလုပ်နဲ့ တစ်ယောက်တစ်နယ်စီ ခွဲခွာခဲ့ကြရသည်လေ။ သဇင်မြင့်မြတ်က စိုင်းကျော်နဲ့ လက်ထပ်သွားပြီး သျှောင်နောက် ဆံထုံးပါသွားခဲ့သည်။

မြမြစုးက စက်ဘပူကို အဒေါ်ဖြစ်သူနဲ့ လိုက်သွားခဲ့သည်။

သက်သက်မိုးစွေက ရဲအရာရှိမ ဘဝဖြင့် ရှမ်းပြည်နယ်ဘက်မှာ တာဝန်ထမ်းဆောင်နေရပြီး သူမကတော့ ကျောင်းဆရာမဘဝလေးဖြင့် ရှင်သန်ခဲ့သည်ပဲ။

"ဝမ်းသာလိုက်တာဖူးရယ်... ငါဖြင့် လာသာလာရတယ် ...နင်နဲ့ တွေ့ရပါမလားလို့"





"အင်း ... ဒီနေ့က ကျောင်းပိတ်ရက်မို့ အဆင်သင့် သွားတာပေါ့။ နို့မဟုတ်ရင် ကျောင်းကိုလိုက်လာရဦးမယ်"

ပြောပြောနဲ့ သူမတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဆွဲထားလျက်က နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည်။

"ကျောင်းပိတ်ရက် မဟုတ်လည်း ကိစ္စမရှိပါဘူး ...ငါက ခွင့်တစ်လတောင် ယူလာတာ"

"ဟေ...နင့်ခွင့်ရက်က များလှချည်လားဟ"

"မိဖူးရယ် ...ငါဝန်ထမ်းဘဝရောက်ခဲ့တာ ငါးနှစ်ရှိပြီဟ ...ဘယ်နှစ်ခါများ ခွင့်ယူဖူးလို့လဲ အိမ်မပြန်လို့ နင်နဲ့ မတွေ့တာပဲ ငါးနှစ်ရှိပြီလေဟာ"

"အေြာ်...ဟုတ်သားပဲနော်...နင်ပဲ နေနိုင်လွန်းတယ် မိုးစွေရယ်"

"နေနိုင်တယ်လို့တော့ မဟုတ်ဘူးဟာ ... ငါတို့ ရဲဝန်ထမ်းတွေမှာ ပိတ်ရက်ဆိုတာ မရှိဘူးဟ ... နှစ်ဆယ့်လေးနာရီလုံးလုံး တာဝန်ထမ်းဆောင်နေရတာ"

"ကဲ ... သမီးမိုးစွေရေ ... ရောက်တုန်း လက်ဖက်သုပ်လေးနဲ့ ရေနွေးကြမ်းလေး အားပေးပါဦး"

လက်ဖက်ပွဲနဲ့ ရေနွေးကရားလေး လာချပေးရင်း ပြောလိုက်တဲ့ မေမေ့စကားကြောင့် သူမတို့နှစ်ယောက် စကားပြောရပ်ကာ မေမေ့ဆီ ပြုံးတူ့ အပြုံးကိုယ်စီ ပို့မိလိုက်သည်။

"ဒေါ်လေးလက်ရာ မစားရတာကြာပြီဆိုတော့ ခေါင်းမဖော်တမ်း စားမယ်နော် ... ဒေါ်ဒေါ်"

"စားပါသမီးရယ် ... ညနေစာပါ စားရမယ်နော် ... အင်း သမီးတို့နှစ်ယောက်ကို ခုလိုမြင်ရတော့ တူမလေးခက်ပန်းကို သတိရတယ်ကွယ်"

မျက်နှာချင်းဆိုင် ဆိုဖာမှာ ဝင်ထိုင်ရင်း ပြောလိုက်တဲ့ မေမေ့စကားကြောင့် လက်ဖက်ဇွန်းကို ကိုင်မယ့်ဆဲဆဲ မိုးစွေမျာ သူမဆီ မျက်နှုံးပစ်ပြလာသည်။ အဓိပ္ပါယ်က ...

"ငါ မဖြေတတ်ဘူး" ဆိုတဲ့ အဓိပ္ပါယ်ပင်။ ကျောင်းမပြီးခင်မှာ အစအန ရှာမရအောင် ပျောက်ခြင်းမလှ ပျောက်သွားတဲ့ တစ်ဦးတည်းသောတူမနဲ့ ပတ်သက်ပြီး မေမေ့ရင်ထဲထိခိုက်ခွာ





ခံစားခဲ့ရသည်ကို သူငယ်ချင်းတွေအားလုံး အသိမို့ ခက်ပန်းအကြောင်း ပြောလာပြီဆိုရင် စကားအများပါမည်စိုးလို့ ဘယ်သူမှ မဖြေဆိုကြရဲတော့။ သူမတစ်ဦးတည်းကသာ ... မေမေ နားဝင်ကောင်းစေလောက်မယ့် အဖြေမျိုးဖြင့် နှစ်သိမ့် ခဲ့ရလေသည်။

"ခက်ပန်းလည်း မေမေ့ကို သတိရနေမှာပါ။ သူ့အပြစ်သူသိလို့ မလာရဲတာနေမှာပါ မေမေရယ်"

"သူ့မိဘဆီ မပြန်ရဲလည်း မေမေ့ဆီလာရောပေါ့၊ ခုတော့ ဘယ်အရပ်ဒေသမှာ ဘယ်လို ဘဝမျိုးနဲ့ နေ နေပါလိမ့်ကွယ်"

ပြောရင်ဖြင့် အသံလေး တိမ်ဝင်သွားပြီး မျက်ရည်လေးဝေ့သီလာတဲ့ မေမေ့ကိုကြည့်၍ သူမတို့နှစ်ယောက်မျက်လုံးချင်း စကားပြောကာ ... သက်မကိုယ်စီ ခိုးချမိလေသည်။

ထိုကဲ့သို့ စိတ်ခံစားမှုလွန်ကဲပြီး အစွဲအလမ်းကြီးတဲ့ မေမေ့ကြောင့် သူမကိုယ်တိုင် ... အသည်းနှလုံးမာကြောချင်ယောင်ဆောင်ပြီး ကျောင်းတုန်းက သံယောဇဉ်တစ်မျှင်ကို ဖြတ်တောက်ခဲ့ရသည် မဟုတ်ပါလား။

"မေမေရယ် …ခဏလာတဲ့မိုးစွေကိုလက်ဖက်ကောင်းကောင်းစားပါစေဦး … တော်ကြာ နောက်မလာရဲဘဲနေဦးမယ်"

"အေးပါကွယ် … မေမေက စက်ပန်းလေးအပေါ် စိုးရိမ်လွန်ပြီး သတိရသွားလို့ပါကွယ်၊ ကဲ… သမီးမိုးစွေ …စားပါဦး"

"ရပါတယ် ဒေါ်လေးရဲ့ သမီးက ညှိသည်မှ မဟုတ်တာဘဲ၊ သမီးလည်းရောက်တဲ့ နေရာတိုင်းမှာ စက်ပန်းအကြောင်း စုံစမ်းပါတယ်"

"အေးလေ … သူ့အမေလည်း သူ့စိတ်နဲ့ အိပ်ရာထဲလဲနေရတာပဲ၊ ကဲ …ကဲ …သမီးတို့စကားပြောနှင့်ကြဦးကွယ်"

စကားအဆုံးမှာ ဆိုဖာပေါ်မှထကာ အိပ်ခန်းထဲလှမ်းဝင်သွားတဲ့ မေမေ့ကျောပြင်ကို ငေးကြည့်မိရင်း သူမတို့ နှစ်ယောက် ဒုတိယအကြိမ် သက်မကိုယ်စီ ချမိလေသည်။

"ဖွး"

"ဟင်"

"စက်ပန်းအတွက် ဒေါ်လေးရင်ထဲ ခုထိ ထိရှတုန်းပဲနော်"





"သိတဲ့အတိုင်းပဲလေ … တူမအတွက်နဲ့ ဒီလောက်နှစ်ရှည်လများ ခံစားနေရတာ၊ ငါသာ တစ်ခုခု မှားယွင်းသွားခဲ့ရင် မေမေ ဒုက္ခ ရောက်သွားမလားပဲ မိုးစွေရယ်"

ခပ်တွေတွေလေးဖြစ်သွားတဲ့ သူမကို မိုးစွေက စူးစူးစိုက်စိုက်လေးနဲ့ အကဲခတ်သလိုကြည့်ရင်း လက်ဖက်သုပ် တစ်ဇွန်းကို ခပ်စားလိုက်သည်။

"မိုးစွေ"

"အင်"

"နင်က ရဲအရာရှိမကြီးပီပီ ငါ့ကို တရားခံကြည့်သလိုကြည့်နေပါလား"

"အဟဲ …နင်ကလည်း ကျောင်းဆရာမပီပီ ပါးနပ်ပါပေတယ်"

"အေးဟာ …ခုလို ဆောင်းဟေမာန်ရာသီမှာ…နင့်ကိုတွေ့ရတော့ တို့တွေ ကျောင်းတုန်းက ဘဝကို အောက်မေ့ လွမ်းဆွတ်မိတယ်ဟာ"

မိုးစွေ ... ခပ်ဟဟလေးပြုံးလိုက်ရင်း လက်ဖက်သုပ်နောက် တစ်ဇွန်းကို ပါးစပ်ထဲထည့်ကာ တမြုံ့မြုံ့ဝါးနေ လိုက်သည်။

"လက်ဖက်သုပ်ဝါးလည်း ရှိုးရှိုးဝါးပါတယ် ... ငါးပုပ်ခြောက်ပြုံး ပြုံးမနေပါနဲ့"

"ဖူး"

"ဘာလဲ"

"နင် ...ကိုထူးကို ချစ်ခဲ့တယ် မဟုတ်လား"

"အယ် ...ဘာဆိုင်လဲ...ငါသတိတောင်မရဘူး"

"သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး တွေပါနော် ...နင့်အမေကို ငဲ့ပြီး ကိုထူးကိုငြင်းခဲ့မှန်း ငါတို့အားလုံး သိပါတယ်ဖူးရယ်"

သူမ ခဏ ငြိမ်နေလိုက်သည်။ မိုးစွေစကားက မှန်နေသည်ပဲ။ သို့သော် သူမ ဘယ်လိုမှ ဝန်ခံလို့မဖြစ်ပေ။ မတော် သူမက ဝန်ခံလိုက်ရင် တောင်ကြီးမှာရှိနေတဲ့ စိုင်းကျော်နဲ့ သဖင်





မြင့်မြတ်ဆီကို မိုးစွေက ချက်ချင်းဖောက်သည်ချလိုက်ရင် ... ချစ်ရင်ထူးဆီ သတင်းကရောက်သွားလိမ့်မည်။ သူမအတွက်က နည်းနည်းလေးမှ ပျော်ညွှန့်လို့မဖြစ်ချေ။

"ဖူး . . . သဘာဝတရားကို ထိန်းချုပ်မှုလွန်ကဲရင် အန္တရာယ်ဖြစ်လာတတ်တယ်ဆိုတာ ..ဖူးလည်းသိပါတယ်လေ"

"မိုးစွေရယ် ...ငါ့ရင်ထဲမှာရှိနေတဲ့ သဘာဝအကျဆုံးက မေမေပါပဲ၊ ဒါကြောင့် ငါ့အတွက် အန္တရာယ်ဆိုတာ ဘယ် တော့မှ မဖြစ်လာနိုင်ပါဘူးဟာ"

"အေးလေ ...နေနိုင်ရင်တော့ အကောင်းဆုံးပေါ့ ...ကိုထူးကတော့ နင့်ကို စရှိန်ထိ မေ့ဦးမှာ မဟုတ်ဘူး ...နော်"

မိုးစွေစကားကို သူမ ဘာမှတုံ့ပြန်မနေတော့၊ လက်ဖက်သုပ်ကို သုံးဇွန်းဆက်တိုက် ပါးစပ်ထဲထည့်ပြီး တမြုံ့မြုံ့နဲ့ ဝါးနေလိုက်တော့သည်။ မိုးစွေက မျက်လုံးလေး ပြူးကြည့်နေရာမှ . ... နောက်ဆုံး နားလည်စွာနဲ့ ပြုံးနေလိုက်တော့သည်။

♥ ♥ ♥

## အခန်း (၁၆)

## ကိုယ်စောင့်နတ်လေး သိပါတယ်

သိပ်သိပ်သည်းသည်း
နက်နက်နဲနဲ
ရင်တွင်းတစ်နေရာ
ပမာ လတစ်စင်း
စီးဆင်းမပျက်
နှလုံးသားအချစ်က





လင်းလက်နေမြဲ။
အချစ်ဖူးရယ် ...
တွယ်တာလွန့်လူး
ရင်ခွင်ဦးမှာ
ယစ်ယစ်မူးမူး
မေ့မျောမျောနဲ့
ယုယပိုက်ထွေး
မညည်းမညူကြေးပေ့ါ
မမောတမ်းကို မြတ်နိုးတယ်။
ရာသီတွေပြောင်း ...
နှစ်တွေဟောင်းလို့
စန္ဒာကြေညက်
စိတ်မပျက်ဘဲ
ပင်လယ်ပြာပြာ
လှိုင်းထန်ထန်ကြား
အကြင်နာအားနဲ့

မနားတမ်းကို လွမ်းနေတယ် ...။

"သားရေ ... ဒီမှာ သားသူငယ်ချင်းလာတယ်ဟေ့"

"ဟုတ်ကဲ့ပါမေမေ"

အောက်ထပ်မှ မေမေပြောလိုက်တဲ့ စကားကြောင့် သူမျက်နှာ လေးနစ်ဖက် မြင့်တက်သွားကာ ခုတင်ပေါ်မှ ဝေါက်ခနဲ ထလိုက်သည်။ လက်ထဲက ဒိုင်ယာရီစာအုပ်လေးကို ခေါင်းအုံးဘေးချထားခဲ့ပြီး အိပ်ခန်းအတွင်းမှ ထွက်၍ အောက် ထပ်သို့ သွက်သွက်ကလေး ဆင်းခဲ့သည်။

"ကဲ သားရေ ... မင်းသူငယ်ချင်း ပင်လယ်ပျော်ငှက်ကို တစ်ခါတည်းဖမ်းသွားပြီး ဆုံးမလိုက်ပေတော့"

"စိတ်ချ အန်တီ ... ဒီကောင် အမွေးတစ်ပင် မကျန်စေရဘူး"

"အဟင်း ... ဟင်း ... ဟင်း"

သူဆင်းလာတာကို ကြည့်ပြီး မေမေနဲ့ အတိုင်အဖောက်ညီစွာ ပြောပြီး ရယ်မောနေတဲ့ အသံပိုင်ရှင်ကို အသေအချာ ကြည့်လိုက်မိချိန် သူ့ကိုယ်ခန္ဓာကြီး မြောက်တက်သွားမတတ်ဝမ်းသာသွားမိရသည်။





သူထင်ထားတာက သူ့ဆီလာနေကျ သခော်သား ဘခက်ဖြစ်မည်ဟုပင်၊ ခုတော့ လုံးဝထင်မထားတဲ့ကျောင်းတုန်းက သူငယ်ချင်းမို့ ရင်ပင်ခုန်လာရတော့သည်။

"ဟေ့ကောင် သာလှ ... မင်းကလည်း အပေါ်တက်လာရင် ပြီးရော၊ မေမေကလည်း ... သာလှ လာတယ်လို့ပြောတာ မဟုတ်ဘူး"

"အဟဲ ... ငါက အန်တီ့ကို တမင်မပြောစေတာ မင်းကို အံ့ဩသွားစေချင်လို့ကွ"

"ဟုတ်တယ်သားရဲ့ ... မေမေကလည်း သားကို ပျော်စေချင်တယ်လေ"

တကယ်ပဲ ပျော်ရွှင်ဟန်နဲ့ ငယ်နသလို ဖြစ်သွားတဲ့ ... သားရဲ့အပြုအမူကို ကြည့်ပြီး မိခင်ဖြစ်သူ ... ဒေါ်ရင်ရင်ရွှေမှာ ကြည်နူးနေမိလေသည်။

သာလှပန်းဆီ လှမ်းဖက်ထားရင်း ပြောလိုက်တဲ့ သူ့ကို မေမေက သဘောကျဟန်နဲ့ တစ်ချက်ပြုံးရင်း စကားထောက်ပေးလိုက်လေသည်။

"အင်းပါ ... မေမေ့သားက အရင်ကတည်းက ပျော်တတ်တာ မေမေသိတာပေါ့ကွယ်၊ ကဲ...ကဲ ...သားတို့တွေ့တုန်း ဆုံတုန်း လွတ်လွတ်လပ်လပ် စကားပြောကြပါကွယ်"

မေမေက စကားကို ခပ်ရှည်ရှည်လေး ...ပြောအပြီးမှာ လှစ်ခနဲဆို အခန်းထဲ လှည့်ဝင်သွားခဲ့သည်။

"အန်တီက ခုထိ သွက်တုန်းပဲနော်"

"သွက်လက်ရုံတင် မကဘူးဟောကောင် ...ပါးနပ်တာကလည်း လှစ်နေတာပဲ"

"ဘယ်လိုမျိုးလဲ ...ဆိုစမ်းပါဦး ကိုထူးရဲ့"

ခပ်ပြုံးပြုံးလေးကြည့်ရင်း

စကားလမ်းကြောင်းပေးလိုက်တဲ့ သာလှပခုံးကို ဖက်ထားရာမှ တစ်ချက်ပုတ်ပြီး အနီးရှိ ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။

"သာလှ"

"မင်း ...မော်ဖူးအကြောင်း ပြောမှာမဟုတ်လား"

"ရဲအရာရှိ ဝီသပေါ့ကွာ"





"ကိုထူးရာ ...မြန်မာနိုင်ငံရဲတပ်ဖွဲ့ထဲ မဝင်ခင်ကတည်းက မင်းရဲ့နှလုံးသားကို ငါမြင်ခဲ့ပါတယ်ကွာ"

"မင်းကိုယ်က ချောင်းကြည့်တာကိုး"

"ဟောကောင် ... မညစ်ပတ်နဲ့"

"မဟုတ်လို့လား ...ငါပြောတာ ...ငါနဲ့ဖူးနဲ့ စကားပြောတိုင်း မင်းပဲ ပင်တိုင်လိုက်ချောင်းခဲ့တာလေ"

သူ့စကားအဆုံးမှာ ...သာလှက လှူလက်မောင်းတစ်ဖက်ကို ခပ်ဆဆလေး တစ်ချက်ထိုး၍ ...သဘောကျစွာ ရယ်မောနေလိုက်သည်။

"ငါ ... ဖူးကို တစ်နေ့မှမမေ့လို့မရဘူး ...ငါ့ရင်ထဲက ခံစားချက်ကို ငါ့အမေလည်း သိနေတယ်ကွ"

"မင်းကိုမွေးထားတဲ့ အမေပဲ ...သိမှာပေါ့ ကိုထူးရယ်၊ မော်ဖူးကလည်း မာန မိုးထိနေတာပဲကွာ ...မင်းကို တကယ်ဆင်းရဲတယ်ထင်ပြီး မစဉ်စားတာလားမှ မသိတာ"

သာလှစကားကြောင့် သူ့စိတ်ထဲမှာ ရှင်မော်ဖူးရဲ့ အပြုအမူ အပြောအဆို အနေအထိုင်လေးတွေကို မြင်ယောင်လိုက်မိသည်။

သာလှပြောသလို မဖြစ်နိုင်ဟု သူ့စိတ်ထဲမှာ အကြွင်းမဲ့ယုံကြည်နေမိသည်။

ကဲ ... သားတို့သူငယ်ချင်းနှစ်ယောက် စကားပြောရင်းစားဖို့ ... ကြက်ဥပေါင်မုန့်ကြော်နဲ့ အိုဗာတင်းပူပူလေး"

"အန်တီရယ်"

"ဘာလဲ ...အားနာတယ်ပြောဦးမလို့လား"

"မဟုတ်ပါဘူး အန်တီရယ် ... နည်းတောင်နည်းသေးတယ်လို့ ပြောမလို့ပါခင်ဗျာ"

"အဟင်း ...ဟင်း ...ဟင်း"

မေမေနှင့် သာလှတို့ ဘာပြောပြီး ရယ်လိုက်မှန်း သတိမထားမိလောက်အောင် သူ့အတွေးထဲ နစ်သွားရသည်။

"သာ်း ...ကိုထူး ...မေမေပြောတာ ကြားရဲ့လားဟင်"

"ဗျာ ...မေ ...မေမေဘာပြောလို့လဲဟင်"

"ပြော် ... မေမေ့သားက ကြက်ဥပေါင်မုန့်ကြော်ဆိုအသည်းစွဲလို့ ပြောတာလေ"





"အဟဲ ... မေမေကလည်း သာလှရှေ့မှာ ကပ်ကြွားနေတယ်"

"အမယ် ...မယ် ...ရှက်တဲ့မျက်နှာကြီးက ပူပူနွေးနွေးနွားရေးကို လှည်းဘီးကြိတ်လိုက်တဲ့ အတိုင်းပဲ"

သာလှစကားအဆုံးမှာ မှဲ့ရှုံ့သွားတဲ့ ... သူ့မျက်နှာကြီးကြည့်ပြီး မေမေနှင့် သာလှမှာ သဘောကျစွာ ရယ်မောနေတော့သည်။

♥ ♥ ♥

## အခန်း (၁၇)

"အာ့ကို …သူများ ထားဝယ်စရေးကြီးသွားချင်လို့"

ရွှဲပျစ်ပျစ် ရှတတအသံကြောင့် ဆိုင်ကယ်ပေါ်မှာ ထိုင်လျက်က ညီညီအောင်…နံဘေးကို လှည့်ကြည့်မိသည်။

"မြတ်စွာဘုရား …ဒါကြီးကို တင်မောင်းရမှာ ငါကျောယားလိုက်တာ"

ညီညီအောင့်စိတ်ထဲမှနေ ပြောလိုက်ခြင်းဖြစ်သည်။ ဘာကြောင့်လဲဆို… သူ့ရဲ့ဆိုင်ကယ်တက္ကစီကို စီးဖို့လာမေးသူမှာ





ခေတ်ပေါ် သရီးစတက်အဖြောင့်ကေနင့် မျက်နှာကို ကော်ရှပ်ခြယ်ထားပြီး ဆွဲသား ကိုယ်ကျပ် ဂျင်းစကတ် ဒူးဖုံးဝတ်ကာ ခြေသလုံးသားမှာ အမွေးထူလပျစ်နဲ့ မိန်းမလျာဖြစ်နေလို့ပင်။

"အာ့ကို …သူများမေးနေတယ်လေ"

"ဘာ …ဘာမေးတာလဲ"

"အားတယ် မဟုတ်လားလို့"

"မအားဘူး…တက္ကစီဆွဲနေတယ်"

"အင်း …လေ …သူဆွဲနေမှန်းသိလို့ သူများက စီးမယ်ပြောတာပေါ့၊ အဲဒါ ဈေးမေးနေတာ"

ညီညီအောင် မျက်နှာကြီးမဲ့ကာ ခေါင်းကုတ်နေသဖြင့် ဂိတ်မှာရှိနေတဲ့ အခြားဆိုင်ကယ်တက္ကစီသမားတွေက ပြုံးဖြဲဖြဲကြီးတွေ ဖြစ်နေကြသည်။

ပထမတော့ မအားဘူးလို့ ပြောဖို့ စိတ်ကူးသေးသည်။ ဒါပေမဲ့ ချစ်ဇနီးနဲ့ သမီးလေးရဲ့မျက်နှာကို ကွက်ခနဲ မြင်ယောင်လာမိသဖြင့် ညီညီအောင် စိတ်ကို လျှော့ချလိုက်ရသည်။

"မြန်မြန်လုပ်ပါ …သူများစီးချင်လှပြီ"

"နေစမ်းပါဦး ...ခင်ဗျားက ဆိုင်ကယ်စီးချင်တာလား"

"အမယ်လေးတော်...သူများက ဆိုင်ကယ်မစီးလို့လှတ် စီးရမှာလားလို့"

"ခွီး... ခွီး ...ခွီး"

မိန်းမလျာစကားကြောင့် ဂိတ်မှာရှိတဲ့ ... လူတွေမှာ ဗိုက်စပ်ကို လက်နှင့်အုပ်၍ တခွီးခွီး ဖြစ်ကုန်ကြတော့သည်။

"ခင်ဗျားကိုပြောတာက ဆိုင်ကယ်စီးချင်တာလား၊ လိုရာခရီး ရောက်ချင်တာလားဆိုတဲ့ သဘောကို ပြောတာ"

"ဟင်း ... ရုပ်ကလေးက ဖြူးသလောက် စကားလုံးက ကြမ်းတမ်းလိုက်တာ ...ကဲပါ ...လိုရာခရီးပဲ သွားမှာပေါ့"

"ခုနစ်ရာတော့ ပေးရမယ်"

"ကဲပါ ... ပေးမယ် ... ပေးမယ်၊ ရော့... တစ်ခါတည်း ယူထားလိုက်"

ပြောပြောနဲ့ သူ့လက်ကိုင်အိတ်လေး ဖွင့်ကာတစ်ထောင်တန် တစ်ရွက် ထိုးပေးလာသဖြင့် ညီညီအောင်က လှမ်းယူလိုက်သည်။





"အမ်းစရာအကြွေ သုံးရာမရှိဘူး"

"အကြွေမရှိရင် ပေါင်လှန်အမ်းပေါ့"

"ဘာဗျ"

"သူများက ဘာပြောလို့လဲ ...အကြွေမရှိလည်း ရှိတဲ့ သူဆီမှာ လဲလှယ်ပြီးအမ်းပေါ့လို့ပြောတဲ့ဟာ...ပဲ ...ကိုး"

"ဂန်းချောက်မ"

စိတ်ထဲမှ မေတ္တာပို့ရင်း ပိုက်ဆံတစ်ထောင်ကို အိတ်ထဲထည့်လိုက်ပြီး ဆိုင်ကယ်ကိုစက်နှိုးလိုက်သည်။

"တက် ...ဈေးကြီး ရောက်တော့ ပိုငွေအမ်းပေးမယ်"

ညီညီအောင် စကားပင်မဆုံးလိုက် ... မိန်းမလျာက ဆိုင်ကယ်ပေါ်စွေ့ခနဲ တက်ထိုင်လိုက်သည်။

"ညီညီရေ ... ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့ မမေ့နဲ့ဟေ့"

"ဟုတ်ကဲ့အစ်ကို"

ဘဝတူဆိုင်ကယ်သမားရဲ့သတိပေးစကားကိုရှိသေစွာ ပြန်ပြောရင်း ရှေ့ ခြင်းထဲမှ ဟဲလမတ် (မြိတ်မြို့အခေါ် -

ခမောက်)နှစ်လုံးကို လှမ်းယူကာ သူတစ်လုံးဆောင်းလိုက်ပြီး မိန်းမလျာဆီ တစ်လုံးပေးဖို့ အရှယ် ...

"သူများတော့ ခမောက်မဆောင်းဘူးနော် ... ဆံပင်အလှပျက်ကုန်လိမ့်မယ်"

"အာ ...မဆောင်းချင်လို့ရမလား ....မြို့ထဲမှာ ရဲဖမ်းမှာပေါ့"

"ကဲပါ ... ယာဉ်ထိန်းရဲဖမ်းရင် သူများ ဒဏ်ငွေဆောင်ပေးမယ် ... မောင်းမှာသာ မောင်းစမ်းပါ"

ညီညီအောင် ဘာမှ ဆက်မပြောချင်တော့။ ဆိုင်ကယ်ကို မောင်းထွက်ခဲ့တော့သည်။ စမ်းချောင်းက ထွက်လာပြီး ပေါ်တော်မူ ဘုရားကုန်းခြေရင်းနားအရောက်မှာ မိန်းမလျာက သူ့ခါးကို သိုင်းဖက်လာသဖြင့် ညီညီအောင်မှာ ကျောယားယား ခါးယားယားနဲ့ အောင့်အည်းနေရတော့သည်။



ဂေါက်ကွင်းနှင့် အဝေးပြေးဂိတ်ကို ကျော်ခဲ့ပြီးလေဆိပ်လမ်းအတိုင်း ကွေ့ဝင်လာခဲ့လိုက်သည်။

"ဟင် ...သူများကို ဘယ်ခေါ်သွားမလို့လဲ"

"သောက်ကမြင်းမ ဆိုင်ကယ်ပေါ်က ခါချလိုက်ရရင် ကျိုးသွားတော့မှာပဲ ...(ဒူးခေါင်း)"

မြင်ပြင်းကတ်စွာ စိတ်ထဲမှာပြောဆိုရင်း ညီညီအောင်ဆိုင်ကယ်ကို အရှိန်မြှင့်မောင်းလိုက်သည်။

"အို ...ဖြည်းဖြည်းမောင်းပါ သူများကြောက်လို့"

သူ မကြားယောင်ပြု၍ အရှိန်မြှင့်မောင်းနေရာမှ လေဆိပ်ရှေ့အရောက်မှာ လီဘာကိုလျှော့ကာ ဂီယာပြောင်းပြီး ပုံမှန်လေးပဲ မောင်းနေလိုက်သည်။

"ယူက တစ်နယ်သားနဲ့တူတယ် ...စကားပြောတာ သူများတို့ မြိတ်သံမပါဘူး"

"...."

"နာမည်လေး ပြောဦးလေ ...နောက်တွေ့ရင်ခေါ်ရတာပေါ့"

"...."

"သူများက ခင်တတ်ပါတယ်နော်"

"မလိုပါဘူး ... အိမ်မှာ မိန်းမရှိတယ်"

"အဟက် ...ဟက် ...ဟက်"

"ခင်ဗျား ဘာရယ်တာလဲ"

"အဟက် ... ယူက သိပ်ရိုးတာပဲ ... အဟက် ...အိမ်က မိန်းမက အိမ်မှာနေတာပဲ၊ သူများက လမ်းကမိန်းမလုပ်မှာပေါ့လို့"





"တော်တော်ရွတဲ့ မသာကောင်ပဲ"

ညီညီအောင် စိတ်ထဲမှဆဲရင်း မြေနီလမ်းအတိုင်း ချိုးကွေ့ပြီး ဂီယာရှိန်း၍ စက်ရှိန်မြှင့်ကာ မြို့ထဲဘက်ဦးတည်လိုက်တော့သည်။

ကံဖျားလမ်းဆုံ ကုန်းအတက်လည်း အေးအေးဆေးဆေးပင်၊ ဘုရားငါးဆူအလွန် လေယာဉ်ရုံရှေ့ကလည်း ဖြတ်ပြီးရော ဗိုလ်ချုပ်ကြေးရုပ်နားအရောက်မှာ ရှီ ... ရှီး ... ဆိုတဲ့ အသံကြားတာနဲ့ ညီညီအောင်က ယောင်ရမ်းပြီး ဆိုင်ကယ်အရပ် ... မိန်းမလျာစမျာ အထိတ်တလန့်ဖြင့် ဆိုင်ကယ်ပေါ်မှ ဆင်းကာ ကရဝိတ်စတိုးဆိုင်ဘေးလမ်းဆီ ပြေးဆင်းသွားတော့သည်။

"အဟား ...ဟား ...ဟား ...ဟား"

ဆိုင်ကယ်ပေါ်မှ လူတချို့နဲ့ လမ်းသွားလာတချို့ရယ်သံကြားမှ ညီညီအောင် သတိထားလှည့်ကြည့်မိလိုက်သည်။ သူ့အနောက်မှာ မိန်းမလျာ မရှိတော့။ လူတွေကြည့်ရှုရယ်မောနေတဲ့ဆီ လိုက်ကြည့်မိမှ သူပါ မအောင့်နိုင်ဘဲ ပြုံးမိရလေသည်။

ဒေါက်ဖိနပ်ကိုးရိုးကားရားနဲ့ တင်လေးလိမ်ဖယ်လိမ်ဖယ်ဖြင့် ကံကြီးရေကန်ပေါင်ဆီ သွားတဲ့လမ်းအတိုင်း နောက်လှည့်မကြည့်စတမ်း အပြေးကလေးဆင်းသွားတဲ့ မိန်းမလျာပုံစံက…တကယ့် ဟာသမြောက်ပါပေ့။

အမှန်တော့ ယာဉ်ထိန်းရဲက သူတို့ကို မမြင်သေး။ ရှေ့ကသွားလာနေတဲ့ ဆိုင်ကယ်အချို့ကို ရပ်စေ၍ ဒဏ်ငွေဆောင်နေခြင်းဖြစ်သည်။ မိန်းမလျာကို မြင်ပြင်းကတ်ပြီး အမြန်ပို့ချင်ဇောနဲ့ မောင်းနေရာမှ ခရာသံကြားသဖြင့် ညီညီအောင်က ယောင်ပြီး ဆိုင်ကယ်ကို ထိုးရပ်လိုက်ခြင်းဖြစ်သည်။

"ဟင်း …ပြောတော့ မိုးလားကဲလား …ခုတော့လည်း ဒဏ်ငွေလေးထောင် ဆောင်ရမှာစိုးလို့ ပြေးလိုက်တာ … တော်တော်လာတဲ့ အခြောက်မပဲ "

ပါးစပ်က တိုးဖွဖွပြောရင်း ဆိုင်ကယ်စက်နှိုးရန် မျက်နှာကို ရှေ့ဆီ ပြန်အလှည့် ကရဝိတ်စတိုးဆိုင်ခြံဝင်းထဲမှ ဆိုင်ကယ်တစ်စီး မောင်းထွက်လာတာနဲ့ အမှတ်တမဲ့ကြည့်မိချိန်…။





"ဟင် …ရှင် …ရှင် မော်ဖူးနဲ့ မိုးစွေပါလား"

ရှင်မော်ဖူးတို့ကလည်း ဆိုင်ကယ်အသွားအလာကြည့်ရင်း ညီညီအောင်ကို မြင်သွားချိန်၊ ညီညီအောင်ကလည်း ခေါင်းကိုချက်ချင်းငုံ၍ဆိုင်ကယ်ကိုစက်နှိုးပြီးအသာလေးပြန်ကွေ့ကာ အထက (၁) ကျောင်းလမ်းအတိုင်း ခပ်သွက်သွက်ကလေး မောင်းနှင်ခဲ့တော့သည်။

♥ ♥ ♥

## အခန်း (၁၈)

"အပေါင်း ...ဟင်း...ဟင်း"

"အောင်ပြောတာနဲ့တင် ဒီမိန်းမလျာရဲ့ပုံစံကို မြင်ယောင်ပြီး ပန်းရယ်ချင်မိတယ် အောင်ရယ်၊ အပေါင်း ...ဟင်း ...ဟင်း"

"ဟောဗျာ ... ပန်းကလည်း ... ရယ်နေတာပဲဟာ ... ရယ်ချင်တယ်ရှိဦးမလား မိန်းမရာ"

"အပေါင်း ...အောင်ကလည်း ...ပန်းမျက်လုံးနဲ့သာ တစ်အပ်မြင်ရရင် အားပါးတရ ရယ်မိမှာကို ပြောတာပါ"





ပြောပြီး ...ပြုံးတုံ့တုံ့နဲ့ ဆက်လက်၍ အပ်ထည်တွေကို ချုပ်နေတဲ့ ကျောက်ခက်ပန်းကို သူငေးနေမိသည်။

"ဪ ... ခက်ပန်းရယ် ...ကြမ်းတမ်းပင်ပန်းစွာ မရပ်မနား ဘဝကို ရုန်းကန်နေရတာတောင် ဘယ်တော့မှ ညှိုးမသွားတဲ့ မင်းမျက်နှာလေးကို ငါ ကျေးဇူးတင်မိတယ်ကွယ်"

ညီညီအောင် ရင်တွင်းမှာ တိုးတိတ်စွာ စကားဆိုရင်း မနက်တုန်းက ကရဝိတ်စဝိုးထဲမှ ထွက်လာတဲ့ ရှင်မော်ဖူးနှင့် မိုးစွေတို့ရဲ့ အထက်တန်းကျကျ ဝတ်စားထားတဲ့ ပုံဟန်နဲ့ နွမ်းပါးစွာနေထိုင်ရတဲ့ ခက်ပန်းဘဝ ယှဉ်ကြည့်မိတဲ့အခါ ချစ်ဇနီးသည်အတွက် သူ့ရင်ထဲမှာ နာနာကျင်ကျင် ခံစားရမိလေသည်။

တစ်ချိန်က တက္ကသိုလ်ကျောင်းတော်ကြီးမှာ ...ဘဝတူအဆင့်တူဖြင့် ပျော်ရွှင်ခဲ့တဲ့ ချစ်ဇနီးသည်ရဲ့ ဘဝလေးကို အခုအချိန်မှာလည်း ထိုကဲ့သို့ ရှိစေချင်လှသည်။

သို့သော် မထင်ရက်လောက်အောင် မာနကြီးတဲ့ ခက်ပန်းရဲ့ ဆန္ဒကိုသာ သူမှာ လိုက်လျောနေခဲ့ရသည်ပဲ။ ဘာဖြစ်ဖြစ် သူ့ဘဝ တစ်ခုလုံးမှာလည်း ခက်ပန်းမရှိလို့မှ မဖြစ်ဘဲလေ။

"အောင်"

"ဟင် ... ဘာလဲ ... ပန်း"

"ဘာတွေစဉ်းစားနေတာလဲ ... ပန်းခေါ်နေတာ ကြာပဲ ကြာပြီ"

"ဘာမှ မစဉ်းစားပါဘူး မိန်းမရယ်"

"အောင် ... နေလို့ကောင်းရဲ့လားဟင်"

အမေးနဲ့ အတူ စက်ခုံပေါ်က ထလာပြီး သူ့နဖူးကို လာ စမ်းကြည့်နေတဲ့ ခက်ပန်းရဲ့ လက်ခုံလေးကို ဆွဲယူလိုက်ပြီး တစ် ချက်နမ်းရှိုက်ကာ အနားမှာ ထိုင်စေလိုက်သည်။

"ဘာဖြစ်နေတာလဲ အောင်ရယ်"

"ပြောစရာရှိလို့"

"ဒါများအောင်ရယ် ... ကဲ ... ပြော ... ဘာပြောမှာလဲ"

"ပန်း"

"ရှင်"

"ဒီနေ့မနက်က အောင် မော်ဖူးနဲ့ မိုးစွေကို တွေ့လိုက် တယ်"





"ဟင် ... သူ ... သူတို့အောင့်ကိုတွေ့သွားသေးလားဟင် ....အောင်"

မိုးဆမ်းပန်းလို လန်းနေရာက ချက်ချင်းညှိုးရော်သွား တဲ့ ပန်းတစ်ပွင့်လိုဖြစ်သွားတဲ့ ချစ်ဇနီးရဲ့မျက်နှာကို ကြည့်ပြီး ညီ ညီအောင့် ရင်ထဲ ကျင်ခနဲခံစားလိုက်ရသည်။ ဆင်ခြင်ပြောမှ ဖြစ်မည်ဟုလည်း သူ့ဦးနှောက်ထဲ ချက်ချင်းသိလိုက်သည်။

"မစိုးရိမ်ပါနဲ့ ပန်းရယ် ... သူတို့ အောင့်ကို လုံးဝမတွေ့ သွားပါဘူး။ အောင်ကသာ အဝေးကနေ လှမ်းမြင်လိုက်တာပါ ကွယ်"

"အမယ်လေး ... တော်ပါသေးရဲ့ ယောက်ျားရယ် ... နောက်မြို့ထဲသွားရင် ဂရုစိုက်နော်အောင်"

တိမ်မည်းညိုတွေကြားက ထွက်ပေါ်လာတဲ့ လမင်းလို ဧကရီချင်းဝင်းပသွားတဲ့ ဇနီးသည်မျက်နှာကို ကြည့်ပြီး ကြည်နူး နှစ်ခြိုက်စွာ ခေါင်းညိတ်ပြုံးပြမိရင်း ရင်ခွင်ထဲ တိုးဝှေ့လာတဲ့ ခက်ပန်းရဲ့ကိုယ်လေးကို သာသာလေးပွေ့ဖက်ထားမိလေသည်။

"ငါမျက်လုံး ဒါလောက်မမှုံသေးပါဘူးဟာ"

"ဒါဖြင့်လည်း အဲဒီကတည်းက လိုက်သွားခေါ်ပါလား"

"ရုတ်တရက်ဆိုတော့ ငါလည်းကြောင်သွားတာပေါ့ဟာ ...သူ့ကို ဒီလိုတွေ့ရမယ်လို့ ထင်မှမထားတာ"

"မသေချာဘဲနဲ့ စိတ်ထဲထားမနေပါနဲ့ ..ဖူးရာ၊ ညီညီအောင်က ဥက္ကံ့သားပဲဟာ ..ငါတို့မြို့မှာ ဘာလာလုပ်မလဲ၊ ပြီးတော့ ..ညီညီအောင်ဆို ငါတို့ကိုတွေ့ရင် ခေါ်မှာပေါ့"

"မိုးစွေ ..စကတည်းက ရဲအရာရှိမလုပ်ဘဲ ရှေ့နေလုပ်ဖို့ကောင်းတယ် ..သိလား"





"ဘာဖြစ်လို့"

"လျှာရှည်လို့"

"နင်လည်း ရှည်တာပဲ"

"ငါက ဘာရှည်လို့လဲ"

"အရပ်ရော...အဲ ...ဆံပင်ရောလေ"

"မသာမ ...ရှုတ်နောက်နောက်အကျင့်တွေ ခုထိ...မပျောက်သေးဘူး"

"စွန့်လွှတ်ရမှာ နမြောလို့ပါကွာ ...အဟဲ"

"သာလှကိုလား"

"မဟုတ်ပါဘူး...ငါ့ရဲ့ငါးရံ့ကိုယ်လုံးလေးကို"

"သေလိုက်ပါလား"

"အဟား...ဟား..ဟား"

နှစ်ယောက်သားရှင်မော်ဖူးရဲ့ အိပ်ခန်းထဲမှာ ဂိမ်းဆော့ရင်း အပြန်အလှန်စကားပြောရင်းနောက်ပြောင်နေကြခြင်းဖြစ်သည်။

ကျန်သူငယ်ချင်းသုံးယောက်က ဘာသိဘာသာနေပေမယ့် သူမနှင့်မိုးစွေက ကိုယ်ပိုင်အားလပ်ချိန်တိုင်းမှာ ဂိမ်းဆော့တာချင်းက ဝါသနာတူ၏။ အလုပ်တွေပင်ပန်းပြီး ဦးနှောက်တွေ ကျပ်ခဲနေရင် သူမရောမိုးစွေပါ စိတ်လွတ်လက်လွတ်ဂိမ်းကစားပေးလိုက်တော့သည်။

"စာဂျို့...စာ"

"ဟင်...အိမ်ရှေ့မှာ စာပို့ဝန်ထမ်းရောက်နေတယ်"

"နေ...နေ...ငါသွားယူလိုက်မယ်"

"နှစ်ယောက်စလုံး အတူတူသွားတာပေါ့ဟာ"

ပြောပြောနဲ့ သူမက တီဗီခလုတ်နဲ့ မီးခလုတ်ပါ ထပိတ်လိုက်ပြီး မိုးစွေနောက်မှ ထွက်လိုက်လာခဲ့သည်။

"စက်ာပူကပို့လိုက်တဲ့ စာပါခင်ဗျ"

"ဟယ် ...မြမြစုးဆီကစာပဲ"

သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပျော်သွားကြသည်။

"ကျေးဇူးတင်ပါတယ်နော်"





"ဟုတ်ကဲ့ပါခင်ဗျာ"

စာပို့ဝန်ထမ်းထွက်သွားတော့ နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ အတူတူပြေးထိုင်လိုက်ပြီး စာအိတ်ကို ရှင်မော်ဖူးကဖောက်လိုက်သည်။

"ဟ ... ဓာတ်ပုံလည်းပါတယ်ကွ"

"မှန်း ...ဘာပုံလဲ"

ပြောပြောနဲ့ စာရွက်ခေါက်လေးကြားမှ အစွန်းထွက်နေတဲ့ဓာတ်ပုံကို မိုးစွေက လျင်မြန်စွာ ဆွဲယူကြည့်လိုက်သည်။

"မြတ်စွာဘုရားရေ"

"ဘာဖြစ်တာလဲ မိုးစွေ"

မိုးစွေ ဘာမှ ပြန်မပြောဘဲ အံ့ဩထိတ်လန့်ဟန်လေး နဲ့ပင် လက်ထဲမှ ဓာတ်ပုံကို ရှင်မော်ဖူးဆီ ထိုးပေးလိုက်သည်။

"ဟင် ...ဘာ ...ဘာတွေဖြစ်ကုန်ပြီလဲဟ"

ဓာတ်ပုံကိုကြည့်လိုက်တာနဲ့ သူမရင်ထဲ တုန်လှုပ်ချောက်ချားမှုကို ခံစားလိုက်ရပြီး နှုတ်မှလည်း ထစ်ငေါ့စွာ ရေရွတ်မိလေသည်။

သူမတို့နှစ်ယောက် အုံ့ဩတုန်လှုပ်ရတာကလည်း အပြစ်မဆိုသာပေ။ အကြောင်းမှာ လုံးဝမျှော်လင့်မထားတဲ့ မြင်ကွင်းဓာတ်ပုံထဲမှာကား တစ်ယောက်ကိုတစ်ယောက်မြတ်နိုးတွယ်မက်တဲ့ ဟန်နဲ့ ပွေ့ဖက်လျက် ရိုက်ထားတဲ့ မြမြစုနဲ့ ဝင်းနိုင်စိုးရဲ့ ဟန်ပန်က ရှောက်ရှားစရာပင်။

"အေးဟာ...ကဲ...မော်ဖူး စာဖတ်ကြည့်ရအောင်"

စုမှ သတိဝင်ဟန်နဲ့ ရှင်မော်ဖူးလည်း စာကို အမြန်ဖောက်လိုက်တော့သည်။

*ဖူး...*

*အမြင်ထူးပြီး လန့်နေပြီမဟုတ်လား လိုရင်းပဲ ပြောမယ်ဟာ...ငါဇက်ဘူရောက်ပြီး တစ်နှစ်လောက်မှာ သူနဲ့တွေ့ခဲ့တယ် တွေ့တွေ့ချင်း ငါလည်း အမြင်ကတ်ကတ်နဲ့ ရန်တွေ့ပြီး ငါတို့ သူငယ်ချင်း စက်ပန်း ဘယ်မှာလဲမေးတာပေါ့...။*

*အဲဒီမှာ သူက ဘာပြောလဲဆိုတော့ "စက်ပန်းက မှသိမ်က ပြန်လာတဲ့ နေ့မှာပဲ သူ့အမျိုးသား လာကြိုသွားတာလေ၊ အန်တီက ကျွန်တော်နဲ့ ဖြစ်စေချင်ပေမယ့် သူက ကျွန်တော့်ကို*





*လုံးဝမချစ်ဘဲ ကားပေါ်မှာ သူကပြောတယ်... သူ့မှာ လက်ထပ်ထားတဲ့ ယောက်ျားရှိတယ်၊ အခေါ်ဆွေမှာစိုးလို့ မပြောဘဲနေတာ၊ အခု ရန်ကုန်ရောက်ရင် သူ့အမျိုးသားနောက် လိုက်သွားတော့မယ်တဲ့၊ တကယ်လည်း ရန်ကုန်ရောက်တော့ သူ့ဖုန်းဆက်လိုက်တာနဲ့ သူ့အမျိုးသားက လာကြိုသွားတာပဲ၊*

*ကျွန်တော်လည်း ရှက်တာနဲ့ မိဘဆွေမျိုးတွေကို ဘာမှမပြောတော့ဘဲ သူငယ်ချင်းတစ်ယောက် အကူအညီနဲ့ ဒီကိုထွက်လာခဲ့တာ... နောက်ကြောင်းဘာဆိုဘာမှ မသိဘူးတဲ့လေ*

သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်စေ့စေ့ ကြည့်ကာ ခေါင်းဆိုင်၍ စာကို ဆက်ဖတ်လိုက်သည်။

*ဖူး....*

*လိုရင်းကိုပြောရရင် ... ငါ့အပေါ်အစစနားလည်ပြီး အနစ်နာခံကူညီပေးတဲ့သူကို ဘဝတစ်သက်တာအတွက် လက်တွဲလိုက်ပြီ ဖူးရေ ...။*

*ခက်ပန်းကိုလာကြိုတဲ့သူက ညီညီအောင်လို့ နာမည်ပြောတယ်တဲ့။ တို့တွေ နောက်ဆုံးနှစ်မှာ ညီညီအောင်ပျောက်နေတာ သတိထားမိတယ် မဟုတ်လား။*

သူမတို့နှစ်ယောက် မျက်ခုံးလေး ပင့်တက်သွားပြီး စာကို ဆက်ဖတ်ကြလေသည်။

*ဖူး...*

*ဒီအကြောင်းတွေကို သူငယ်ချင်းအားလုံးကို ပြောပြပြီး ကိုထူးတို့ အဖွဲ့ကို ဆက်သွယ်မေးစမ်းကြည့်ပါဦး ဖူးရယ် ... ဒါပဲနော်။*

*မြန်မာမြေနဲ့ သူငယ်ချင်းတွေကို*

*အမြဲလွမ်းနေတဲ့...မြမြဖူး*

*မေတ္တာ...စက်ာပူ...။*

စာဆုံးသွားတော့ သူမနှုတ်ခမ်းကို ဖိကိုက်ထားလျက်က မျက်ရည်တချို့ ပါးပြင်ပေါ်စီးကျလာခဲ့သည်။

"ဖူး... ဘာဖြစ်လို့မျက်ရည်ကျတယ်ဆိုတာ ငါနားလည်ပါတယ်၊ ခက်ပန်းအတွက် မင်းရင်ထဲမှာ ပူလောင်နေတယ် မဟုတ်လား"





"ခက်ပန်း ဘာလို့ဒီလိုလုပ်ရတာလဲ၊ ဘာလို့ငါတို့ကိုအဆက်အသွယ်မလုပ်တာလဲ မိုးစွေရယ်"

"ကဲ ... စိတ်အေးအေးထားပါတော့နော် ... ဒီကိစ္စ ငါ့တာဝန်ထား"

"နင်က ဘယ်လိုလုပ်မှာလဲ"

"ငါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဆိုတာ နင်မေ့နေပြီလား"

"ကြိုးစားပေးပါ သူငယ်ချင်းရာ၊ ငါ့မှာလည်း ကျောင်းတစ်ဖက်မို့ပါ၊ ဒါပေမဲ့ စာမေးပွဲတွေပြီးရင် ကျောင်းပိတ်ရက်တွေကို ငါအသုံးချရတော့မှာပေါ့ဟာ "

စကားအဆုံးမှာ မျက်နှာကို ခပ်မော့မော့ထား၍ နှုတ်ခမ်းတစ်ဖက်ကိုက်ထားတဲ့ ရှင်မော်ဖူးရဲ့ပခုံးသားကို မိုးစွေက ကြင်နာစွာဖြင့် အားပေးဖျစ်ညှစ်ထားလိုက်သည်။

♥ ♥ ♥

အခန်း (၁၉)

"ဟော့ကောင် သာလှ ...မင်းကလည်း မြိတ်သွားမှာများ စက်ဘုသွားမှာ ကျနေတယ်ကွာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မင်းကိုယ်မင်းလည်း ပြန်ကြည့်ဦး ရှိုင်းထားတာက မင်းသားရှုံးတယ်"

"ကိုထူး"

"ဘာလဲ"

"လေဆိပ်ရောက်ရင် မြိတ်ခရီးသည်တွေကို မင်းတွေ့လိမ့်မယ်"





"တွေ့တော့ ဘာဖြစ်လဲ"

"မြိတ်သူမြိတ်သားတွေ ရှိုင်းထားတာမှ ငါ့ထက်ဆယ်ဆသာသေး"

"မင်းက ဘယ်လိုလုပ်သိတာလဲကွ"

"မိုးဇွေ မြိတ်ပြန်တော့ ငါ လေဆိပ်လိုက်ပို့ဖူးတယ်လေကွာ"

သူ ဘာမှပြန်မပြောဘဲ သူ့ခန္ဓာကိုယ်ကို သူ့ဘာသာပြန်ငုံ့ကြည့်လိုက်သည်။

ဂျင်းဘောင်းဘီအနက်ရောင်နဲ့ စပို့ရှပ်မီးခိုးရောင်ဝတ်ထားတဲ့ သူ့ပုံစံက ရိုးရိုးရှင်းရှင်းနဲ့ အရောင်မှိန်မှိန်ပင်ဖြစ်သည်။

သာလှက စတိုင်ဘောင်းဘီအဖြူရောင်နဲ့ စပို့ရှပ်မိုးပြာရောင်ဝတ်ထားတော့ တောက်ပထင်ပေါ်နေလေသည်။

"သားတို့ မြိတ်ရောက်ရင်လည်း မေမေ့ဆီ လှမ်းဖုန်းဆက်လိုက်ဦးနော်"

"ဟုတ်ကဲ့ပါ မေမေရဲ့ ...တစ်နေ့ကို ဆယ်ကြိမ်ထက် မနည်း မေမေ့ဆီ ဖုန်းဆက်မယ်နော်"

"စိတ်ချပါအန်တီ...ဒီကောင်မဆက်လည်းကျွန်တော်ဆက်ပါမယ်၊ အန်တီ့အတွက် ပုစွန်ခြောက်ကောင်းကောင်းနဲ့ ပါတိတ်လှလှ ဝယ်ခဲ့မယ်"

"အေးပါကွယ် ...အန်တီ ကျေးဇူးတင်ပါတယ်၊ သားတို့ဘာသာ အဆင်ပြေအောင်ပဲ သွားလာကြပါ၊ အန်တီ့အတွက် ဘာမှ မလိုပါဘူးကွယ်"

ပြုံးချိုတဲ့မျက်နှာထားနဲ့ စကားအဆုံးသတ်လိုက်ရင်း မေမေက သူ့အား အထုပ်တစ်ထုပ် ထိုးပေးလာသည်။ သူမေမေ့ကို ဇဝေဇဝါကြည့်ရင်း ...

"ဘာလဲဟင် မေမေ"

"သားတို့ ဟိုရောက်ရင်သုံးဖို့လေ"

"ဟာ ...ဒီလောက်ငွေ အများကြီး မလိုပါဘူးမေမေရဲ့ သားမှာလည်း ငွေရှိပါတယ်"

"လိုလိုမယ်မယ် ယူသွားပါသားရယ် ...လမ်းခရီးဆိုတာ မပြောနိုင်ဘူး"





ပြောရင်းနဲ့ မေမေက သူ့ကျောပိုးအိတ်ကို ဇစ်ဖွင့်ကာ ပိုက်ဆံထုပ်ကို ထည့်လိုက်လေသည်။

"အတော်ပဲ ...အဆင်ပြေရင် တစ်ခါတည်းတောင်းခဲ့မယ်နော် အန်တီ"

"အေး... အေး ...အန်တီကလည်း ဒီကနေ ကြက်ဥပေါင်မုန့်ကြော်ပြီးအဆင်သင့်စောင့်နေမယ်...အဟင်း ...ဟင်း"

အတိုင်အဖောက်ညီနေတဲ့ မေမေနှင့် သာလှကြောင့် သူပါ လိုက်ပြုံးမိလေသည်။

သူတို့နှစ်ယောက် ဘုရားကိုဝတ်ပြုပြီး မေမေ့ကို ကန်တော့၍ အိမ်မှ ထွက်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ချစ်သူရှိရာ မြို့ကလေးကို သွားရမည်မို့ သူ့ရင်ထဲမှာ လှိုက်ဖို ကြည်နူးလျက် စိတ်လှုပ်ရှားနေရသည်မှာ ကား အမှန်ဖြစ်၏။

"ကိုကို ..မြိတ်မြို့က ပျော်စရာကောင်းလားဟင်"

"ကောင်းပါတယ် ... ပင်လယ်အစားအစာတွေပေါပြီး မြိတ်သူမြိတ်သားတွေလည်း ရိုးသားပွင့်လင်းကြတယ်လေ"

"ကိုကို"

"ဟင်"

"မြိတ်ရောက်ရင် ကိုကိုညီနဲ့ မမတို့ကို တွေ့အောင် ရှာမယ်နော်"

"စိတ်ချပါဖြူရယ် ...ကိုကိုအားရင် အားသလို ဒီကောင်တွေကို စုံစမ်းရှာဖွေပေးပါမယ်ကွယ်"





လူနဲ့ပစ္စည်းကို အစစ်ခံကြပြီး နားနေဆောင်ထဲရောက်တော့ လွတ်နေတဲ့ထိုင်ခုံမှာ သူနဲ့ သာလှ ဝင်ထိုင်လိုက်သည်။

"မြိတ်ကိုထွက်မယ့်လေယာဉ်က အကြာကြီး စောင့်ရဦးမှာလားကွ"

"မကြာပါဘူးကိုထူးရာ၊ ဘာလဲ . . မြိတ်ကို မြန်မြန်ရောက်ပြီး မော်ဖူးနဲ့ မြန်မြန်တွေ့ချင်ပြီပေါ့လေ"

"မင်းသိရင်ပြီးတာပဲလေ ...အဟဲ"

သူတို့နှစ်ယောက်ရဲ့စကားသံကြောင့် ကျောပေးထိုင်နေတဲ့ ရှေ့ကစစ်ဗိုလ်စုံတွဲမှာ နောက်ကို ပြိုင်တူကြည့်မိနိုက်နဖူးချင်းတိုက်မိသွားကြသည်။

"ဒုတ်"

"အီး"

"အ"

"ကိုကိုကလည်းကွာ ...အား ... ကျွတ်ကျွတ်"

"မတော်လို့ပါ ဖြူလေးရယ်၊ လူတွေကြားမှာ မအော်နဲ့နော် ...အပြီး"

"သွား ကိုကိုမကောင်းဘူး"

ရှေ့နှံကစုံတွဲတစ်တွဲရဲ့ အဖြစ်အပျက်ကို အမှတ်တမဲ့ ကြည့်မိလိုက်ရင်း သူရော သာလှပါ ပါးစပ်လေးအဟောင်းသားနဲ့ ပြုံးကြည့် ကြည့်နေမိတော့သည်။

"ဟ…ဖေဘဲကောင် …ကိုထူးနဲ့ သာလှ"

သူအမျိုးသမီးကို ချော့ရင်းနဲ့ လှည့်ကြည့်လာတဲ့ စစ်ဗိုလ်လေးမှာ သူတို့နှစ်ယောက်ကိုလည်း တွေ့ရော အံ့သြဝမ်းသာလွန်းစွာ နှုတ်မှခေါ်လိုက်သလို လက်တစ်ဖက်နဲ့လည်း သူ့လက်မောင်းကို လှမ်းပုတ်လိုက်လေသည်။

"ဟာ…မောင်မောင် …သူငယ်ချင်း …အဟား…ဟား…ဟား"

သူတို့သုံးယောက် မတ်တပ်ကိုယ်စီထရပ်၍ တစ်ယောက်ကို တစ်ယောက် ဝမ်းသာအားရ ဖက်ထားလိုက်ကြသည်။

"ငါတို့ပြန်ဆုံကြတာ ဝမ်းသာတယ်ကွာ"





"အေးကွာ၊ ကျောင်းပြီးတော့ ဝါသနာပါရာ ဘဝကိုယ်စီနဲ့ဆိုတော့ တစ်ယောက်ကိုတစ်ယောက် မဆက်သွယ် ဖြစ်ကြတော့ဘူးပေါ့ကွာ"

"မင်းတို့နှစ်ယောက်ရဲ့ စကားသံထဲမှာ မော်ဖူးဆိုတဲ့ နာမည်ပါလာလို့ ငါလှည့်ကြည့်မိတာ မြေးမလွဲပဲကွာ"

"အဟား …ဟား …ဟား"

တစ်ယောက်တစ်ပေါက်ဖြင့် ရယ်မောပြောဆိုရင်း သူတို့နေရာ အသီးသီးမှာ ပြန်ထိုင်လိုက်ကြသည်။

"ဖြူ…သူတို့ကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့…ကိုကို့ သူငယ်ချင်းတွေပဲဟာ"

ခုမှ သူနှင့် သာလှမှာ ဖြူဖြူအောင်ကို အသေအချာ ကြည့်မိသွားသည်။ ကျောင်းတုန်းက ရန်ကုန်နဲ့ အနီးဆုံးမှာ နေထိုင်သူ ညီညီအောင်တို့အိမ်ရှိရာ ဥတ္တံကို သုံးခေါက်လောက် သူတို့သူငယ်ချင်းတစ်တွေ ရောက်ခဲ့ဖူးသည်။

ထိုစဉ်က ဖြူဖြူအောင်မှာ ဆယ့်လေးနှစ်ထင် မပြည့်လောက်သေး။

ခုတော့ ကြည့်စမ်း ... ထွားကျိုင်းလာလိုက်တာ ရုတ်တရက် မမှတ်မိချင်စရာပင်။

"ဟော့ကောင်တွေ . . . ဒါဖြူဖြူအောင်လေကွာ၊ မမှတ်မိကြဘူးလား"

"မှတ်မိပါတယ် မောင်မောင်ရဲ့ ... အံ့သြနေလို့"

"ဟုတ်တယ်ကွ ... မင်းတို့နှစ်ယောက်က ...

သူတို့နှစ်ယောက် စကားမဆုံးခင်မှာ မောင်မောင်က လက်ကာပြလိုက်ပြီး စကားကို ပြုံးလျက် ပြောလာခဲ့သည်။

"ငါ ဗိုလ်သင်တန်းကျောင်းဆင်းတော့ သာယာဝတီ ခကာအပြန် ကားပေါ်မှာ ဖြူနဲ့ဆုံတာလေ၊ ဖြူက သူ့အမေအတွက် လိုအပ်တဲ့ ဆေးတွေ ရန်ကုန်လာဝယ်တာ"

"ဒါနဲ့ မင်းတို့ဖူးစာဆုံကြတယ် ဆိုပါတော့"

"အဟဲ ... နှစ်နှစ်လောက်ကြာမှ ယူတာပါကွ"

"နေစမ်းပါဦး . . . ညီညီအောင့်သတင်းလည်း ငါတို့ ဘာမှမကြားရပါလား"





သူ့မေးခွန်းကြောင့် မောင်မောင်နှင့် ဖြူဖြူအောင်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ်လိုဖြေရမလဲ ဆိုတဲ့ အဓိပ္ပါယ် မေးခွန်းထုတ်နေဆဲမှာပင် မြိတ်ခရီးသည်များ လေယာဉ်ပေါ် တက်နိုင်ပါပြီဆိုတဲ့ ကြေညာသံကြောင့် သူတို့ အားလုံး နေရာမှ အသီးသီးထရပ်၍ သတ်မှတ်ကား ပေါ်သို့တက်ကာ လေယာဉ်ဆီသို့ လိုက်ပါခဲ့ရတော့သည်။

♥ ♥ ♥

## အခန်း (၂၀)

မြိတ်လေဆိပ်ဆီ ညင်သာစွာဆင်းသက်လာတဲ့ ဂျက်လေယာဉ်ကို ညီညီအောင် ဘာရယ်မဟုတ် ငေးကြည့်နေမိသည်။ သူကျောက်ခက်ပန်းနှင့်အတူ မြိတ်မြို့ကိုလာခဲ့စဉ်က လေယာဉ်တစ်ခါ စီးခဲ့ဖူးသည်။ အဲဒီတုန်းက ယောက်ျားလေးအသွင်ဖြင့် ရုပ်ဖျက်ထားတဲ့ အခြယ်အသမဲ့ ကျောက်ခက်ပန်းရဲ့ အပြစ်မဲ့ မျက်နှာလေးကို သူငေးမဝခဲ့ပေ။

"ဟင် ...ညီ ... ညီမလေးနဲ့ တူလိုက်တာ"





ခရီးသည်လေးငါးဦးနောက်မှာ လိုက်ပါလာတဲ့ ဖြူဖြူအောင်ကို တွေ့လိုက်တော့ သူအံ့သြထိတ်လန့်သလို စိတ်လှုပ်ရှားသွားရသည်။

မြင်ကွင်းက တဖြည်းဖြည်းနီးလာခဲ့သည်။

ဗိုက်ဖုံးအင်္ကျီတကားကားနှင့် အနည်းငယ်ထွားကျိုင်းလာတာကလွဲရင် လွန်ခဲ့တဲ့ငါးနှစ်၊ ခြောက်နှစ်ခန့်က ရုပ်အတိုင်း ကြည်လင်ချိုမြနေတဲ့ ဖြူဖြူအောင့်မျက်နှာလေးက ပိုမို ထင်ရှားလာလေသည်။

"ငါ့ညီမလေး အစစ်ပါပဲလား၊ သူ့မှာလည်း မပေါ့မပါးကြီးနဲ့ ...ငါတွေ့လိုက်ဦးမှပဲ"

အတွေးနဲ့အတူ ဖြူဖြူအောင်ရှိရာ ပြေးကြိုမယ်အလုပ် ညီညီအောင့်မြင်ကွင်းထဲရောက်လာတဲ့ နောက်တစ်ဦးကြောင့် နေရာက မရွေ့ရဲဘဲ ညီညီအောင် မျက်စုံးနှစ်ဖက် မြင့်တက်သွားရသည်။

"ဖြူ နေပူတယ် ... ရော့ ... ဒီဦးထုပ်လေးဆောင်းပြီး ကိုယ့်လက်မောင်းကို ကိုင်ထားနှင့်"

ခေါင်းပေါ်က ဦးထုပ်ကိုချွတ်ပြီး ဇနီးသည်ကို တယုတယ ဆောင်းပေးလိုက်တဲ့ စစ်ဗိုလ်လေးရဲ့ အပြုအမူက မြင်သူရင်ကို အေးမြစေပါသည်။

"မောင် ... မောင်မောင်ပါလား၊ သူ ... သူက စစ်ဗိုလ်တောင်ဖြစ်နေပြီပဲ၊ ဒါဆို သူ ... သူက ညီမလေးရဲ့ ... ညီမလေးရဲ့"

သူ့စိတ်ထဲမှပြောရင်း သူငယ်ချင်းနဲ့ ညီမဖြစ်သူ အတွက် ဝမ်းသာဂုဏ်ယူခြင်းတစ်ဝက်၊ ဝမ်းနည်းအားငယ်ခြင်း တစ်ဝက်ဖြင့် မျက်ရည်လည်ရွှဲ ရင်မှာစံစားမိလေသည်။

ညီညီအောင် သူ့ရှေ့က ဖြူဖြူအောင်တို့ဖြတ်သွားလျှင် မမှတ်မိလေအောင် မျက်မှန်အနက်ကို ကောက်တပ်လိုက်သည် နားနေဆောင်ဆီဝင်သွားတဲ့ မောင်မောင်နှင့် ဖြူဖြူအောင်တို့ရဲ့ နောက်ကျောဆီ ငေးမောနေမိရာမှ သူ့ကိုယ်သူပြန်ငုံ့ကြည့်မိသည်။

"အင်း ... ငါ့အသားတွေက နေလောင်ထားလို့ မည်းမှိုင်းနေပြီး အဝတ်အစားကလည်း နွမ်းနွမ်းပါးပါးဆိုတော့ တော်ရုံနဲ့ သူတို့မမှတ်မိနိုင်ဘူးလေ"





ညီညီအောင် စိတ်ထဲမှ တွေးရင်းခရီးသည် နားနေဆောင်ဘက် ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်ချိန် ခရီးသည်တွေကြားက ခပ်သုတ်သုတ်လျှောက်လာပြီး သူ့ကို တိုးတိုက်သွားတဲ့ လူနှစ်ယောက်ကြောင့် "အတော်ရိုင်းတဲ့လူတွေပဲ" လို့ စိတ်ထဲမှ ကျိတ်ပြောမိပြီး လှမ်းကြည့်မိလေသည်။

"ဟိုက် ... ကိုထူးနဲ့ သာလှ ... ဒီကောင်တွေ ဘယ်လိုက ဘယ်လို ..."

ဆက်မစဉ်းစားဖြစ်တော့။

အံ့ဩစွာနဲ့ပင် ခရီးသည်တွေနဲ့ ရောထွေးပြီး သူတို့နောက်က ကပ်လိုက်ခဲ့လေသည်။

"ဟေ့ ... ကိုထူးနဲ့ သာလှ ... ငါဒီမှာကွ"

နားနေဆောင်အပြင်ဘက်က လှမ်းခေါ်လိုက်တဲ့ မောင်မောင့်အသံကြောင့် ကိုထူးနှင့်သာလှက မောင်မောင်တို့ရှိရာ တစ်ခါတည်းလျှောက်ခဲ့လိုက်သည်။

"မောင်မောင် ... မင်းတို့ ပစ္စည်းရွေးရဦးမှာလား"

"ဟင့်အင်း … ငါတို့ ပစ္စည်းတွေကို သင်္ဘောနဲ့ တင်ပို့လိုက်ပြီ၊ ငါက ဖြူကိုငှဲပြီး လေယာဉ်စီးလာတာ၊ ဒါနဲ့ … မင်းတို့ကို ဘယ်သူက ကြိုမှာလဲ"

"အင်း … မော်ဖူးနဲ့ မိုးဆွေ လာကြိုမယ်ပြောတာပဲ၊ ခုထိတော့ မတွေ့သေးဘူး"

"လာမှာပေါ့ ကိုထူးရာ … ဒါလောက်လည်း စိုးရိမ်မနေပါနဲ့၊ တို့တွေ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့၊ ဟိုမှာ တပ်က ကားလာကြိုနေလို့ ငါတို့သွားနှင့်မယ်နော် သူငယ်ချင်းတို့"

"ဟင်း … မင်းတို့ကလည်း မော်ဖူးတို့နဲ့ တွေ့သွားရအောင် စောင့်ပါဦးလားကွာ"

"ဆောရီးပါသူငယ်ချင်းရာ … ငါတို့က အချိန်နဲ့အလုပ်လုပ်နေလို့ပါ၊ ငါက ရွှေပေးတပ်မှာ တာဝန်ကျတယ်၊ မင်းတို့ငါ့ဆီ အချိန် မရွေး လာခဲ့ကွာ"

"ကဲ … ကဲ ဒါဖြင့်လည်းသွားကြ … ညီမလေးဖြူဖြူတော့ တာနော် …"





"ဟုတ် … ဖြူတို့ဆီလည်း ရောက်အောင် ဆက်ဆက်လာခဲ့ကြပါဦးနော်"

"စိတ်ချညီမလေး … စိတ်ချ"

မောင်မောင်တို့ လိုက်ပါသွားတဲ့ကား လေဆိပ်က အထွက်မှာပဲ ရှင်မော်ဖူးနဲ့ သက်သက်မိုးဆွေက ဆိုင်ကယ် ကိုယ်စီဖြင့် ရောက်လာကြလေသည်။

"ဆောရီးနော် … တို့နည်းနည်း နောက်ကျသွားတယ်"

"ရပါတယ် မိုးဆွေရဲ့ … ခုလိုမြင်လိုက်ရတာပဲ ပန်းခဲ့သမျှ အကုန်ကျသွားခဲ့ပြီ"

"ဟင်း … အသက်ကကြီးပြီ … အကျင့်ကမပျောက်သေးဘူး"

"အဲဒီအကျင့်က မော်ဖူးနဲ့တွေ့မှ ပေါ်ပေါ်လာတာလေ"

"သွား … ဘာမှန်းလဲမသိဘူး"

မျက်စောင်းတစ်ချက်ဝေ့ပြီး သူမရှေ့က ထွက်သွားတော့ သူတို့သုံးယောက်မှာ ရယ်မောရင်းဖြင့် နောက်က လိုက်ခဲ့လေသည်။

"လေဆိပ်မှာ သူတို့တွေကို တွေ့လိုက်တယ် ... ဟုတ်လား အောင်"

ညီညီအောင် ခေါင်းညိတ်ပြရင်း ညိတ်ပြလိုက်ပြီး ... ကျောက်ခက်ပန်း ပြင်ပေးထားတဲ့ ထမင်းစားပွဲ ဝိုင်းတွင် ခပ်ငူငူလေး ဝင်ထိုင်လိုက်သည်။

"အဲဒါကြောင့် အောင့်ကိုပြောတာ ... လေဆိပ်၊ ကားဂိတ်၊ သင်္ဘောဆိပ်တွေကို မသွားပါနဲ့လို့"

"အောင်လည်း ပိုက်ဆံအပိုလေး ရမလားလို့ပါကွာ"





"အခုတော့ ပိုက်ဆံအပိုမရဘဲနဲ့ နောက်ပြန်ပြေးခဲ့ရပြီ မဟုတ်လား အောင်ရယ် ... ဒီနားလေးမှာပဲ တက္ကစီဆွဲပါနော် အဝေးကြီးတွေ လျှောက် ... မသွားပါနဲ့ နော်"

ပြောရင်းနဲ့ လက်ဆေးဇလုံထိုးပေးလာတဲ့ ကျောက်ခက်ပန်းကို ကြည့်ရင်း သူသက်မငွေ့ငွေ့ချမိလေသည်။ အဝတ်အစားနွမ်းနွမ်းနဲ့ သနပ်ခါးဘဲကြားလိမ်းထားတဲ့ သူမရဲ့မျက်နှာလေးက အစဉ်ပြုံးနေသော်လည်း သူ့ရင်ထဲမှာ ဇနီးချောကို ဒီဆင်းရဲတွင်းက ဆွဲထုတ်ချင်ပါသည်။

မူကြိုကို ရောက်နေပြီဖြစ်တဲ့ သမီးလေးရဲ့အနာဂတ်ကိုလည်း လှပစေချင်ပါသည်။ သူကိုယ်တိုင်လည်း ပုန်းလျှိုး ကွယ်လျှိုးဘဝဖြင့် မနေချင်တော့ပါ ... ချစ်ဇနီးချောရဲ့သဘောဆန္ဒအတိုင်းသာ လိုက်လျောနေရသည်လေ။

ဟော ... အခုဆိုရင် ညီမလေးဖြူဖြူအောင်ပါသူနဲ့ အနီးဆုံးမှာ ရှိနေခဲ့ပြီ။

ဒါပေမဲ့ တစ်အူတုံဆင်း ညီမငယ်ကိုတွေ့လို့မှ သူမှာ လိုက်လိုက်လှဲလှဲ နှုတ်ဆက်ဝမ်းသာ ကြည့်နူးခွင့်မရခဲ့ပေ။

"အောင် ...လက်မဆေးဘဲနဲ့ ဘာဝေးနေတာလဲ ... ဘာလဲ ခက်ပန်းကို စိတ်ဆိုးလို့လားဟင်"

"ပန်း"

"အောင် ...ပြောလေ"

"ပန်းရယ် ...အောင်တို့ ဥက္ကံပြန်ကြရအောင်လား"

"ဘာလဲ .. အောင်က သူတို့တွေကို တွေ့ပြီး အားငယ်လာပြန်ပြီလား၊ ဒါမှမဟုတ် ... ပန်းနဲ့အတူ ဆင်းရဲဒဏ်မခံနိုင်တော့လို့လား ...ဟင်"

"မဟုတ်ပါဘူးပန်းရယ် ...ပန်းဆင်းရဲနေတာကိုအောင် မကြည့်ရက်လို့ပါကွယ်"

"တော်ပြီ ...ပန်းကို လွဲမချနဲ့၊ အောင်ဆင်းရဲပင်ပန်းဒဏ် မခံနိုင်ရင် အောင့်မိဘအိမ် အောင့်ဘာသာပြန်သွားချေ၊ ကဲ ... ခုတော့ ထမင်းစားဦး"

သိသာစွာ အပြုံးရိပ်ကွယ်ပျောက်သွားတဲ့ ချစ်ဇနီးချောမျက်နှာကိုကြည့်ပြီး ရင်မှာ ကျင်ခနဲခံစားမိရင်း သူမအနီးကို တိုးကပ်ထိုင်၍ ညင်သာစွာပဲ ရင်ခွင်ထဲဆွဲယူကာ ပွေ့ဖက်ထားမိလေသည်။





နှုတ်မှစကားကို ထွက်မလာသော်လည်း ညီညီအောင့် စိတ်ထဲ မှာတော့ တိုးတိတ်စွာ ပြောနေမိပါသည်။

"ပန်းရယ် ...မင်းလေးအတွက် ငါ့ဘဝတစ်ခုလုံးကို ပေးထားပြီးပြီပဲ၊ ငါက ဘာကြောင့် မင်းကို ထားခဲ့ပြီး သွားရမှာလဲကွာ၊ ဒါပေမဲ့ မင်းရဲ့မာနတွေကိုတော့ နည်းနည်းလောက်လျှော့ချသင့်ပါတယ် ... ပန်းရယ်"

♥ ♥ ♥

## အခန်း (၂၁)

"ဒီလိုဆို ခက်ပန်းနဲ့ ညီညီတို့က ဘယ်ကိုရောက်သွားကြတာလဲ"

"အေးလေ... သူတို့နှစ်ယောက်က ဘယ်တုန်းက ရည်းစားဖြစ်ဖူးလို့လဲ"

"ကဲ ...ဒါတွေအသာထား ...မြမြစုးရဲ့စာအတိုင်းဆိုရင် ဒီနှစ်ယောက် ခုလောက်ဆိုအပိုလေးတွေတောင် ရနေလောက်ပြီ"

"အရေးထဲ ...မင်းကတစ်မျိုး"





"အဟား...ဟား...ဟား"

တစ်ယောက်တစ်ပေါက် ပြောနေရာမှ ထဖောက်လာတဲ့ ချစ်ရင်ထူးကြောင့် ညစ်ညူးစရာတွေကြားမှ ရယ်ပွဲလေးဖြစ်သွားရသည်။

"မင်းမှတ်မိသေးလား ကိုထူး"

"ပြောကြည့်လေ"

"ငါတို့နောက်ဆုံးနှစ်မှာတုန်းက ညီညီပြန်မလာနိုင်လို့ ဖုန်းဆက်ခေါ်တာ"

"အဲ ... ငါသိပြီ ... အဲဒီတုန်းက သူ့မားသားကြီးက ဖုန်းလာကိုင်ပြီး ညီညီနဲ့ ပတ်သက်ပြီး နောက်ထပ်မဆက်သွယ်ဖို့ ဘာမှမမေးဖို့ ပြောခဲ့တာပဲ"

"ဒီအကြောင်းတွေ ကျွန်မတို့လည်း မသိရပါလား"

"ဒေါ်မော်ဖူးတို့ကရော ... ခက်ပန်းအကြောင်းကို ပြောလို့လား"

"ဟုတ်ပါပြီ ...အဲဒီတုန်းက စကားစပ်မိကြရင် ကျွန်မတို့ အဖြေတစ်ခုတော့ ရမှာပါ... နော်"

"နောင်တရပြီပေါ့လေ"

"သေလိုက်ပါလား"

"အဟင်း ... ဟင်း ... ဟင်း"

ချစ်ရင်ထူးနှင့် ရှင်မော်ဖူးတို့ကိုကြည့်ပြီး သာလှနှင့်မိုးဗွေ မရယ်ဘဲမနေနိုင်တော့။

"မင်းတို့နှစ်ယောက်က ဘယ်တော့မှ အဆင်မပြေပါလား...ဟင်...ကိုထူး"

"ငါ့ဘက်ကတော့ လုံးချောပါကွာ၊ ဘယ်တုန်းကမှ ဘုတုံး မရှိခဲ့ဘူး"

"မင်းအကျင့်တွေက ဟိုတုန်းက အတိုင်းပဲနော်"

"ဪသာလှရယ် ...ဟိုတုန်းက အတိုင်းထက်ကို ရှည်တယ် ...တကယ်ပါကွာ"

"ကိုထူး ... မိန်းမသားတွေရှေ့မှာ စကားပြောဆင်ခြင်လေကွာ"

"တကယ်ပါသာလှရယ်...အဖုအထစ်လေး မြူတစ်မှုန်တောင်မရှိတဲ့ ငါ့ရင်ထဲက သံယောဇဉ်ကြိုးက ရှည်သထက် ရှည်





လွန်းလို့ စုဆို ...ကြည့်ပါလား...မြိတ်ရှေ့မြို့ကိုတောင် ရောက်လာပြီလေ"

မချိုမချဉ်မျက်နှာနဲ့ ပြောနေတဲ့ ချစ်ရင်ထူးစကားအဆုံးမှာတော့ မော်ဖူးရော မိုးဗွေပါ ပြိုင်တူမျက်စောင်းထိုးပစ်လိုက်ကြသည်။ သာလှက ပြုံးစေ့စေ့ (စိစိ) ပင်။

"ဟိုက်"

"ဘာလဲဟ"

"အေးလေဟာ ... မထိသာ မလန့်သာနဲ့"

သာလှရဲ့ပြုံးပြုံးပျာပျာ အမူအယာကြောင့် သူရော သူမတို့ပါ မျက်လုံးလေးတွေပြူးပြီး နားတွေကျယ်သွားရသည်။

"ဘာဖြစ်ရမလဲ ...ကိုထူးရ ... ငါတို့ ...မောင်မောင်နဲ့တွေ့ခဲ့တာပဲ"

"ဟား...ဟော့ကောင်သာလှ...ဆောရီးဆိုးဆောရီးကွာ...ငါလုံးဝမေ့နေတယ်"

"မေ့မှာပေါ့ ...မင်းအတွက်က အရာရာကိုမေ့သွားနိုင်တဲ့ မော်ပင်အောက် ...အဲ မေ့ပင်အောက် ရောက်နေပြီကိုး"

"အာ ...သူငယ်ချင်းရယ်...အပေါ်း ... ဟုတ်တယ်ကွာ..
..ဟုတ်တယ်"

သူမတို့မှာ သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်၍ ခေါင်းကိုယ်စီကုတ်ပြီး အူတူတူလေးဖြစ်နေကြသည်။

"ဒီမယ် ... ရှင်တို့ မောင်မောင်နဲ့ တွေ့တာ ဘာကြောင့် ဒီလောက်အထိတ်တလန့်ဖြစ်ရပြန်တာလဲ"

"ကိုယ်တို့အထိတ်တလန့် ဖြစ်တာမဟုတ်ဘူး မော်ဖူးရဲ့ ... တကယ့်ကြားကွက်ကိုတွေ့ပြီး မှေ့ထားမိလို့ပါကွာ"

"ကိုသာလှ ...မောင်မောင်က ဘာဖြစ်လို့လဲဟင်"

"မိုးရာ ... သာလှက အထာပြရဦးမှာလား"

"ဘာဖြစ်ရပြန်တာလဲ...ကိုသာလှရယ်"

"မိုးခေါ်နေကြ "မောင်"လို့ခေါ်လေကွာ"

"ဟွန်း...ရှင်က တစ်မျိုး"

"ခစ်ခစ် ...ခစ် ...ခစ်"

မိုးစွေရဲ့ခပ်စူးစူးဟန်နဲ့ စကားသံကြောင့်နှာခေါင်း လေး ရှုံ့သွားတဲ့ သာလှကိုကြည့်ပြီး မော်ဖူးက ပါးစပ်အား လက်





ချောင်းလေးနဲ့ ကာလျက် ကလေးတစ်ယောက်လို ရယ်ပစ်လိုက် သည်။

"ဟိုတုန်းကလိုပါပဲလား မော်ဖူးရယ် ... မင်းရဲ့ရယ်ပြုံး ဟန်လေးတွေက တကယ်အပြစ်ကင်းတယ် ချစ်သူရယ်"

ချစ်ရင်ထူး...ရင်ထဲမှာ တိုးတိုးလေးပြောခြင်းဖြစ် သည်။

"ကိုထူး"

"ဟေ"

"မသိပါဘူး...အသက်မှရှိသေးရဲ့လားလို့"

"အဟဲ ..ဟဲ ...ဟဲ"

သူ ဘာမှ တုံ့ပြန်စကားမဆိုတော့ဘဲ ရယ်ပဲနေလိုက် တော့သည်။ ချစ်သူရဲ့မျက်စောင်းကို နောက်တစ်ခါ သူမလိုချင် တော့။ ချစ်သူမျက်တောင်လေး ကျွတ်သွားမှာစိုးလေသည်။

"ကဲပါ ...မောင်မောင်က ဘာဖြစ်လို့လဲ ...ပြောပါဦး"

"မောင်မောင်က မိန်းမရနေပြီလေ မိုးရဲ့"

"ဒါဘာထူးဆန်းလို့လဲ ...ဟွန်း"

"အဲ ...သူရထားတဲ့မိန်းမက ညီညီအောင့်ညီမလေးဆို ရင်ကော"

"ဟင် ...ညီညီအောင့်ညီမ ...ဘယ်... ဘယ်မှာလဲ... သာလှ ကျွန်မတို့သွားကြမယ်"

"ဟိုးထား ...ဟိုးထား ...မောနေပါဦးမယ် မော်ဖူးရယ်. ...ဖြည်းဖြည်းပါနော် ...ကိုယ်မကြည့်ရက်လို့ပါကွာ"

"သေလိုက်ပါလားလို့"

"အဟား ... ဟား ... ဟား"

မော်ဖူးစကားမဆုံးခင်မှာ

ကြားဖြတ်ဝင်ပြောလာရင်း ရှုတ်နောက်နောက်အမူအ ယာဖြင့်မော်ဖူးရဲ့လက်ချောင်းလေး တွေကို ခပ်ဖွဖွလေးကိုင် လာသည် မို့ မော်ဖူးမှာ ဆက်ခနဲရှန်းလိုက်ပြီး ရှက်မျက်စောင်းနဲ့ လှမ်းပြောလိုက်တာကြောင့် သူငယ်ချင်းတွေမှာ ...ရယ်ပွဲလေး ဖြစ်သွားရပြန်တော့၏။



"သဇင် ... သဇင်လေး"

မော်တော်ဆိုင်ကယ်ကို စက်ရပ်ပြီးတာနဲ့ သားရေအိတ် အနက်လေးကို ဆွဲပြီး အသံနှင့်အတူ အပြေးကလေးအနား ရောက်လာတဲ့ စိုင်းကျော်ကို သူမ လှည့်မကြည့်ဖြစ်ပါ။ မျက်ရည် တွေကို ကပျာကယာသုတ်ပစ်လိုက်ပေမယ့် သဇင်မြင့်မြတ်ရဲ့ပါး ပြင်ပေါ်မှ မျက်ရည်စတွေကို စိုင်းကျော် မြင်ဖြစ်အောင် မြင်သွား ပါ၏။ ခုံတန်းရှည်အစွန်လေးတွင် နောက်မှီထိုင်လျက်တစ်ဖက် သို့ လှည့်နေတဲ့ ဖနီးသည်ဘေးမှာဝင်ထိုင်ပြီး သားရေအိတ်ကို နံ ဘေးဆီချကာ တစ်ဖက်လှည့်နေတဲ့ မျက်နှာလေးကို ဆွဲမော့လှ လိုက်လေသည်။

"ဟင် … သဇင် … ဘာလို့ငိုထားရလဲကွာ … ဘာဖြစ်လို့လဲ သဇင်ရယ်"

မျက်ရည်စလေးတွေကို တို့သုတ်ပေးရင်း မေးလာပါမှ ဝမ်းနည်းမှုတွေက သူမ၏ ရင်တစ်ပြင်လုံးဆီသို့ လှိုက်တက်လာတော့သည်။

"ဟောဗျာ … ပြောရင်းနဲ့ မျက်ရည်တွေက ထွက်ကျလာပြန်ပြီ၊ သဇင် … အိမ်က တစ်ယောက်ယောက်နဲ့များ စကားများထားသလားဟင်"

"အို … မဟုတ်ပါဘူး"

"ဒါဖြင့် စိုင်းကိုပြောကြည့်ပါလား … သဇင် ဘာတွေ ခံစားနေရလဲဆိုတာလေ … နော်"

"စိုင်း"

"ဗျာ"

"သဇင်လေ မြိတ်ကိုသွားချင်တယ် … ဖေဖေ ၊ မေမေတို့ကိုလည်း အောက်မေ့တယ်စိုင်းရယ်"





"ဩော် … ဒါများသဇင်ရယ် … ဟောဒီသဇင့်ဗိုက်ထဲက သားသားမွေးပြီးရင် သွားကြမယ်လို့ စိုင်း ပြောထားပြီးသားပဲကွယ်"

"ဟင်အင့် … ဟင်အင့် … သဇင့်မိဘအိမ်မှာပဲ ကလေးပြန်မွေးချင်တယ် စိုင်းရယ် … နော်"

"ဘာလဲ … စိုင်းရဲ့ မိဘတွေက သဇင့်ကို ဂရုမစိုက်လို့လားဟင်"

"ဒီလို မဟုတ်ပါဘူး စိုင်းရယ် … သဇင်က သားဦးလေးမွေးမှာဆိုတော့ မေမေ့ကို အနားမှာရှိစေချင်လို့ပါ"

တကယ်လည်း အလိုလိုနေရင်းနဲ့ သူမ အားငယ်ကြောက်ရွံ့စိတ်တွေ ဖြစ်ပေါ်ခံစားနေရသည်။စိုင်းကျော် မိသားစုတွေက စီးပွားရေးသမားတွေမို့ သူမအပေါ်မှာ ဥစ္စာပစ္စည်းအသုံးအဆောင်၊ အစားအသောက် အိမ်ဖော်တွေနဲ့ လိုလေသေးမရှိ ထားသော်လည်း နွေးထွေးမှုကား မရခဲ့ပေ။

အစက စိုင်းကျော်နဲ့အတူ တောင်ကြီးဈေးထဲမှာ ရှိတာနာရှေ့ဆိုင် လိုက်ထိုင်ပေးနေရလို့ သွားလာဟယ်နဲ့ ဘဝရဲ့

ပြည်စုံလိုအပ်မှုကို မသိသာပေမယ့် ကိုယ်ဝန်ရလာပြီးနောက် မှာတော့ စက်ရုပ်လိုရှင်သန်နေရတဲ့ လူတွေကြားမှာ သူမ မေတ္တာတရားဝတ်မွတ်ပြီး ဘဝပါ အထီးကျန်သလို ခံစားမိလာ သည်မို့ နွေးထွေးပျော်ရွှင်စရာကောင်းတဲ့ မိဘအိမ်ကိုသာ တမ်း တလွမ်းဆွတ်လာမိတော့သည်။ ဟိုမှာဆိုရင် ညီအစ်ကို မောင်နှ မတွေကအစ သူမကိုဆို ဦးစားပေးချစ်ခင်ကြသည်လေ။

"သဇင်ရာ ... ဒီမှာလည်း သဇင့်ကို လိုလေးသေးမရှိ ထားတာပဲဟာ"

"အို...မသိဘူး ...မသိဘူး။ သဇင် မေမေတို့ဆီပဲပြန်ချင် တယ်"

"ပြန်ကွာ ... ပြန် ... မင်းတစ်ယောက်တည်း ပြန်၊ ငါ့မှာ မင်းကိုလိုက်ပို့နေဖို့ အချိန်မရှိဘူး၊ စီးပွားရေးဆိုတာ မိုးရွာတုန်း မှာ ရေခံနိုင်ရတယ်ကွ"

တစ်ခါမှ မပြောဖူးတဲ့လေသံဟာန်အမူအရာတွေနဲ့ ပြော ဆိုဆက်ဆံပြီး သူ့ရဲ့ရတနာရွှေထည်တွေထည့်ထားတဲ့ သားရေ





အိတ်ကလေးကို ဆွဲယူကာ အိမ်ဘက်လျှောက်ဝင်သွားတဲ့ စိုင်း ကျော်ရဲ့ကျောပြင်ဆီ ကြည့်ရင်း မျက်ရည်တွေလိမ့်ဆင်းနေတဲ့ ကြားမှ သဇင့်မြင့်မြတ် အပေါ်သွားဖြင့်အောက်နှုတ်ခမ်းသားကို ဖိကိုက်ထားမိလေသည်။

♥ ♥ ♥

# အခန်း (၂၂)

"ရှော့...ဦးထုပ်ယူထား၊ စိတ်မချရဘူး...အခုရက်ပိုင်း ဦးထုပ်တွေဖမ်းနေတယ်"

"ဟုတ်"

ဦးထုပ်ကိုလှမ်းယူပြီး လက်နှစ်ဖက်နှင့် ပွေ့ပိုက်ကာ ကလေးတစ်ယောက်လို ဟန်ပန်မျိုးဖြင့် တမင်တကာ လုပ်ပြနေတဲ့ သူ့ကို သူမ မမြင်ယောင်ပြု၍ အိမ်ထဲဆီ လှမ်းကြည့်လိုက်သည်။

"သမီး...အိမ်ထဲဝင်ဦးလေ ...မြိတ်ကတ်ကြေးကိုက် ဒေါ်ဒေါ်ကြော်ထားတာ စားသွားပါဦး"





"ဟုတ်ကဲ့ဒေါ်ဒေါ် ...ဒါနဲ့ ဦးလေးရော မတွေ့ပါလား"

"အဟော ...ဟော့ ...ရှိပါ့သမီးရယ် ရှိပါ့၊ သမီးဒေါ်ဒေါ်က သူနဲ့အတူ အပြင်ထွက်ရင် သပ်ရပ်ရမယ်ဆိုလို့ရှိုင်းနေရတာလေ ...အဟော ...ဟော"

အိမ်ထဲက ထွက်လာရင်း ပြောလိုက်တဲ့ ဦးလေးရဲ့အပြုံးမျက်နှာက မြင်သူရင်ကို အေးမြလန်းဆန်းစေပါသည်။

"အလကားပါသမီးရယ်...ဟိုတုန်းကတည်းက သူ့ဘာသာ အမြဲတမ်း နောက်ကျနေကျပါကွယ်"

"ဒါပေမဲ့ မင်းကိုဖြိုင်ပိုးတဲ့အထဲမှာ ငါကဦးတာပါနော် အဟော ...ဟော"

"ကဲပါ ... သွားကြမယ်၊ ဒေါ်ဒေါ်တို့ဈေးသွားလိုက်ဦးမယ် သမီးရေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ဩော် ... မော်ဖူး ... သမီး... မောင်ထူးကိုပါအတူခေါ်သွားပြီး စားနှင့်နော်"

"ဟုတ် ... ဟုတ်ကဲ့ပါဒေါ်ဒေါ်"

ဘာရယ်မဟုတ် သူတို့နှစ်ယောက်ကိုလက်ပြပြီး ခြံထဲမှာ ဆိုင်ကယ်မောင်းထွက်သွားတဲ့ သက်သက်မိုးစွေရဲ့ မိဘနှစ်ပါးကိုငေးမောကြည့်မိရင်း သူတို့နှစ်ဦးစလုံးရဲ့ မျက်နှာမှာ အပြုံးချင်းက တူနေကြလေသည်။

"ကဲ … ဟိုနှစ်ယောက် … မြိတ်ကပ်ကြေးကိုက်စားဖို့ ကြွကြပါရှင်၊ တကတဲ ထွက်ကြိုနေတဲ့သူရော အကြိုခံရတဲ့သူပါ ပေါ်မလာတော့ဘူး"

အိမ်ပေါက်ဝထွက်လာပြီး ပြောလိုက်တဲ့ မိုးစွေအသံပြကြီးကြောင့် သူတို့နှစ်ယောက် သတိဝင်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ရက်ပြုံးကိုယ်စီ ခြွေမိကြလေ သည်။

သာလှနှင့် သက်သက်မိုးစွေတို့က မကြာခင်လက်ထပ်ကြမှာမို့ မိုးစွေမိဘတွေရဲ့ ခွင့်ပြုချက်အရ သာလှရော ချစ်ရင်ထူးပါ မိုးစွေတို့တိုက်မှာ တည်းကြခြင်းဖြစ်သည်။ သဘောကောင်းပြီး ပျော်ပျော်နေတတ်တဲ့ မိုးစွေတို့ဖေဖေက သမက်လောင်းကိုလည်း သားအရင်းလို ချစ်ခင်သည်မို့ သာလှတို့ကံကောင်းသည်ဟု ဆိုရမည်။





အစုလည်းစည်သည်တွေကိုမြိတ်ပင်လယ်အစားအစာကောင်းကောင်း ရျက်ကျွေးမယ်ဆိုပြီး ဇနီးမောင်နှံနှစ် ယောက်ဈေးကို အစောကြီးသွားကြခြင်းဖြစ်သည်။

သူတို့သုံးယောက် ထမင်းစားခန်းထဲဝင်လာတော့ သာလှ က ငုတ်တုတ်ထိုင်စောင့်နေတာ တွေ့ရသည်။ အိမ်အကူကောင်မလေးက ကြွေပန်းကန်အကြီးစားနဲ့ ဟင်းချိုကို လာချပေးသည်။

"အား … မွှေးလိုက်တာ … ဘာဟင်းချိုလဲဟင်"

"အဲဒါ မမမိုးကိုယ်တိုင်ချက်ထားတဲ့ ယိုးဒယားဟင်းချိုလေ"

အိမ်အကူကောင်မလေးစကားကြောင့် သာလှမျက်နှာကြီးက ပြုံးဖြဲပြီးဘေးနံမှာဝင်ထိုင်လာတဲ့ မိုးစွေမျက်နှာကို တစိမ့်စိမ့်ကြည့်နေတော့သည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုသာလှရဲ့"

"အဟဲ … အံ့ဩပျော်မောလို့ပါ၊ ချစ်သူသက်တမ်းသုံးနှစ်မှာ မိုး ဒီလိုချက်တတ်မှန်း မောင်မသိခဲ့ဘူးကွာ"

"အခု သိပြီပဲ...ဘာလုပ်မှာလဲ"

"အင်း ... ဘာလုပ်ရမလဲဆိုတော့ မောင်တို့ မြန်မာနိုင်ငံရဲ့တစ်ဖွဲ့က အငြိမ်းစားယူပြီးရင် မြိတ်ကတ်ကြေးကိုက်နဲ့ မြိတ်ယိုးဒယားဟင်းချိုဆိုင်ဖွင့်ရင် ကောင်းမလားလို့"

"ကောင်းသားပဲ ... အဲဒီအခါကျရင် မောင်က ထမ်းပိုးအထမ်းနဲ့ အရပ်တကာလည်ရောင်းပေါ့နော်"

"အဟင်း ...ဟင်း ...ဟင်း"

"ခစ် ... ခစ် ...ခစ်"

သက်သက်မိုးစွေရဲ့နောက်ဆုံးရှဲ့ပြောလိုက်တဲ့ စကားကြောင့် ရှုံ့မဲ့သွားတဲ့သာလှရဲ့မျက်နှာကိုကြည့်ပြီး ချစ်ရင်ထူးနှင့်ရှင်မော်ဖူးအပါအဝင် အိမ်အကူကောင်မလေးပါရယ်မိလေတော့သည်။

"ရော့ ...မော်ဖူး ... ကြက်အသည်းအမြစ်တွေ စား"

"အို ... ဘယ့်နှယ့်...ရှင်ကစည့်သည်ပဲ ...စားစမ်းပါ"

ပန်းကန်ထဲရောက်လာတဲ့ အသည်းအမြစ်ဖတ်တွေကို သူမကပြန်ထည့်ပေးဖို့လုပ်တော့ သူက လက်ကာပြလိုက်ပြီး...





"နိုး ... နိုး...ကိုယ်စားမယ့် အသည်းအမြစ်လေးတွေကို မော်ဖူးကို တမင်စားစေချင်လို့ကျွေးတာပါနော်"

"ဒီမှာ...ကျွန်မပန်းကန်ထဲမှာ ရှိတယ်လေ"

"များများစားစေချင်လို့ပေါ့ မော်ဖူးရယ်"

ပြောပြီး သူ့ဘာသာ ကတ်ကြေးကိုက်ကို ခေါင်းမဖော်တမ်း စားနေတော့သည်။

"ကဲ ... မိဖူး ...ခုချိန်မှာ ကျွေးတာအကုန်သာ စားထား။ သူတို့က ယုံရတာမဟုတ်ဘူး ...နောင်တစ်ချိန်မှာ တစ်ခုစားရင် တော်ရောပေါ့ကွာ ဖြစ်ရင်ဖြစ်လာမှာ"

"ခစ် ...ခစ် ... ခစ်"

မိုးစွေစကားကို မကြားယောင်ပြုပြီး တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြရင်းနဲ့ မြိတ်ကပ်ကြေးကိုက်ကိုသာ ငုံ့စားနေကြတဲ့ ချစ်ရင်ထူးနဲ့ သာလှကိုကြည့်ပြီး သူမတို့နှစ်ယောက်ပါးစပ်ကလေးပိတ်ကာ ရယ်လိုက်မိသည်။

ဒီလိုနဲ့ စားသောက်ပြီး။ ပြီးတော့ မောင်မောင်တို့ရှိရာ ရွှေပေးသို့ ထွက်လာခဲ့လေသည်။

ချစ်ရင်ထူးရော သာလှပါ ဖြိတ်မြို့နယ်မြေတွေမှာ မကျွမ်းကျင်သေးသဖြင့် ရှင်မော်ဖူးနှင့် မိုးစွေတို့နောက်ကသာ ထိုင်လိုက်ခဲ့ရသည်။



"ရှီ ... ရှီ"

ခရာသံနဲ့အတူ ယာဉ်ထိန်းရဲနှစ်ယောက် ရှေ့ခပ်လှမ်းလှမ်းကနေ လက်တစ်ဖက်ကို ဆန့်တန်းလျက် တားလာခဲ့သည်။ သူမရှေ့မှာ ဆိုင်ကယ်က သုံးစီးရှိသည်။ ဘယ်သူ့ဆိုင်ကယ်ကို တားနေမှန်းမသိ။

ဦးထုပ်ကိုယ်စီဆောင်းထားတဲ့ မိုးစွေတို့ဆိုင်ကယ်က အေးအေးဆေးဆေးပင်ယာဉ်ထိန်းရဲတွေရှေ့ကပင်ဖြတ်မောင်းသွားခဲ့သည်။

သူမတို့ရှေ့တစ်စီးကျော်က မော်တော်ဆိုင်ကယ်တစ်စီးကို ရပ်စေလိုက်သည်။ ထိုဆိုင်ကယ်မှာကား မောင်းသူကိုယ်တိုင်မှာ ဆိုင်ကယ်စီးဦးထုပ် မပါပေ။

"ဟင် ...ဦးထုပ်ဖမ်းနေတာပဲ"

သူမပါးစပ်က အသံထွက်ပြောရင်း ဆိုင်ကယ်ကိုပုံမှန်ပဲ မောင်းနှင်လာလိုက်သည်။

"ရှိ ...ရှိ"

ယာဉ်ထိန်းရဲတစ်ယောက် သူမတို့ဆိုင်ကယ်ကို တိုက်ရိုက်တားနေတာမို့ သူမအံ့သြစွာဘေးဘီကို ကြည့်မိစဉ် အနီးနားက လူတချို့နဲ့ ဖြတ်မောင်းသွားတဲ့ ဆိုင်ကယ်ပေါ်က လူတချို့မှာ သူမတို့ကို ကြည့်ပြီး ပြုံးသွားကြသဖြင့် ဇဝေဇဝါ ဖြစ်ရင်း ယာဉ်ထိန်းရဲရှေ့မှာ မော်တော်ဆိုင်ကယ်ကို ရပ်လိုက်ရသည်။

"ဪ ... ဆရာမပါလား။ စည်းကမ်းဝိုင်းဆိုင်ရာ တာဝန်အရ တားရတာ ခွင့်လွှတ်ပါခင်ဗျာ"

"ကိစ္စမရှိပါဘူး။ ကျွန်မ ဘာများမှားယွင်းမိပါသလဲရှင်"





"ဟို... ဟို ... ဆရာမရဲ့ညီသည်မိတ်ဆွေမှာ ဦးထုပ်မဆောင်းထားလို့ပါခင်ဗျာ"

"ရှင်"

သူမ အံ့သြစွာ နောက်လှည့်ကြည့်လိုက်တာနဲ့ သူဆိုင်ကယ်ပေါ်က ဆင်းလိုက်တာ တစ်ပြိုင်နက်ဖြစ်သွားခဲ့သည်။

"အိုဟီး"

မရှိမရှဉ်ရယ်ပြလာတဲ့ သူ့ကိုမြင်ပြင်းကတ်စွာ တစ်ချက်ကြည့်ရင်း သူမမျက်လုံးလေးဝိုင်းသွားခဲ့ရသည်။

"ဟင် ... ရှင်ကိုပေးထားတဲ့ဦးထုပ်ရော ... မယူခဲ့ဘူးလား"

"ယူခဲ့တာ မင်းရှေ့တင်ပဲလေ"

"ဒါဖြင့်ရင် ဘယ်မှာလဲ အဲဒီဦးထုပ်"

"ဟိုနားမှာ လွှတ်ပစ်ခဲ့ပြီ"

"ဘာ"

"အဟား... ဟား... ဟား"

ဘေးက လူတွေနဲ့အတူ ယာဉ်ထိန်းရဲလည်း မနေနိုင်တော့။ ရယ်သံတွေကြားမှာ သူမ ဘာဆက်ပြောရမှန်းမသိအောင်ပဲ စိတ်ဆိုးမိလေသည်။

ကိုယ့်တပည့်လေးရဲ့အဖေရှေ့မှာဆိုတော့ သူမ ရှက်လည်းရှက်မိပါသည်။

"ရှင် ... ရှင် ... ဒါနောက်စရာမဟုတ်ဘူးနော်"

"ကိုယ်မနောက်ပါဘူး၊ မင်းက ဦးထုပ်ဖမ်းနေတယ်ဆိုလို့ ကိုယ်လန့်ပြီး လွှတ်ပစ်ချခဲ့မိတာပါ"

"အဟား ... ဟား ... ဟား"

"တကယ့် လူပါပဲဗျာ၊ ကဲပါ ဆရာမရယ် ... ဒီမိတ်ဆွေနားမလည်လို့ ဖြစ်တာပဲလေ၊ ကျွန်တော်လည်း ခွင့်လွှတ်တယ်၊ ဆရာမလည်း စိတ်မဆိုးပါနဲ့တော့နော်"

"မရဘူး ... စည်းကမ်းက စည်းကမ်းပဲ၊ ရှင် ပိုက်ဆံဒဏ်ငွေလေးထောင် ... ဒီကဆရာကို ပေးလိုက်"

သူ အပြုံးမပျက် ဘောင်းဘီအိတ်ကပ်ထဲကို နှိုက်နေ





တုန်းမှာ မိုးဇွေတို့ဆိုင်ကယ်က ပြန်ကွေ့ပြီး အနားရောက်လာခဲ့သည်။

"ဘာဖြစ်တာလဲ ဖူး"

မိုးဇွေအမေးကို သူမကမဖြေဘဲ မျက်နှာကြီးရှုပ် လျက်တစ်ဖက်လှည့်နေလိုက်သည်။

"ကိုထူး ဘာဖြစ်တာလဲ"

ဆိုင်ကယ်ပေါ်က ဆင်းလာပြီးမေးလိုက်တဲ့သာလှကို သူ ပြုံးပြရင်း ...

"ဆိုင်ကယ်ဦးထုပ် မဆောင်းလို့တဲ့"

"မင်းဦးထုပ်ကရော"

"ရော ... ဒီမှာ"

မမျှော်လင့်ဘဲ သူတို့နှစ်ယောက်ကြားမှာ ဦးထုပ်ထိုးပေးလာတဲ့သူကြောင့် သူတို့နှစ်ယောက် ပြိုင်တူကြည့်မိလိုက်ချိန် ...

"ဟာ ... မောင်မောင် ... မင်း ... မင်းက ... ဘယ်လိုလုပ်"

"ဟိုးထား ...ဟိုးထား ...မင်းတို့သံပြိုင်မေးခွန်းကြီးကို ငါမခံစားနိုင်လို့ပါ။ ကဲ ...ကိုထူး ...မင်းရဲ့အကျင့်ကို မစွန့်လွှတ်နိုင်တော့ ဒင်္ဂါးငွေလေးတောင် အမြန် စွန့်လိုက်ပေတော့"

ချစ်ရင်ထူး ပြုံးဖြည်းဖြည်း (ဖြီးဖြီး) မျက်နှာဖြင့် ငွေလေးထောင်ကိုထုတ်၍ ယာဉ်ထိန်းရဲအား ပေးလိုက်သည်။ မော်ဖူးနှင့် မိုးဇွေမှာ ...မောင်မောင့်ကို မမျှော်လင့်ဘဲတွေ့ရတာမို့ အပြုံးကိုယ်စီနဲ့ ဝမ်းသာနေကြခိုက် ...သူမကို မျက်နှာချိုသွေးကြည့်လာတဲ့ ချစ်ရင်ထူးကြောင့် သူမမျက်နှာကို ချက်ချင်းတည်ပစ်လိုက်လေသည်။

"ဪ...မော်ဖူးရယ်"

ချစ်ရင်ထူး စိတ်တွင်မှာ တိုးတိုးလေး ညည်းမိရင်း ဒီတစ်ခါတော့ ဆိုင်ကယ်ဦးထုပ်ကို ဆောင်းဖြစ်အောင်ဆောင်းလိုက်တော့သည်။

♥ ♥ ♥



## အခန်း (၂၃)

"ဒီလိုဆို ...ညီညီအောင်က ခုချိန်ထိ သူ့မိဘအိမ်ကို မဆက်သွယ်ဘူးပေါ့နော်"

"ဟုတ်တယ် မော်ဖူး ...သူတို့ထွက်သွားပြီး ငါးလလောက်တော့ ညီညီ့အဖေက စိတ်ထဲမှာ ဘဝင်မကျတာနဲ့ ခက်ပန်းရောက်လာပြီးမှ မိသားစု စုံညီစွာရိုက်ထားတဲ့ ဓာတ်ပုံကို ယူပြီး တိုက်ကြီးကိုထွက်လာတယ်တဲ့"

စကားအရှည်ကြီးပြောလို့မောသွားဟန်နဲ့ မောင်မောင် သူ့စကားကို ခေတ္တရပ်ကာ ...စားပွဲပေါ်က တော်ဖီခွက် ကိုယူပြီး တစ်ငုံ သောက်လိုက်သည်။

"တောက် . . . တော်တော်ဆိုးတဲ့ အဘွားကြီး . . . မစူးမစမ်းဘဲနဲ့ ငါ့ညီမကိုများ အထင်သေးရက်တယ် . . . ဟင်း"

ကျောက်ခက်ပန်းနဲ့ ပတ်သက်ပြီး မောင်မောင့်ဆီက အကြောင်းစုံသိရပြီးနောက်မှာ မော်ဖူးစိတ်ထဲ တော်တော်လေး ခံပြင်းမိသည်။ ထို့ကြောင့် မအောင့်အီးနိုင်ဘဲ နှုတ်မှမကျေနပ်စွာ ထွက်သွားခြင်းဖြစ်သည်။

"ဒီလိုဒေါသကြီးပုံနဲ့တော့ အသက်မကြီးခင် သွေးတိုးဖြစ်တော့မှာပဲ"

"ဖြစ် . . . ဖြစ် . . . ရှင့်အပူမပါဘူး"

အမြဲတမ်းကလိပြီးစချင်နေတဲ့ ချစ်ရင်ထူးနဲ့ ကြက်ခေါင်းဆိတ်မခံလိုတဲ့ ရှင်မော်ဖူးတို့ကို ကြည့်ပြီး သာလှနှင့် မိုးစွေမှာ မသိသလို နေလိုက်တော့သည်။

"ဟော့ကောင် . . . အဖိုးကြီးက တိုက်ကြီးဘာသွားလုပ်တာလဲ . . . မင်းစကား ဆက်ဦးလေကွာ"

"တိုတိုပြောရရင် ညီညီတို့တည်းခဲ့တဲ့ တည်းခိုခန်းကို သွားပြီး ဓာတ်ပုံပြမေးတာပေါ့"





"ပိုရှုပ်ကုန်ရော့လား"

"ဘယ်ကလာ . . . အားလုံးရှင်းသွားတာ ဒီလိုကိုထူးရ"

"ကျွန်မဘာများ ကူညီရမလဲရှင်"

တည်းခိုခန်းပိုင်ရှင် ဖြူဖြူခန့်ခန့် အမျိုးသမီးရဲ့ဖော်ရွေမှုကြောင့် ဦးဘဖြူ လိုက်လုံစွာတုံ့ပြန်ပြုံးပြရင်းက လက်ထဲမှာ အဆင်သင့်ကိုင်ထားတဲ့ ဓာတ်ပုံလေးကို ကမ်းပေးရင်း . . .

"ကျေးဇူးပြုပြီး ဒီဓာတ်ပုံထဲက သူငယ်နှစ်ယောက်ကို ကြည့်ပေးပါခင်ဗျာ . . . လွန်ခဲ့တဲ့ ခြောက်လခန့်လောက်က ဒီမှာ လာတည်းသွားဖူးသလားလို့ပါ"

အမျိုးသမီးကြီးသည် ဓာတ်ပုံကို ယူ၍ အသေအချာ ကြည့်နေရင်းမှ မျက်နှာက ပြုံးလာလေသည်။

"အင်း . . . မဟုတ်ရင်တော့ မှတ်မိမှာမဟုတ်ဘူး . . . ဒါပေမဲ့ ကောင်မလေးရဲ့ရုပ်ရည်က ထူးခြားပြီး စကားဝဲနေတာရယ်၊ အတော်လေးမိုးချုပ်မှ ရောက်လာတာရယ်ကြောင့် ဂရုစိုက်မိခဲ့တာပါ"

"ဒီ . . . ဒီကလေးမ ဒီကိုလာတော့ သူ့အေးတ ကောင်လေးနဲ့ပဲလားခင်ဗျာ"

ခပ်လောလောလေးဝင်မေးလာတဲ့ ဦးဘဖြူကို အမျိုးသမီးကြီးက အံ့ဩသလို တစ်ချက်ကြည့်ပြီး ...

"ဟုတ်တယ်လေ ဒီကောင်လေးနဲ့ပဲ ... ဒါနဲ့ ... ဒီက လူကြီးမင်းက သားရှင်လား သမီးရှင်လားဟင်"

"ဩော် ... ကျွန်တော်က သားရှင်ပါ"

"ဘာလဲ သဘောမတူလို့လား"

"မဟုတ်ပါဘူး ... ချွေးမပေမယ့် ကျွန်တော်က သမီးရင်းလေးလို ချစ်တာပါ"

"ကောင်မလေးက အေးဆေးပြီး ထက်မြက်တဲ့ပုံလေးပါ။ အဟင်း ... ရယ်စရာတော့ အကောင်းသား ဒီက လူကြီးမင်းရဲ့ သားက မိန်းမခိုးလာတာတောင် ယောက်ဖကို ခေါ်လာခဲ့ သေးတယ်လေ"

"ဗျာ ... ယောက်ဖ"

ဒီတစ်ခါ အံ့ဩသလိုနဲ့ မျက်ခုံးနှစ်ဖက်မြင့်တက်သွားတဲ့ ဦးဘဖြူကို ကြည့်ပြီး အမျိုးသမီးကြီးမှာ အားပါးတရ ပြုံးမိလေသည်။





"ဟုတ်တယ်ရှင့် ... သူတို့လာတာ သုံးယောက်၊ ကောင်မလေးရဲ့ဝမ်းကွဲအစ်ကိုဆိုပဲ ... ယောက်ဖအတွက်တစ်ခန်း ... ကျွန်တော်တို့နှစ်ယောက်အတွက် တစ်ခန်းဆိုပြီး လူကြီးမင်းရဲ့ သားကိုယ်တိုင်က အခန်းငှားခဲ့တာပဲလေ"

"အဟဲ ... ဟဲ ... ဟဲ ... ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ရင်မှာ ခုမှ အလုံးကြီးကျသွားတော့တယ်"

ရျက်ချင်းဆိုသလို မျက်နှာကြီး ပြုံးဖြီးလာပြီး ထူးဆန်းတဲ့ စကားဆိုလာသဖြင့် အမျိုးသမီးကြီးမှာ နားမလည်ဟန်ဖြင့် ဦးဘဖြူအား ပါးစပ်လေးဟောင်းလောင်းနဲ့ ငေးကြည့်နေမိလေသည်။

နောက်မှာ ဦးဘဖြူက အမျိုးသမီးကြီးကို ရေလည်သွားအောင် ရှင်းပြလိုက်ပြီး ... ထိုနေရာမှ သွက်လက်သော ခြေလှမ်းများဖြင့် ... ထွက်လာခဲ့လိုက်သည်။

"ဟင် . . ဒါဆို ဒေါ်ပန်းနဲ့ ညီညီကို သူတို့ပြန် . . . မခေါ်ကြဘူးလား"

မောင်မောင်စကားဆုံးသွားတော့ မိုးဇွေက အလျင်လိုစွာ မေးလိုက်သည်ကို မောင်မောင်က ခေါင်းညိတ်ပြရင်း လက်ကျန်ကော်ဖီကို ကောက်မော့ချလိုက်သည်။ သာလှက သူ့ငှဲထားပဲ့ ရေနွေးခွက်ကို ကမ်းပေးလိုက်သည်။

မောင်မောင်ကတစ်ငုံလောက်သောက်လိုက်ပြီး စကားကို ဆက်ပြောသည်။

"ဘယ်နေမလဲ အဘိုးကြီး အဘွားကြီးဇနီးမောင်နှံနေရာကုန်အောင် လိုက်ရှာကြတာပေါ့ . . . နောက်ဆုံးငါတို့က လည်း





ကျောင်းပြီးလို့ နယ်အသီးသီးပြန်သွားကြတာနဲ့ အားလုံး အဆက်အသွယ်ပြတ်ကုန်တာလေ"

"နေဦးဟ . . . လွန်ခဲ့တဲ့သုံးနှစ်က သတင်းစာမှာ သားညီညီအောင်နဲ့ သမီးလေး ရောက်ရာအရပ်မှ အမြန်ပြန်လာပါဆိုတဲ့ သတင်းကို နေ့တိုင်းလိုလို ဖတ်ခဲ့ရတယ်"

"ဟုတ်တယ် . . . ငါလည်း ဖတ်မိတယ်၊ ဒါပေမဲ့ ငါတို့ညီညီအောင်မှန်း မစဉ်းစားမိခဲ့ဘူး"

သာလှစကားအဆုံးမှာ . . . မိုးဇွေက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ မော်ဖူးကတော့ ဘာမှဝင်မပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။

"နောက်တော့ သားစိတ်နဲ့ပဲ ခံစားရပြီး အဘိုးကြီးရော အဘွားကြီးပါ နာမကျန်းဖြစ်ရာက သံဝေဂတွေရပြီး တရားရိပ်ကို ခိုလှုံသွားကြတော့တယ်လေ"

"ဒီတော့ တစ်ယောက်တည်း ကျန်နေခဲ့တဲ့ ကိုအောင့် နမကို မင်းက အနိုင်ကျင့်ခွဲယူလိုက်တယ်ပေါ့လေ"

"အာ . . . ဘယ်ကလာ အနိုင်ကျင့်ရမှာလဲကွ . . . မြမြကငါ့ကို အရမ်းချစ်ပြီး အားကိုးလွန်းလို့ ယူဖြစ်သွားတာ"

ချစ်ရင်ထူးရဲ့ နောက်တောက်တောက်စကားကို အလေးထားပြီး ပြုံးပြုံးပျာပျာနဲ့ ပြန်ရှင်းပြနေတဲ့ မောင်မောင့်အမူအရာကြောင့် မော်ဖူးနဲ့ မိုးစွေမှာ ပြုံးမိကြလေသည်။

"ဒါနဲ့ မင်း ... ကိုထူးကို ဟိုးတုန်းက လက်ဖွဲ့မယ်ဆိုတဲ့ ပလွေဆယ်လုံးကိုစွရော မောင်မောင်"

"ဒီကောင်မှ စိတ်မဝင်စားတာကိုး ... အခု ငါ့ညီမကလေးတစ်ယောက်တောင် ရနေပြီကွ"

သာလှနှင့် မောင်မောင့်စကားကြောင့် ကျောင်းတုန်းက သူတို့နောက်ပြောင်ပြောဆိုခဲ့တာလေးတွေကို ပြန်မြင်ယောင်မိပြီး သူပြုံးလိုက်မိသည်။

"ကိုထူးမင်းက ဘာပြုံးတာလဲ"

"ဩော် ... ငါတို့တွေ ကျောင်းတုန်းက အပူအပင်မရှိ ပျော်ခဲ့ကြတာတွေကို သတိရလို့ပါကွာ"

သူ့စကားကြောင့် ဖျက်ခနဲ ကြည့်လာတဲ့သူမရဲ့မျက်လုံးတွေကို သူ အမိအရဖမ်းကြည့်လိုက်သည်။ အရောင်မရှိအဖြစ်





ကင်းနေတဲ့ သူမရဲ့မျက်လုံးမှာ ဒေါသရိပ်တွေမရှိတော့ပေမယ့် နွတ်ခမ်းအစုံက မသိမသာမဲ့သွားခဲ့သည်ကို သူသတိထားမိလိုက်သည်။

"ကဲ ... မောင်မောင်တို့က ပြောင်ပြောင်ပဲပြောတော့မယ်"

"ဟေ့ကောင် ... မင်းနမ ပေးဦးမလို့လား"

"ဘယ်ကလာ ... အချိန်နဲ့အလုပ်လုပ်နေရတာမို့ သွားတော့မယ်ကွ"

"အေးကွာ ... ဖြူဖြူကိုခေါ်ပြီးလည်း ငါတို့ဆီလာခဲ့ဦးနော် မောင်မောင်"

ဒီလိုနဲ့ သာလှက မော်ဖူးနဲ့ မိုးစွေတို့ရဲ့ အိမ်လိပ်စာကို ပေးလိုက်ပြီး မောင်မောင်နဲ့ လမ်းခွဲလိုက်ကြလေသည်။

♥ ♥ ♥

## အခန်း (၂၄)

"ဖြူ ...ညီမလေး"

နောက်နားဆီက ခေါ်လိုက်သံလိုလို ကြားလိုက်မိသည်မို့ ဖြူဖြူအောင် နေရာမှာတင်ရပ်လိုက်မိသည်။

ကိုကိုက ဈေးသွားရင် ရဲဘော်တင်စိုးမိန်းမ မလွင်မာကိုခေါ်သွားဖို့ပြောပေမယ့် ...တပ်ရင်းနဲ့ ဈေးက နီးနီးလေးမို့ ဖြူဖြူတစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

"ဖြူဖြူ"

ဒုတိယအကြိမ် ခေါ်သံကြောင့် ဖြူဖြူအောင်လှည့်ကြည့်မိလိုက်သည်။





"ဟင် ...အို ...မမ ...မမခက်ပန်း"

"ဖြူဖြူ ...ညီမလေးရယ်"

ခက်ပန်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ...ဖြူဖြူအောင်မှာ ဈေးဆွဲခြင်းလေးကို လမ်းပေါ်ပစ်ချမိပြီး ခက်ပန်းကို ပွေ့ဖက်ထားရင် ...ဝမ်းသာလွန်းလို့ ကိုယ်လေးပင် တသိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုရလိုက်ပါသည်။

"တိတ်ပါ ညီမလေးရယ်၊ မမတို့ ပြန်တွေ့ကြပြီပဲကွယ်"

"မမတို့ကို ဖြူဖြူအရမ်းတွေ့ချင်နေတာ ...မေမေ့ကို စိတ်မဆိုးနဲ့ ...နော် ...မမနော်"

"မဆိုးပါဘူးကွယ်"

"ဝမ်းသာလိုက်တာ မမရယ် ...ဟို ...ကိုကို ...ကိုကိုကရောဟင် "

"ညီမလေးကိုကို ဟိုမှာလေ"

ခက်ပန်းညွှန်ပြရာ ကြည့်လိုက်တော့ စောစောက ဖြူဖြူလွှတ်ချလိုက်တဲ့ခြင်းလေးကို ကောက်ယူလျက် လေးနှစ်အရွယ် သမီးလေးကို ချီပြီး သူမအနောက်နားမှာ ရပ်၍ပြုံးကြည့်နေတဲ့ ညီညီအောင်ကို တွေ့သွားသည်။

ကိုကို...ဟင် ...ဒါက ကိုကိုနဲ့မမတို့သမီးလေးလား... ဟင်"

"ဟုတ်တယ် ညီမလေးရဲ့...သမီးလေးနာမည်က "မြတ်နိုးအိမ်" ...တဲ့"

"အာ ... လှနဲ့နာမည်နဲ့ ချစ်ဖို့ကောင်းလိုက်တာ၊ လာပါဦး သမီးလေးရယ် ...တီတီ့ဆီကို"

စောစောကပင် ဝမ်းပန်းတနည်းဖြစ်နေတဲ့ ဖြူဖြူအောင်မှာ . . . ခုတော့ မျက်ရည်စက်လက်နဲ့ပင် ကလေးတစ်ယောက်လို ရယ်မောပြီး သမီလေးကိုချီဖို့ကြိုးစားနေခဲ့သည်။

"ကဲ...ဖြူဖြူ...ကိုယ်ဝန်နဲ့ဆိုတာ ကလေးကိုမချီရဘူး ညီမလေးရဲ့"

"ဩော် ...ကိုကိုက ဘာမှမသိဘဲနဲ့ ...ကိုယ်ဝန်နုနေချိန်မှသာ ကလေးကို ချီလိုက်၊ မြှောက်လိုက်မလုပ်ရဘူး၊ အန္တရာယ်ရှိတယ် ...ခု ဖြူဖြူက ကိုယ်ဝန်ရင့်လို့ မွေးဖို့တောင် နီးနေပြီလေ"

"ကဲပါ ညီမလေးရယ် ...သမီးလေးကို နောက်မှချီ၊ အခု ဖြူဖြူဝယ်စရာရှိတာ ဝယ်ပြီး မမတို့သွားကြမယ်လေ"





"အဲ ...ဟုတ်သားပဲ ...အိမ်ရောက်မှ စကားတွေတစ်ကြီး ပြောကြတာပေါ့၊ တော်ပြီ ...ဘာမှ မဝယ်တော့ဘူး၊ အိမ်မှာ လည်း စားစရာတွေရှိသေးတယ်"

ပြောပြောနဲ့ ညီညီအောင့်လက်ထဲက ဈေးဆွဲခြင်းကို ယူလိုက်ပြီး ခက်ပန်းနဲ့ ညီညီအောင့်လက်ကို တစ်ဖက်ဆီကိုင်ကာ ခြေလှမ်းရန်ပြင်လိုက်သည်။

"ညီမလေးတို့အိမ်က ဝေးလားဟင်"

"မဝေးဘူးကိုကို... ဘာဖြစ်လို့လဲ"

"ကိုကို့မှာ ဆိုင်ကယ်ပါတယ်လေ"

"မင်းဆိုင်ကယ်ကို ငါတို့ သိမ်းလိုက်ပြီ"

ထိုစဉ်မဆီမဆိုင်ထွက်ပေါ်လာတဲ့ အသံကြောင့် သူတို့သုံးယောက်စလုံးက အသံရှင်ဆီ လှည့်ကြည့်မိလေသည်။ ဈေးဝယ်သူရောင်းသူတွေကြားမှာ အသံရှင်ကို သူတို့ရှာမတွေ့ပင်။

"ကိုကို့ကို ပြောတာများလား"

"ကိုကို့ဆိုင်ကယ်က လိုင်စင်နဲ့ပဲ၊ ပြီးတော့ စည်းကမ်းတကျ ရပ်ထားတာပဲဟာ"

"ဈေးဝယ်သူတွေ သွားလာဝယ်ခြမ်းနေတဲ့ လမ်းပေါ် ဝိတ်ရပ်စကားပြောနေတာဟာလည်း စိတ်အနှောင့်အယှက် ပေးမှုပဲကွ"

သူတို့စကားပြောနေစဉ်မှာပဲ နောက်ထပ်ထွက်ပေါ်လာတဲ့အသံကြောင့် အသံလာရာဘက်ကို သူတို့လှည့်ကြည့်မိပြန်သည်။

မထင်မှတ်စွာမြင်လိုက်ရတဲ့ လူသားနှစ်ဦးကိုကြည့်ပြီး ဖြူဖြူအောင်က ဘာမှမဖြစ်ပေမယ့် ညီညီအောင်နဲ့ ကျောက်ခက်ပန်းမှာတော့ မျက်လုံးလေးတွေဝိုင်းပြီး နေရာမှာတင် ကြက်သေသေသွားရတော့သည်။

"ခက်ပန်း …နင်သိပ်နေနိုင်တယ်"

"ညီညီအောင် …သူမိုး"

"ကလိန်ကကျစ်ကောင်"

"ဝမ်းကိုက်ပြီး သေပါတော့လား"

တစ်ယောက်တစ်မျိုးစီပြောရင်း သူတို့ သုံးယောက်ကို ဝိုင်းလာကြတဲ့ရှင်မော်ဖူး၊ သက်မိုးဇွေ၊ ချစ်ရင်ထူးနဲ့ သာလှတို့ကို ကြည့်ပြီး သူတို့မှာ ငိုရမလို ရယ်ရအခက်ဖြစ်နေကြတော့သည်။





သူတို့အဖွဲ့ကို ပတ်ဝန်းကျင်ကလူတွေက ဝိုင်းဝန်းအကဲခတ်နေကြသည်ကိုလည်း သူတို့သတိမရကြတော့။ တစ်ဦးကို တစ်ဦးမနာအောင် ထုရိုက်ဆွဲဆိတ်ကြရင်း မျက်ရည်တွေကြားက ရယ်မောကြလေသည်။

"အဟင်း …ဟင်း…ဟင်း …သိတယ် မဟုတ်လား… မြန်မာနိုင်ငံရဲတပ်ဖွဲ့က သက်သက်မိုးဇွေတဲ့နော်"

"သိပါတယ်…သိပါတယ် …မကြာခင်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲအရာရှိကြီးဦးသာလှနဲ့ လက်ထပ်တော့မယ် ဆိုတာလည်းသိပါတယ်"

ခပ်ကြွားကြွားလေးပြောလိုက်တဲ့ မိုးဇွေကို မော်ဖူးက တမင်တကာ ခနဲ့စကားဖြင့် ပြုံးလျက်ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"နေစမ်းပါဦး …မင်းတို့ရဲတပ်ဖွဲ့က နှစ်ဆယ့်လေးနာရီလုံးလုံး တာဝန်ထမ်းဆောင်ရတယ်ဆိုတော့ လက်ထပ်ပြီးရင် ဘယ်လိုလုပ်ကြမလဲကွ"

"ဒါများ ကိုအောင်ရယ် …ဘာခက်တာမှတ်လို့ …နိုင်ငံတော်ကချမှတ်ပေးထားတဲ့အခန်းမှာပဲ အတူနေမှာ ပေါ့ကွ"

"မဟုတ်ဘူးလေ ... ငါဆိုလိုတာက (၂၄)နာရီလုံးလုံး အလုပ်လုပ်နေကြရတော့ မင်းဘယ်လို ... ဟိုဒင်း ...ဆုံကြမလဲ ကွာ"

"ဒါများ ... အလွတ်ပေးလို့ ဘယ်ဖြစ်မလဲ ... ဒီလိုပဲ လု ယူရတာပေါ့"

"ရှင်တို့ ဘာတွေပြောနေတာလဲ ကိုသာလှ"

"ထမင်းစားချိန်ကိုပြောတာလေ ...အဟဲ"

ကြားဖြတ်မေးလာတဲ့ မိုးစွေကို သာလှက စပ်ဖြီဖြီလုပ်ကာ ဖြေလိုက်ခြင်းဖြစ်သည်။

"ညီညီအောင် ... ရှင်ကလည်း လေဆိပ်မှာ ကိုယ့်ညီမ တစ်ယောက်လုံးတွေ့တာတောင် မခေါ်ဘဲနေနိုင်တယ်နော်"

"ဟုတ်တယ်မော်ဖူးရေ ... ဖြူဖြူတစ်ယောက်တည်းဆို ကျွန်တော်ဘယ်နေနိုင်မလဲ၊ အခုက ဒီသုံးကောင်ကိုပါတွေ့ရ တော့ ကိုယ့်ဘာသာတောင် ဘယ်ပြေးရမလဲမသိ ဖြစ်သွား တယ်"





"အောင် ...လေဆိပ်က ပြန်လာပြီး သူတွေခွဲကြားခဲ့တာ တွေ ပြန်ပြောပြတော့ ခက်ပန်းရင်ထဲမှာလည်း ကျောင်းတုန်းက ပျော်ခဲ့ကြတဲ့ဘဝလေးကို ပြန်သတိရပြီး အားလုံးနဲ့တွေ့ချင်လာ မိတယ်"

"တော်သေးတာပေါ့ ... မတွေ့များမတွေ့ချင်ရင် ကမ္ဘာ့ အပြင်ဘက်များ သွားပုန်းမလားပဲ"

ကြားဝင်ဖြတ်ပြောလာတဲ့ မော်ဖူးရဲ့ပါးပြင်တစ်ဖက်ကို ခက်ပန်းက ခပ်ဖွဖွလေးတစ်ချက်ဆွဲလိမ်ပြီး စကားကို ဆက် ပြောလေသည်။

"အထူးသဖြင့် ဒီကညီမလေးဖြူဖြူက ကိုယ်ဝန်ကြီးနဲ့ ဆိုတော့ တွေးပူစာနာမိတယ်လေ၊ အောင်ကလည်း သူ့ညီမ လေးကို တွေ့ချင်နေတာ ခက်ပန်းသိတယ်၊ ဒီလိုနဲ့ နှစ်ယောက် သားတိုင်ပင်ပြီး တပ်ရင်း (၁၀၃)ကို လာခဲ့တာ့ ရှေးထဲလှမ်း ဝင်သွားတဲ့ ဖြူဖြူကို တွေ့လိုက်တာနဲ့ အတော်ဖြစ်သွားတယ် လေ"

"ဒါနဲ့ မိုးစွေတို့က ဘယ်လိုလုပ် ကိုအောင့်ကိုခြေရာခံမိသွား တာလဲ"

စက်ပန်းစကားအဆုံးမှာ မောင်မောင်က သူသိချင်နေတာကို အလျှင်လိုစွာ ဝင်မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုလေ ...တစ်နေ့ ကျွန်မနဲ့ဖူးကရပ်ဝတ်စတိုးဆိုင်ထဲကအထွက် ညီညီအောင့်ကို လှစ်ခနဲမြင်လိုက်ရတယ်၊ အဲ ...သူက ဆိုင်ကယ်ကို ချက်ချင်းပြန်ကွေ့ပြီး မောင်းပြေးသွားတော့ ကျွန်မလည်း သူ့ဆိုင်ကယ်နံပါတ်ကို မှတ်ပြီးသားဖြစ်သွားခဲ့တယ်လေ"

"ရဲ အရာရှိ ဝီသပါပေတယ်"

"ဟဲ ...ဟဲ ...ငါညီညီအောင့်ဆိုင်ကယ်နံပါတ်ကို မှတ်ထားလိုက်တာ နင့်ကိုမပြောလို့မကျေနပ်ဘူးမဟုတ်လား၊ ဒါက ငါတို့အတွက် ဝှက်ဖဲလေ ...ဟဲ ...ဟဲ"

"ဘာပဲဖြစ်ဖြစ် ဖြူဖြူကတော့ မမနဲ့ကိုကို့ကို ပြန်တွေ့ရလို့ပျော်တယ်၊ ပြီးတော့ ဒီက တူမရောလေးကိုလည်း ဖြူဖြူချစ်တယ်"





မြတ်နိုးအိမ်လေးကို ပေါင်ပေါ်မှာထိုင် စေထားပြီး ကလေးတစ်ယောက်လို မျက်နှာခပ်မော့မော့လေးနဲ့ ပြောလိုက်တဲ့ ဖြူဖြူအောင့်ကိုကြည့်ပြီး အားလုံးက နှစ်လိုဖွယ်ပြုံးလိုက်ကြလေသည်။

ထိုနေ့က သူတို့အားလုံးကို အရှေ့ရွာထမင်းဆိုင်မှာ ရှင်မော်ဖူးက ထမင်းကျွေးဧည့်ခံလေသည်။

♥ ♥ ♥

## အခန်း (၂၅)

ကျောက်စက်ပန်းရဲ့မီဘများပိုင် တိုက်အိမ်ကြီးတွင် ရယ်သံ၊ ပျော်ရွှင်မြူးတူးသံတွေနဲ့ လှုံ့တက်စုံ ရှိနေကြသည်။ သားသမီးအပေါ် အစဉ်အမြဲ သည်းစံခွင့်လွှတ်ပြီးမေတ္တာတရားကြီးမားလှတဲ့ မိဘတို့ထုံးစံအတိုင်း သမီးနဲ့သားမက်ကို အပြစ်တစ်စုံတစ်ရာမပြောဘဲ ဝမ်းသာကြည်ဖြူစွာ ကြိုဆိုပြီး ခုဆိုရင် ဖေဖေရော မေမေပါ မြေးမလေး မြတ်နိုးအိမ်နဲ့အတူ ပျော်ရွှင်နေပြီဖြစ်သည်။





ရှင်မော်ဖူးရဲ့မေမေက တူမဖြစ်သူကို ပြန်တွေ့ပြီးတတည်းက အနားကမခွာဘဲ တတွတ်တွတ်နဲ့ပြောလိုက်၊ မိုက်ကြောဆွဲလိမ်လိုက်၊ ရယ်မောလိုက် လုပ်နေသဖြင့် ညီညီအောင်ခမျာ မိန်းမအနား ကပ်မရဖြစ်နေခဲ့သည်။

ရှင်မော်ဖူး၊ သက်သက်မိုးဇွေ၊ ချစ်ရင်ထူးနှင့် သာလှတို့လေးယောက်က မီးဖိုချောင်မှာ အလုပ်ရှုပ်နေကြသည်။

မောင်မောင်နဲ့ ဖြူဖြူအောင်က အပေါ်ထပ်မှာ အခွေ ထိုးကြည့်နေကြသည်။

"ငါတို့စက်ပန်းက တကယ့်စံပဲနော်"

"ဘာကိုလဲမိုးဇွေ"

"ခြော် ...နှစ်တွေအကြာကြီးမှာ အပင်ပန်းအဆင်းရဲခံပြီးဘယ်သူ့ကိုမှ မဆက်သွယ်ဘဲ နေနိုင်တာလေ"

"အေး ...ပုန်းတာကလည်း ကြည့်ဦး ...သူမြို့သူ့ရွာမှာပဲပြန်လာပုန်းနေတာလေ"

"ဒါက ဒီလိုရှိတယ်ကွ . .. တခြားမြို့ရွာသွားအခြေချရင်သူ မကျွမ်းကျင်ဘူး၊ ကိုအောင်လည်း ပညာတစ်ပိုင်းတစ်စနဲ့ဆို

တော့ အလုပ်ပင်ပန်းမှာ သူစိုးရိမ်တယ်၊ ဒီတော့ သူမြို့လေးကို ပြန်လာ၊ ရှိတဲ့ ပစ္စည်းတွေ ထုခွဲရောင်းချပြီး မြို့ပြင်မှာ အိမ်ခြံလေး ငှား၊ မော်တော်ဆိုင်ကယ်တစ်စီးဝယ်၊ ကိုအောင်ကိုတက္ကစီဆွဲ နိုင်းပြီး သူက စက်ချုပ်လို့ ဘဝပြေသနာဖြေရှင်းခဲ့မှာပေါ့"

"အင်း ... စက်ပန်းက သတ္တိလည်းရှိတယ်နော်"

ချစ်ရင်ထူးစကားကို သာလှက ဝင်ထောက်လိုက်ခြင်း ဖြစ်သည်။ ရှင်မော်ဖူးက ကြက်သွန်အခွံခွာနေရင်းမှ ရှောင်းတစ် ချက်ဟန့်ကာ ချစ်ရင်ထူးဆီ ဖွေခနဲတစ်ချက်ကြည့်၍ စကားဆို လိုက်သည်။

"စက်ပန်းက ဉာဏ်လည်းရှိတယ်၊ ယောကျ်ားဆိုတာ ယုံရတာမဟုတ်ဘူး။ ဆင်းရဲပင်ပန်းဒဏ်မခံနိုင်လို့ တစ်နေ့ထား ပစ်သွားရင် သူများရပ်ရွာမှာဆို မိန်းမသားတစ်ယောက်အဖို့ အန္တရာယ်များတယ်၊ မျက်နှာလည်း ငယ်ရမယ်၊ အဲ ... ကိုယ့်မြို့ ကိုယ့်ရွာမှာဆိုတော့ ထားပစ်ခဲ့လည်း အရေးမကြီးဘူးပေါ့လေ"

"မစိုးရိမ်ပါနဲ့ ... တစ်ခါတည်း ခေါ်သွားမှာပါ"





ခပ်တည်တည်နဲ့ ဝင်နောက်လာတဲ့ ချစ်ရင်ထူးဆီ မျက် စုံးနှစ်ဖက်တွန့်ချိုးပြီး ဓားကိုထောင်ပြလိုက်တဲ့ရှင်မော်ဖူးကြောင့် သာလှနဲ့ မိုးဇွေမှာ ကျိတ်ပြုံးမိကြလေသည်။

ယောင်ချာချာဖြစ်နေတဲ့ ညီညီအောင်တစ်ယောက်အ ပေါ်ထပ်ကို တက်ခဲ့လိုက်သည်။

"ဟာ ... မောင်မောင် ... ကိုယ်ဝန်ဆောင်မိခင်လောင်း ကို ကြောက်စရာကောင်းတဲ့စကားတွေ ဘာလို့ပြနေတာလဲ"

"စ်သားလေး မွေးလာအောင်ပေါ့ကွ ... ဟား ... ဟား ... ဟား ... စတာပါကွ ... မင်းညီမကိုယ်က ကြည့်ချင်နေတာပါ"

"ဟုတ်တယ်ကိုကို ... ဖြူဖြူ စစ်ကားကြည့်ချင်လို့၊ မ ကြောက်ပါဘူးနော်"

ဘာမှဆက်မပြောတော့ဘဲ စက်ငှငှလေးနဲ့ အနားမှာ လာထိုင်ချလိုက်တဲ့ ညီညီအောင့်အမူအရာကြောင့် ဖြူဖြူ အောင့်ကို မျက်ရိပ်ပြကာမောင်မောင်စက်ကို လှမ်းပိတ်လိုက် သည်။

"ကိုအောင် ... မျက်နှာလည်း မကောင်းပါလား"

"ဟင် ... အေးကွာ ... ဆင်းဆင်းရဲရဲဘဝလေးမှာ သူ့အပြုံးမျက်နှာလေးရယ် ၊ သမီးလေးရယ်ပဲ အတူပြန်နေချင်တော့တယ် မောင်မောင်ရယ်"

"အခုက ဘာဖြစ်လို့လဲ ကိုအောင်ရဲ"

"ငါ့အနားမှာဘယ်သူမှ မရှိဘူးကွာ"

ပြောရင်းနဲ့ မျက်ရည်တွေလည်ပြီး အသံလေးတုန်သွားတဲ့ အစ်ကိုဖြစ်သူကိုကြည့်ကာ ဖြူဖြူအောင် ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"ဟောတော့ ... ကိုကိုကလည်း ကလေးကျနေတာပဲ မမက ကိုကို့ကို အရမ်းချစ်ပါတယ် ကိုကိုရဲ့၊ အခုကလည်း မိဘနစ်ပါးနဲ့ အဒေါ်ဖြစ်သူစိတ်ချမ်းသာအောင် နေပေးတာဖြစ်မှာပေါ့၊ အမယ်လေးနော် ... တစ်အိမ်တည်းနေရတာတောင် ... ဝို့ အစ်ကိုများအဖြစ်သည်းနေလိုက်တာ အဟင်း ... ဟင်း"

"နင်နားမလည်းပါဘူး ညီမလေးရယ် ... ကိုကိုလည်း သူ့ကိုအရမ်းချစ်လို့ မိဘနစ်ပါးနဲ့ တစ်ဦးတည်းသော ညီမလေးကိုတောင် ထားပစ်ခဲ့တာပဲ"





"ညီမလေးနားမလည်ပေမယ့် ပန်းနားလည်ပါတယ်၊ အောင်ရယ် ... အောင့်ကို ပစ်ထားတာမဟုတ်ပါဘူး၊ ဖြူဖြူမျက်နှာမြင်ပြီးရင် ဥက္ကံသွားပြီးဖေဖေနဲ့ မေမေ့ကို ကန်တော့ ကြဖို့ ဒေါ်လေးနဲ့ တိုင်ပင်နေတာပါ"

လှေကားထိပ်မှာ ဘွားခနဲပေါ်လာပြီးဝင်ပြောလိုက်တဲ့ ကျောက်စက်ပန်းစကားအဆုံးမှာ ညီညီအောင် မရှက်အားတော့၊ ထိုင်ရာမှဖျက်ခနဲထပြီး ကျောက်စက်ပန်းရဲ့ကိုယ်လေးကို လွတ်ထွက်သွားမည်စိုးသည့်အလား တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်တော့သည်။

ဖြူဖြူအောင်က သူတို့နှစ်ယောက်ကို ကြည်နူးစွာ ကြည့်ရင်း မောင်မောင့်ရင်ခွင်မှာ မှီနွဲ့လိုက်သည်။

မောင်မောင်ကလည်း ကလေးဆန်တဲ့ ဇနီးချောလေးရဲ့ ဦးခေါင်းကို ချစ်မြတ်နိုးစွာ ပွတ်သပ်ပေးရင်း လက်တစ်ဖက်က တီဗွီစက်ကို လှမ်းဖွင့်လိုက်လေသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ် ...။

မြိတ်မြို့ကိုထွက်ခွာမည် လေယာဉ်ကိုစောင့်ရင်း နား နေဆောင်မှာထိုင်ကာ နှစ်ယောက်သား စကားတွတ်ထိုး ကောင်းနေတုန်း မြမြစုး မျက်လုံးလေးပြူး ပါးစပ်လေးပွင့်သွား ရသည်။

"ဘာ ...ဘာလဲဟင်မြ"

မြမြစုးက ပြန်မဖြေဘဲ တဖြည်းဖြည်းပြုံးလာသဖြင့် ဝင်းနိုင်စိုး မြမြစုးကြည့်ရာသို့ လှည့်ကြည့်မိလိုက်သည်။ တရွေ့ ရွေ့နဲ့ သူတို့ရှိရာဘက်ကို လှမ်းလာနေတဲ့ ဗိုက်ဖုံးအင်္ကျီ လှ





လှလေးနဲ့ ကျက်သရေရှိနေတဲ့ သဇင်မြင့်မြတ်ကို တွေ့လိုက်ရ တယ်ဆိုရင်ပဲ။

"ဟင် ...သ ...သဇင်ပါလား ...မြ သွားခေါ်လိုက်လေ"

ဝင်းနိုင်စိုးက အခေါ်ဖြစ်သူနဲ့ အဆောင်ကို သုံးလေး ခေါက်လာထားဖူးသဖြင့် သူမတို့အားလုံးနဲ့ အခင်မင်ကြီး မဟုတ် ပေမယ့် အကျွမ်းတဝင်တော့ ရှိခဲ့ကြလေသည်။

"ဟေ့ သဇင် ...သဇင်"

"ဟင် .. မြမြ ...မြမြ"

နှစ်ဦးသား ဝမ်းသာလွန်းလို့ အပြန်အလှန်ပွေ့ဖက်မိကြ သည်။ ဦးစွာ မြမြစုးမှ ...

"လာ သူငယ်ချင်း ...ဒီမှာထိုင်၊ မောင်ရေ ..သဇင်စားဖို့ တစ်ခုခုမှာပေးပါဦး"

"ဩော် ...ဝင်းနိုင်စိုးရောပဲ ...မိုးစွေဆီက ဖုန်းလာတော့ နဖူးစာရွာလည်ပုံကို ငါ အံ့ဩမိတယ် ...အဟင်း ...ဟင်း"

စကားအဆုံးမှာ ညင်သာစွာ ရယ်ရင်းနဲ့ပေါ့ ဖြည်းဖြည်း ချင်းထိုင်ချနေတဲ့ သဇင်မြင့်မြတ်ကို မြမြစုးနဲ့အတူ ဝင်းနိုင်စိုး တ လည်း ဖေးဖေးမမ ကူညီရှာ၏။

"သဇင် ဘာစားမလဲဟင်"

"ကျေးဇူးတင်ပါတယ် ဝင်းနိုင်စိုးရယ် … ကျွန်မ စောစောစီးစီး ဘာမှမျိုမကျတာ ရက်တွေကြာခဲ့ပါပြီ၊ ထိုင်ပါ …အေးအေး ဆေးဆေးပေါ့"

စကားပြောရင်းနဲ့ မျက်နှာလေးညှိုးကျသွားတဲ့ သဇင်ကိုကြည့်ပြီး သူတို့ဇနီးမောင်နှံ တစ်ဦးကိုတစ်ဦး အဓိပ္ပါယ်ရှိရှိ ကြည့်မိကြလေသည်။

"သဇင် …နင့်မှာ ဘာပစ္စည်းမှ မပါဘူးလား"

"ဟင်အင်း …ဒီပိုက်ဆံအိတ်လေးတစ်လုံးပဲ ပါတယ်၊ မြိတ်အိမ်မှာ ငါ့အဝတ်အစားတွေ ဗီရိုနှစ်လုံးတောင်ရှိတာပဲ …သယ်မနေတော့ပါဘူး"

"သဇင်"

"ဟင်"

"စိုင်းကျော်က ရုလိုစရိုးမှာ ဘာကြောင့် …လိုက်မပို့တာလဲ၊ နင် စိုင်းကျော်နဲ့ စိတ်ကောက်လာတယ် …မဟုတ်လား ဟင်း"





သဇင် ဘာမှပြန်မဖြေပါ။ သို့သော် ရင်ထဲမှာခံစားနေရတဲ့ အစိုင်အခဲတွေက မိုးပြိုခါနီးတိမ်းမည်းတွေလိုပဲ မျက်ရည်တွေက လိမ့်၍ လိမ့်၍ စီးကျလာတော့သည်။

"မြရယ် … သဇင်အနေခက်မယ့် မေးခွန်းတွေမျိုးမမေးပါနဲ့ကွယ်"

"ရပါတင် ဝင်းနိုင်စိုးရယ် …မြမြနှင့် ကျွန်မက သူငယ်ချင်းတွေပဲလေ"

"ဆောရီးပါ သူငယ်ချင်းရယ် …နင့်မှာ ဒါလောက်ထိ ပြင်းထန်တဲ့ ခံစားမှုမျိုးရှိလိမ့်မယ်လို့ ငါမထင်ခဲ့လို့ပါနော်"

"ကဲ …မြ …လေယာဉ်ပေါ်ရောက်ရင် သဇင်နဲ့အတူ ထိုင်လိုက်နော် …မောင်က သဇင့်နေရာမှာထိုင်လိုက်မယ်"

"အို …ရပါတယ် ဝင်းနိုင်စိုးရဲ့"

"ကဲ သဇင် … ကိုယ်ဝန်ဆောင်မိခင်ငိုရင် မွေးလာတဲ့ ကလေးမျက်လုံးပြူးတတ်တယ်တဲ့၊ ဘာဖြစ်ဖြစ် မငိုပါနဲ့ …သဇင် ဘေးမှာ မြရော ကျွန်တော်ရောရှိတာပဲနော်"

ဝင်းနိုင်စိုးကို ကျေးဇူးတင်စွာ ခေါင်းညိတ်ပြရင်း မြမြစူး ပေးတဲ့ တစ်ရှူးနဲ့ မျက်ရည်စတွေကို တို့သုတ်ပြီး သဇင်မြင့်မြတ်ရဲ့ စိတ်ထဲမှာ စကားတချို့ ပြောလိုက်မိပါသည်။

"ခြော် ...ကြင်နာတတ်တဲ့ ဝင်းနိုင်စိုးလိုမျိုး ယောကျ်ားကိုရတာ ငါ့သူငယ်ချင်း ကံကောင်းတာပဲလေ"

♥ ♥ ♥



## အခန်း (၂၆)

"မော်ဖူး"

"......"

"ကိုယ့်ကို စိတ်ဆိုးတုန်းပဲလားဟင်"

"......"

"တောင်းပန်ပါတယ် မော်ဖူးရယ် ချစ်တဲ့သူကို ပျော်စေချင်လို့ ကိုယ်စာမင်စလိုက်တာပါ"

"ဟွန်း ... ရှင်စတာကလည်း ဦးထုပ်ကိုတောင် လမ်းပေါ်ပစ်ချရသလား။ တွေ့တဲ့ လူတွေက ရှင့်ကို မြို့ရောက်ဖူးတဲ့ တောသားကြီးလို့ ထင်ကြမှာပေါ့"

ဘာဖြစ်ဖြစ် ရန်တွေ့သံလေးကိုက သူ့အတွက် အားတက်စရာပင်၊ ရှင်မော်ဖူး စကားမပြောရင် သူဘယ်လိုမှမနေတတ်။

"ကိုယ်ကတောသားကြီးမဟုတ်ပါဘူး ...သခေါ်ာသားကြီးပါ မော်ဖူးရယ်"

"ဘာ ...သခေါ်ာသီးကြီး ....ဟုတ်လား ... အဟား ... ဟား ....ဟား"

စောစောက စူပုပ်နေသလောက် ခုကျတော့လည်း ကလေးတစ်ယောက်လိုရယ်မောနေတဲ့ သူမကို သူကြည်ကြည်နူးနူး ငေးကြည့်နေလိုက်သည်။ ကျောင်းမှာ စတွေ့ကတည်းက မျက်နှာထားတည်လွန်းတဲ့ သူမကို မရယ်ရယ်အောင် သူမှာအမျိုးမျိုးဖန်တီးပြီး လုပ်ပြခဲ့ရသည်။ သူငယ်ချင်းတွေ မရိပ်မိအောင် အိပ်ရာကစောစောထပြီး သူမရှိရာ ထွက်လာတတ်ပေမယ့် ချထားတဲ့ စစ်ခြင်ထောင်မှာတော့ "မနိုးရ" လို့ စာရေးထားခဲ့ရသည်။





သူမက သနားပြီးခင်မင်လာအောင်လို့လည်း ရေချိုးခန်းက ပြတ်ခါနီး ဖိနပ်အပေါင်းကို ... စီးခဲ့ကာ သူမရှေ့မှာ ဖိနပ်ပြတ်ပြခဲ့ရသည်။

သူမ ကွယ်တာနဲ့ လွယ်အိတ်ထဲမှာ ဖိနပ်အကောင်းကို ထုတ်စီးပြီး မမြင်ကွယ်ရာကနေ လိုက်ခဲ့ရသည်။ သူမ ကြိုက်တတ်တဲ့ အစားအသောက်တွေကို သူငယ်ချင်းဖြစ်သူ သဇင်မြင့်မြတ်ဆီမှတစ်ဆင့် လျှို့ဝှက်စွာသိခဲ့သည်။

ဒါလည်း စိုင်းကျော်ကျေးဇူးကြောင့်ပင်။

စိုင်းကျော်နဲ့ သဇင်မြင့်မြတ်တို့က ဒုတိယနှစ်ကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာ သူတစ်ဦးသာ သိခဲ့ရသည်။

သူမတို့ သူငယ်ချင်းတွေက တစ်မြို့တည်းပေမယ့် သူတို့အုပ်စုက တစ်နယ်စီဖြစ်ကြတာကြောင့် တစ်ယောက်ကို တစ်ယောက် စကားအကုန်မပြောခြင်းလည်း ဖြစ်ကြသည်။

"ဒီမယ် ...ဒီမယ် ..."

"ဟင်"

"အသက်မှရှိသေးရဲ့လားလို့ ခေါ်ကြည့်တာ"

"မော်ဖူး"

"ရှင်ဘာကြံနေပြန်ပြီလဲ"

"မော်ဖူးကို ကိုယ်လက်ထပ်ပါရစေနော်"

"ရှင့်လို ပေါတောတော ကြောင်တောင်တောင်ကိုများ မစဉ်းစားပါဘူး"

"မော်ဖူးသာ ရယ်နေမယ်ဆိုရင် ကိုယ်လေ ပေါကြောင် ရုံတင်မကဘူး… ဟောဒီလိုပါ ဖြစ်သွားပါစေ"

"အို …ခစ် …ခစ် ….ဘာမှန်းလဲမသိဘူး၊ တော်ပါတော့ ရှင် …ခစ် …ခစ်"

သူက ပိုလီယိုလိုလုပ်ပြလိုက်သည်မို့ သူမမှာ မျက်လုံးလေးပိတ်အောင် ဦးမော့ရယ်နေလိုက်တာ လည်တံလေးကို ကြော့နေခဲ့သည်။

"မော်ဖူး"

"ကိုလေ မော်ဖူးမေမေကို ဖွင့်ပြောပြီး …ပြီ"





"အို …ဘ …ဘာလို့သွားပြောတာလဲ …မေမေ အား ငယ်သွားမှာပေါ့"

"မေမေ အားမငယ်တော့ပါဘူး သမီးရယ် … သားကို ထူးမေမေနဲ့မေမေက ဘဝတူမုဆိုးမတွေဆိုတော့ နှစ်ယောက် ပေါင်းပြီး တရားမျှကို အားထုတ်ဖို့ မေမေ …ဆုံးဖြတ်ထားပြီးပါပြီကွယ်"

အခန်းထဲက ထွက်လာပြီး ရုတ်တရက် ပြောလိုက်တဲ့ မေမေ့စကားတွေကြောင့် သူမ ဝမ်းနည်းဝမ်းသာ ဖြစ်ကာ မေမေ့ကို လှမ်းဖက်မိလေသည်။

"မေမေနားလည်းပါတယ် သမီးရယ် …ပြီးတော့ သမီး အတွက်လည်း မေမေစိတ်ချပါပြီ"

"အဟင့် …ဟင့်"

"ဟင် … သမီး …ဘာလို့ငိုတာလဲ၊ ဘာလဲ …သား … ကိုထူးကို လက်မထပ်ချင်လို့လား"

"မဟုတ်ပါဘူး မေမေရယ် သမီးရှက်လို့ပါ"

"ပေါတော့"

ရှက်လို့ငိုနေတဲ့ သူ့မျက်နှာလေးကို မေမေကဆွဲမော့ကြည့်ကာ သဘောကျစွာရယ်မောနေချိန် သူကလည်း သူမရဲ့ ရှက်မျက်နှာလေးကို လက်ထဲမှာအဆင်သင့်ရှိနေတဲ့ကင်မရာနဲ့ အသေအချာ ဓာတ်ပုံရိုက်ယူလိုက်သည်။



"တီ ...တီ"

"ပွမ် ...ပွမ်"

ခြံထဲ မောင်းဝင်လာတဲ့ ကားသံ ... ဆိုင်ကယ်သံတွေကြောင့် မေမေ၊ ရှင်မော်ဖူး၊ ချစ်ရင်ထူးတို့သုံးဦးသား ဧည့်ခန်းမှာထိုင်ပြီး စကားပြောနေရာမှာ ခါးလေးတွေမတ်၍ ... အိမ်ရှေ့ဆီ လှမ်းမျှော်ကြည့်လိုက်သည်။

"ဟင် ... ဒါသဇင်တို့အိမ်က ကားလေးပဲ"

"အဲ ...မိုးစွေနှင့် ခက်ပန်းတို့စုံတွဲ၊ ပေါတော့ ---ဖြဖြ နဲ့ မောင်မောင်ရောပဲ "

ပြောပြောနဲ့ ရှင်မော်ဖူးက ထိုင်နေရာမှ ဇွေ့ကနဲ ထလိုက်ပြီး အပြုံးမျက်နှာဖြင့် အိမ်ရှေ့ဆီ ခြေလှမ်းမယ်အလုပ် … သဇင်မြင့်မြတ်တို့ကားပေါ်မှ ဆင်းလာတဲ့ မြမြစူးတို့စုံတွဲကြောင့် နေရာမှတင် ပြန်ရပ်နေမိပြီး …

"ဟိုက်…မြမြတို့စုံတွဲပါလား …မေ…မေ …လာပါဦး"

"ဘာလဲ သမီးရဲ့"

မေမေက ထိုင်နေရာမှ ထလာရင်း မေးလိုက်ခြင်းဖြစ်သည်။ ချစ်ရင်ထူးနေရာမှထကာ ရှင်မော်ဖူးဘေးမှာ အသာလေးယှဉ်ထိုင်နေလိုက်သည်။

"မေမေ …မြမြစူးတို့ဘယ်တုန်းက ရောက်လာကြလဲ မသိဘူး။ သူ့ဘေးက…သူ့ခင်ပွန်းလေ၊ ခက်ပန်းတို့ဖေဖေရဲ့ညီမယောက်ျားရဲ့တူဆိုတာလေ"

"ဩော် …ကောင်လေးက မဆိုးပါဘူး၊ ဟင် …ဟိုမှာ ကားခေါင်းခန်းက ဆင်းလာတာ သဇင်ပါလား"

မေမေ့စကားအဆုံးမှာ သူတို့သုံးယောက်အိမ်ရှေ့ဆီ အမြန်ထွက်ခဲ့လိုက်သည်။





"ဟေး …ဒီတစ်ခါလူစုံတက်စုံပဲဟေ့…လာကြ…လာကြ …နိုင်ငံခြားက ရွှေဧည့်သည်စုံတွဲ၊ တောင်ကြီးမြို့က ဧည့်သည်မကြီးတို့က မျက်စိလည်လမ်းမှာလာကြတာပဲဖြစ်မယ် … အဟင်း"

ပြောရင်းနဲ့ ရှင်မော်ဖူးက ရယ်မော်လျက် မြမြစူးနဲ့ သဇင်မြင့်မြတ်ကို ပြေးဖက်လိုက်သည်။

"သမီးရယ် ဖြည်းဖြည်းလုပ်ပါ …သဇင့်မှာက မပေါ့မပါးကြီးနဲ့ပ"

"အိုး …ဆောရီးကွာသဇင် … ငါ အရမ်းဝမ်းသာ သွားလို့ပါ"

မေမေ့သတိပေးစကားကြောင့် ရှင်မော်ဖူးက သဇင့်ကို မဖက်တော့ဘဲ လက်ကလေးကိုင်ဆွဲထားရင်း တောင်းပန်လိုက်ခြင်း ဖြစ်သည်။

"ရပါတယ်ဖူးရယ် …ဒေါ်လေးနေကောင်းတယ်နော်"

သဇင်မြင့်မြတ်က မော်ဖူးကိုပြောရင်း တစ်ဆက်တည်း မေမေ့ကိုပါ နှုတ်ဆက်မေးလေးမေးလိုက်ခြင်းဖြစ်သည်။

"နေကောင်းပါတယ်ကွယ်၊ ဒါနဲ့ . . . မြမြတို့ သဇင်တို့က ဘယ်နေ့က မြို့ကိုရောက်နေကြတာလဲ . . . အတူတူပဲလာကြတာလား"

"ဒီနေ့မနက် ရှစ်နာရီက ရောက်တာပါဒေါ်လေး၊ သဇင်နဲ့က လေဆိပ်မှာဆုံကြတာပါ"

"ဟုတ်လား ...ကဲ ...လာ ...လာ... အိမ်ထဲဝင်ကြ၊ ခက်ပန်း . . . ကလေးကရော"

"မေမေနဲ့ နေခဲ့တယ်ဒေါ်လေး"

"ကလေးကို အမေ့ဆီအပ်ပြီး သူတို့လင်မယားက လူပျိုအပျို လျှောက်လုပ်နေတာ . . . ဖြစ်မှာပေါ့"

"ဒါပေါ့ကွ . . . အဟင်း ...ဟင်း ...ဟင်း"

မြမြစူးကို ပြန်ပြောရင်း ခက်ပန်းက ညီညီအောင့်လက်မောင်းကို မှီတွယ်လျက် ရယ်မောလိုက်သည်။

"မင်းတို့တွေက ဘယ်လိုဆုံကြတာလဲ"

ဧည့်ခန်းဆီလှမ်းဝင်လာကြရင်း ချစ်ရင်ထူးက မောင်မောင့်အားကြည့်ကာ မေးလိုက်ခြင်း ဖြစ်သည်။





"ငါနဲ့ဖြူဖြူက ခက်ပန်းတို့ဆီသွားတာ၊ အဲဒီမှာ သာလှတို့ကလည်း ရောက်ချလာတယ်လေ"

"ဟုတ်တယ်ကွ ...မိုးစွေဆီကို တောင်ကြီးက ဖုန်းလာတယ်လေ"

"ဟင် ...မိုးစွေက ခွင့်တစ်လယူထားတာဆို"

မောင်မောင့်စကားကို သာလှက ထပ်ဖြည့်ပြောနေတုန်း မော်ဖူးက ကြားဖြတ်ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"မိုးစွေကို အလုပ်ကခေါ်တာ မဟုတ်ဘူးဖူးရေ ...ဟောဒီက အိမ်ပြေးမလေးကို ဖမ်းခေါ်ပြီး အားပေးချော့မော့ထားဖို့ စိုင်းကျော်က ဖုန်းဆက်တာ ... ကဲ . . . သိပြီလား"

မြမြစူးစကားကြောင့် ရှင်မော်ဖူးနှင့် ချစ်ရင်ထူးအကြည့်က သဇင့်စီ တစ်ပြိုင်နက် ကျရောက်သွားခဲ့သည်။

"နင်တို့နှစ်ယောက် ဘာပြဿနာလဲ သဇင်"

"တခြားဘာပြဿနာမှ မဟုတ်ဘူး ဖူးရယ် . . . သူတို့တစ်အိမ်လုံးက မိုးလင်းမိုးချုပ် . . . စီးပွားရေးပဲ မဲလုပ်နေကြတာ။ ငါ့မှာက အိမ်အကူကောင်မလေးနဲ့ပဲ နေနေရတယ်"

"အင်း ... စီးပွားရေးလုပ်တာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ်လေးလက်ဝန်ရှိတဲ့ မိန်းမသားကို လင်ယောကျ်ား တစ်ယောက်အနေနဲ့ ဂရုစိုက်ကြင်နာပေးတတ်မှုက အထူးလို အပ်တယ်ကွဲ့၊ သမီးသဖင်ရဲ့ခံစားမှုကို ဒေါ်လေးနားလည်ပေးလို့ ရပါတယ်ကွယ်"

ဆိုဗာအသီးသီးမှာ ဝင်ထိုင်ကြရင်း သဖင့်စကားကို ထောက်ခံဝင်ပြောလိုက်တဲ့ မေမေ့စကားကြောင့် သူတို့တွေရဲ့ ရင်ထဲမှာ နင့်ခနဲခံစားရပြီး သက်ဆိုင်သူအချင်းချင်း တစ် ယောက် မျက်နှာကို တစ်ယောက်ကြည့်မိကြလေသည်။

မောင်မောင်က ဖြူဖြူအောင့်လက်ဖဝါးလေးကို အား ထည့်ပေးသလို ဆုပ်ကိုင်လိုက်တဲ့ အချိန်မှာ ... ဖြူဖြူအောင်က လည်း မောင်မောင့်ကို နားလည်စွာ ပြုံးပြမိလေသည်။

"ငါက .. ညီညီအောင်နဲ့ ခက်ပန်းအကြောင်း ပြောပြ လိုက်တော့ စိုင်းကျော် အံ့ဩဝမ်းသာဖြစ်နေတယ်ဟ"

"ငါကလည်း ... မောင်မောင်တို့၊ ကိုထူးတို့အကြောင်း ထည့်ပြောလိုက်တော့ သူတအားဝမ်းသာနေတယ်၊ သူ့ဝယ်ချင်း





တွေနဲ့လည်း ဆုံချင်နေတယ်တဲ့ ... သူရန်ကုန်ဆင်းပြီး မြိတ်ကို အမြန်ဆုံးလာခဲ့မယ်လို့ ပြောတယ်ကွ"

မိုးစွေနဲ့ သာလှစကားအဆုံး အားလုံးရဲ့မျက်နှာမှာ အပြုံးတွေ ဝေဆာသွားခဲ့ကြသည်။

"ဩော် ...ဒေါ်လေး .... သူကသမီးရဲ့ခင်ပွန်း ဝင်းနိုင်စိုး ပါ။ ကျန်သူတွေကိုတော့ ပြောစရာမလိုတော့ပါဘူးနော်"

"အေးကွယ် ...တွေ့ရတာဝမ်းသာပါတယ်၊ ဒေါ်လေးတို့ ကိုလည်း သားရဲ့မိသားစုလိုပဲ သဘောထားပါကွယ်"

"ဟုတ်ကဲ့ပါ ဒေါ်လေး ... ကျွန်တော့်ကိုလည်း အမြင်မ တော်တာရှိရင် ဆုံးမနိုင်ပါတယ် ခင်ဗျာ"

"အေးပါကွယ် ...အဟင်း ...ဟင်း... ကဲ ...သားတို့သမီး တို့သောက်ဖို့ဒေါ်လေးမိစုကို အအေးစီစဉ်ခိုင်းလိုက်ဦးမယ်နော်"

"အာ ...ဒေါ်လေး...မလုပ်နဲ့တော့၊ ကျွန်တော်တို့အခုပဲ ကော်ဖီသောက်လာကြတာပါခင်ဗျာ"

"သမီးတို့က ဒီကိုလာဖို့ အိမ်ကအထွက် မြမြတို့နဲ့လမ်း ထိပ်မှာဆုံတော့ ကော်ဖီဆိုင်ဝင်ပြီး စကားပြောရင်း သောက်ခဲ့ ကြတာ"

"မကျေနပ်ဘူး ...ဒီကာဘယ်သူလဲ...ငါတို့ကိုပါတိုက်ရမယ်"

ဝင်းခိုင်စိုး စကားကို ကျောက်ခက်ပန်းက ဝင်ထောက်အပြီးမှာ ရှင်မော်ဖူးက လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

"ဟင် ... ကိုထူးက မိုးလင်းတာနဲ့ ဖူးကို ...ကြက်ဥ ပေါင်မုန့်ကြော်နဲ့ ကော်ဖီပူပူလေး ဖျော်တိုက်မယ်ဆိုပြီး ထွက်လာခဲ့တာပဲ"

"ဘယ်ကလာ ခက်ပန်းရယ်...ငါကပဲ သူ့ကိုတစ်ချိန် လုံးအပူအအေးချက်ကျွေးနေရတယ်"

"ဒါလောက်တော့ ရှိရမှာပေါ့ဖူးရယ်"

"ဘာ ဒါလောက်တော့ရှိရမှာလဲ"

"ဟုတ်တယ်လေ ...ကိုယ်က ဖူးကိုတစ်သက်လုံး ကုန်းရုန်းရှာကျွေးရမှာဆိုတော့ ဖူးဘက်ကလည်း ဒါလောက်လေး အလိုက်သိပေးသင့်တာပေါ့နော် မေမေ"

"မှန်တာပေါ့ကွယ် ...မှန်တာပေါ့"

"အဟား ...ဟား ....ဟား"

♥ ♥ ♥



## အခန်း (၂၇)

"အား ...ကျွတ် ...ကျွတ်"

"ဟင် ...သ ...သမီးဘာဖြစ်တာလဲ"

"အား ....ကျွတ် ...ကျွတ် ...ဗိုက်ထဲက နာတယ်မေမေရယ် ...ကျွတ် ...ကျွတ်"

"အို ...ဗိုက် ...ဒါလောက်နာနေတာတောင် ဘယ်သွားဦးမလို့လဲ မိသဇင်ရယ်"

"ဟို ...ဟို ...မောင်မောင်ရှေ့တန်းကို ထွက်မှာမို့ ဒီနေ့သူငယ်ချင်းအားလုံးက သဘော်ဆိပ်သွားပို့ကြတယ်လေ၊ အဲဒါသမီးလည်း သူတို့ဆီသွားမလို့ပါမေမေ"

မသွားရတော့တဲ့ နေမှာစိုးလို့ ဝေဒနာကို အောင့်ခံထားရင်း မေမေ့ရှေ့မှာ စကားကို ချောမွေ့အောင် ဟန်လုပ်ပြောလိုက်ရသည်။

"သမီးရယ် ညည်းကိုကြည့်ရတာ အားလည်းမရှိဘူး၊ အစားအသောက်စားပါဆိုလည်း ဖြစ်ဖြစ်မြောက်မြောက် မစားဘူး၊ ဒီကိုယ်ဝန်ကြီးနဲ့ ... ကားမမောင်းပါနဲ့ ဆိုတာလည်း လုံးဝနားမထောင်ဘူး"

"အို ...မေမေကလည်း စကားအများကြီးပြောတာပဲ... သမီး ကလေးမှ မဟုတ်တာ"

"ဟဲ့ . . .မိဘဆိုတာ ကိုယ့်သားသမီး ဘယ်အရွယ်ရောက်ရောက် ကလေးတစ်ယောက်လိုတော့ အမြဲတမ်း ထင်မှတ်တွေးပူနေရတာပဲ"

သဇင်မြင့်မြတ် အိမ်ပြင်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ ဗိုက်ထဲက နာကျင်လာတဲ့ဝေဒနာကြောင့် ဒီတစ်ခါ ဟန်ဆောင်တင်းမခံနိုင်တော့ မျက်နှာလေးရှုံ့မဲ့လျက်က လက်ထဲမှာ ကားသော့ လွတ်ကျသွားခဲ့သည်။





"သမီး...သဇင်"

မေမေသည် ဆိုဖာပေါ်မှ အမြန်ထလာပြီး စိုးရိမ်စွာဖြင့် သူမကို ဖေးဖေးမမ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ...

"သမီး ...ဗိုက်ထဲက ဘယ်လိုနာတာလဲဟင်"

"မပြောတတ်ဘူး မေမေရယ် ... သမီးအခံရခက်တာတော့ အမှန်ပဲ"

"ကလေးများ မွေးချင်ပြီလား မသိဘူး"

"အား ...အ ...မေ ...မေမေ"

"ဟဲ့...မဖြစ်ဘူး...သမီး ...သမီး ...အားတင်းထားနော်"

"ဟော့ ... ဟော့ ...မိနိုင်တို့ ခင်ဝေတို့ ဆေးခန်းသွားဖို့ အမြန်စီစဉ်စမ်း၊ လာ . . . လာ ...သမီး၊ အရေးထဲ သမီးမောင်လေးတွေလည်း မရှိကြဘူး"

"အား ....ကျွတ် ...ကျွတ်"

"ဖြည်းဖြည်းသမီး ...ဖြည်းဖြည်း ...မေမေကိုယ်တိုင်ပဲ ကားမောင်းပို့မယ် ...သမီးဘာမှ အားမငယ်နဲ့နော်"

"ကျွတ် ...ကျွတ် ... ဖြစ်ပါ့မလား မေမေရယ်"

ကားမမောင်းတာကြာပြီဖြစ်တဲ့ မေမေ့ကို သူမက … စိုးရိမ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

သူမ ကားထဲဝင်ထိုင်ဖို့အတွက် မေမေက သော့ဖွင့်ပေးတော့ မေမေ့နေရာမှာ ခင်ပွန်းသည်စိုင်းကျော်သာဆိုရင် ကောင်းမှာပဲလို့ စိတ်ထဲမှကျိတ်ပြီး တွေးလိုက်မိသေး၏။

သူမ ကားထဲဝင်ထိုင်လိုက်တာနဲ့ အိမ်အကူကောင်မလေးနှစ်ယောက်က လိုအပ်တဲ့အသုံးအဆောင်တွေ ထည့်ထားတဲ့ လက်ဆွဲခြင်းတစ်လုံးနှင့် အဝတ်အိတ်တစ်အိတ်ကို ကားပေါ်တင်လိုက်သည်။

"ကဲ …ခင်ဝေ …ကားနောက်မှာ တက်ထိုင် …နှင့် အစ်မကို ဖေးမထားလိုက်၊ မိနိုင် …အိမ်စောင့်ကျန်ခဲ့၊ ခြံတံခါးကို အသေအချာသော့ခတ်နော်"

"ဟုတ်ကဲ့ကြီးကြီး"

မေမေ … ကားမောင်းထွက်ခဲ့ချိန်မှာ သူမ ဇောချွေးတွေပြန်ပြီး အားအင်ချည်နဲ့လာသလို ကတုန်ကယင်ပင်ဖြစ်ကာ ခေါင်းထဲမူးခနဲမိုက်ခနဲမို့ နောက်ကိုမှီလျက် ခင်ဝေ့ လက်ကောက်ဝတ်လေးကို အားယူဆုပ်ကိုင်ထားမိလေသည်။





"သမီး …ဖြစ်တယ်နော်"

"ကျွတ် …ကျွတ် … ရပါတယ်မေမေ၊ မေမေ ကားကို ဂရုစိုက်မောင်းနော်"

"စိတ်ချစမ်းပါ သမီးရယ် …ခင်ဝေ …နင့်အစ်မကို ဂရုစိုက်ထားနော်"

မေမေက နောက်ကြည့်မှန်ထဲက တစ်ချက်ကြည့်ပြီး မော်တော်ဆိုင်ကယ်တွေ ရှုပ်ယှက်ခတ်နေတဲ့ လမ်းမပေါ်မှာ ဆလွန်းကားဖြူဖြူလေးကို ဂရုစိုက်မောင်းနေလေသည်။

"ပြန်ကွာ …ပြန် …မင်းတစ်ယောက်တည်း ပြန်၊ ငါ့မှာ မင်းကို လိုက်ပို့ပေးဖို့ အချိန်မရှိဘူး …စီးပွားရေးဆိုတာ မိုးရွာတုန်းမှာ ရေခံနိုင်ရတယ် …ကွ"

နာကျင်မှုဝေဒနာကို ကြိတ်မှိတ်ခံစားနေရင်းမှ ခင်ပွန်းသည်စကားတွေကို ပြန်ကြားယောင်မိကာ မျက်ရည်ကျလာမှာ စိုးသဖြင့် အောက်နှုတ်ခမ်းသားကို အပေါ်သွားဖြင့် ဖိကိုက်ထားမိလေတော့သည်။

"ဖြူ . . . ကိုယ်စိတ်ချနေမယ်နော်ဖြူ၊ ကိုကိုက နိုင်ငံတော်ကပိုင်တဲ့ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ အမိနိုင်ငံတော်အတွက်၊ အများပြည်သူလူထုအတွက် ကိုကို ရှေ့တန်းသွားတာပါ။ ဘာအတွက်ကြောင့်မှ ဖြူ အားမငယ်ရဘူးနော်"

ဦးခေါင်းက ဆံပင်လေးကို ပွတ်သပ်ပေးရင်း ကိုယ်ဝန်အရင့်အမာနဲ့ ဇနီးသည်ငယ်ငယ်နုနုကို စိတ်မချဟန်နဲ့ တတွတ်တွတ်မှာနေတဲ့ မောင်မောင့်ကိုကြည့်ပြီး သူငယ်ချင်းအားလုံးက ပြုံးရိပ်တစ်ဝက် ကရုဏာတစ်ဝက်ဖြင့် ကြည့်နေကြသည်။

"ဖြူ နားလည်ပါတယ် ကိုကိုရယ် . . . ကိုကိုသာအစစအရာရာကို ဂရုစိုက်နော်"





ပြောရင်းနဲ့ အသံလေး တိမ်ဝင်မလိုဖြစ်သွားတဲ့ ဖြူဖြူအောင်ကြောင့် အားလုံး တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း ဦးစွာ ချစ်ရင်ထူးက ညီညီအောင်ကို မျက်စပစ်ပြလိုက်သည်။

ညီညီအောင်ကလည်း မျက်နှာချင်းဆိုင်မှာ ရှိနေတဲ့ မြမြစုးကို မျက်လုံးတစ်ဖက်မှိတ်ပြကာ ...

"မြမြ ... မကောင်းဘူးကွာ"

"ကျွန်မက ဘာဖြစ်လို့လဲ ညီညီအောင်ရဲ့"

"ကျောင်းတုန်းက မြမြကသာ မောင်မောင့်ကိုရအောင်ယူလိုက်ရင် . . . ကျွန်တော့်ညီမလေး ခုလိုခံစားရမှာ မဟုတ်ဘူး"

"ရှင့်ယောက်ဖ မောင်မောင်က ကျွန်မကိုမှ ရည်းစား စကား မပြောဘဲကိုး"

"အဟား ... ဟား ... ဟား"

ပထမ မောင်မောင် အူကြောင်ကြောင်လေးဖြစ်သွားပြီး ဖြူဖြူအထင်လွဲသွားမှာကို စိုးရိမ်သွားခဲ့သည်။ မြမြစုးစကားဆုံးတော့ အားလုံးနဲ့ အတူလိုက်ရယ်နေတဲ့ ဇနီးချောလေးကို တွေ့ရမှ သူ သက်မချနိုင်တော့သည်။

"ကိုထူး"

"ဘာလဲကွ"

"မင်း မော်ဖူးကို အရမ်းချစ်တာပဲနော်"

"လိုက်လိုက်သည်းသည်းကို ချစ်တာပေါ့ကွာ"

သာလှနှင့် ချစ်ရင်ထူး အမေးအဖြေလုပ်နေတာကို အားလုံးက စိတ်ဝင်တစားနဲ့ နားစွင့်နေကြသည်။ သာလှက ခဏ စဉ်းစားသလိုလုပ်ပြီး ရှင်မော်ဖူးဘက်လှည့်သွားပြန်သည်။

"ရှင်မော်"

"ဘာလဲရှင်"

"ကိုထူးပြောတာ ယုံလား"

"ဟင့်...အင် ...ယုံပါဘူး"

"အေး...မယုံနဲ့ ...ဒီကောင် ဖျီးကန်းနေတယ်"

"အဟား ...ဟား...ဟား"

မျက်နှာရဲခနဲဖြစ်သွားတဲ့ ချစ်ရင်ထူးကိုကြည့်ပြီး အားလုံးနဲ့ အတူ ရှင်မော်ဖူးလည်း လိုက်ရယ်မိသည်။

"ဩော် ...ဝင်းနိုင်စိုးကို မေးရဦးမယ်"





ရုတ်တရက် မိုးဇွေစကားကြောင့် ဝင်းနိုင်စိုး ခါးမတ်ခနဲ ဖြစ်သွားရသည်။

"မေးလေ မိုးဇွေ ...ဘာများသိချင်လို့လဲ"

"ရှင်က ကိုယ့်နှမယောက်ျားနောက်လိုက်တာ တည်းခိုခန်းအထိလိုက်ပို့ပြီး ညအိပ်စောင့်ခဲ့တယ်ဆို"

"အဲ ...ဟို ...ဟာဗျာ...မိုးဇွေ တော်တော်ဆိုးတာပဲ... အဟင်း...ဟင်း"

"ဟား ...ဟား...ဟား"

သဘော်ဆိပ်ရှိ လက်ဖက်ရည်ဆိုင်လေးမှာ သူတို့အဖွဲ့ နဲ့တင် ဘေးလူတွေပါ ပြုံးကြရတော့သည်။

"ဩော် ...ပန်း ...အောင်တို့ညီမလေးကို အောက်ထပ်က မေမေ့အခန်းနားမှာပဲ ထားကြမယ်နော်"

"ဘာဖြစ်လို့လဲအောင် ...မေမေ့အခန်းဘေးက အခန်းက နည်းနည်းကျဉ်းတော့ ပန်းက ဖြူကို အပေါ်ထပ်မှာပဲထားရင် ကောင်းမလားလို့"

"ပန်း စီစဉ်တာက ကောင်းပါတယ်၊ ဒါပေမဲ့ လှေကားအတက်အဆင်းမှာ ...ညီမလေးအတွက် အောင်စဉ်းစားမိတာပါ"

"ရပါတယ် ကိုကိုရ . . လေ့ကားတက်လိုက်ဆင်းလိုက် လုပ်တော့လည်း ကလေးမွေးရ လွယ်သွားတာပေါ့ . . . နော်မမ"

"မှန်တာပေါ့ ညီမလေးရယ် . . . သီးခြားလမ်းလျှောက်စရာ မလိုတော့ဘူးပေါ့"

ခက်ပန်းနဲ့ ညီညီအောင်တို့ အခြေအတင်ပြောနေချိန်မှာ ဖြူဖြူအောင်က ကြားကနေ ပြုံးပြုံးလေးနဲ့ လှမ်းဖက်ပြီး ပြောလိုက်တာကို ခက်ပန်းက ထောက်ခံလိုက်ခြင်းဖြစ်သည်။ ထို့နောက် စစ်ကားတွေပေါ်က လက်နက်ရိက္ခာ သေတ္တာပုံးတွေကို စနစ်တကျ အောက်ချသူချ၊ စက်လှေတွေဆီ သယ်သူတွေက သယ်လုပ်နေကြတဲ့ တပ်မတော်သားတွေဆီ သူတို့အားလုံး တဒင် အာရုံပြောင်းသွားကြသည်။

"ကဲ . . . သူငယ်ချင်းတို့ . . . ငါသွားတော့မယ် . . . ဖြူ့ကို ဂရုစိုက်ပေးကြပါနော်"

"စိတ်ချပါ မောင်မောင်ရာ . . . ငါတို့အားလုံး ဖြူဖြူအနားမှာ ရှိနေပါ့မယ်၊ ဒီမှာ ဖြူ့အစ်ကို အရင်းခေါက်ခေါက်ကြီး တစ်ယောက်လုံးလည်း ရှိနေတာပဲဟာ"





"မင်းမသိပါဘူး ကိုထူးရာ . . . ဒီကောင်က သမီးလေးတစ်ယောက်ရထားတာနဲ့ သူကိုယ်သူ ကြွားနေတာနဲ့ တင်အချိန်ကုန်နေတာ"

"ဆိုစမ်းပါဦး မောင်မောင်ရဲ့ . . . ကိုအောင်က ဘယ်လိုကြွားနေတာလဲကွ"

"ကိုထူးရာ တုန်းပွဲ . . . မင်းလူ တစ်ချိန်လုံး ပန်းအောင် ပန်းအောင် ဖြစ်နေတာလေကွာ"

"အဟား . . . ဟား . . . ဟား"

ချစ်ဖနီးသည်နဲ့ သူငယ်ချင်းတွေ စိတ်ပျော်အောင်လို့ နောက်ဖြစ်အောင်နောက်ပြီးမှ ထွက်ခွာသွားတဲ့ မောင်မောင်ရဲ့ ကျောပြင်မတ်မတ်ကို ကြည့်ပြီး သူတို့အားလုံးရဲ့မျက်နှာမှာ ဂုဏ်ယူအပြုံးနဲ့ ပြုံးကျန်ခဲ့ကြလေသည်။

♥ ♥ ♥

## အခန်း (၂၈)

"ဘာ...သ ...သဖင်ဆုံးပြီး...ဟုတ် ...ဟုတ်လား"

"ရှူး... တိုးတိုး...ဖြူဖြူမကြားစေနဲ့"

သူမရဲ့လက်ဖဝါးလေးတစ်ဖက်ကို ကြင်နာစွာ ဆုပ်ကိုင်ရင်းတုန်ခါနေတဲ့အသံနဲ့ တိုးလျှည်သာစွာ ပြောလာတဲ့သူ့စကားကြောင့် သူမ မယုံမရဲအကြည့်ဖြင့် ခက်ပန်းတို့ဘက် လှည့်ကြည့်မိလေသည်။

ညီညီအောင့်ရင်ခွင်မှာ မျက်နှာအပ်ပြီး အသံမထွက်အောင် ကျိတ်ငိုနေတဲ့ ခက်ပန်းကိုတွေ့ရတော့ သူမ ငိုယ်လေး တသိမ့်သိမ့်တုန်လာခဲ့သည်။





"ဖူး ...ဖူးလေး...သတိထားပါကွာ"

သူမကို ရင်ခွင်ထဲဆွဲသွင်းပြီး အားပေးနှစ်သိမ့်ပေးနေရင်းမှ သူ့မျက်လုံးအိမ်မှာလည်း မျက်ရည်ကြည်တွေက ရစ်ဝိုင်းလာခဲ့သည်။ သဖင့်ကျေးဖူးတွေ သူ့မှာရှိခဲ့သည်လေ။

"သမီးတို့...ဘာဖြစ်နေကြတာလဲ"

မြွတ်နိုးအိမ်လေးကို မူကြိုသွားပို့ပြီး ပြန်လာတဲ့ ဖေဖေနှင့် မေမေက ဧည့်ခန်းရှိ တယ်လီဖုန်းခုံနားမှာ ငိုနေတဲ့ ခက်ပန်းတို့အတွဲနဲ့ ထမင်းစားခန်းအဝင်ဝမှာ ငိုနေတဲ့ မော်ဖူးတို့အတွဲကို အံ့ဩစွာမေးလိုက်ခြင်းဖြစ်သည်။

ခက်ပန်း ချက်ချင်း မေမေနဲ့ ဖေဖေ့အနားထသွားပြီး ရှိုက်လျှက်မှပင် တိုးတိတ်စွာ ပြောလိုက်သည်။

"ဖေဖေနဲ့မေမေ...အဟင့် ...သဖင်လေ ...သဖင် ဆေးရုံမှာ ကလေးရောလူကြီးပါ ဆုံးပြီတဲ့ ...အင့်"

"အို...မြတ်စွာဘုရား ...ဘယ်လိုဖြစ်ရတာလဲကွယ်"

"အကြောင်းစုံတော့ မသိရသေးဘူးမေမေ . . . ကျွန်တော်တို့ မောင်မောင်ကိုပို့ပြီး ပြန်လာတော့ လမ်းမှာ သဖင်

မရောက်လာတာ သတိရကြလို့ မြမြနဲ့ မိုးစွေတို့က လိုက်သွား ဦးမယ်ဆိုပြီး သွားကြတာ ... သားတို့လည်း အိမ်ရောက်ပြီး သိပ်မကြာဘူး မိုးစွေတို့ဆီက သဇင်ဆုံးပြီဆိုတာ ဖုန်းလာတာပဲ"

နောက်ဆုံးစကားမှာ အသံတိတ်ဝင်သွားတဲ့ ညီညီအောင့်ပခုံးကို အနီးရောက်လာနေပြီဖြစ်တဲ့ ချစ်ရင်ထူးက လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်လေသည်။

"ကဲ ... ကဲ ... သားတို့သမီးတို့ သွားပြီးကူညီအားပေးလိုက်ပါဦးကွယ်"

ဖေဖေကပြောပြီး စာကြည့်ခန်းထဲ ဝင်သွားခဲ့သည်။ ဖေဖေ့မျက်နှာ မကောင်းပါ။ အင်းလေ... ခက်ပန်းရဲ့သူငယ်ချင်းတွေအားလုံးကို ဖေဖေသားသမီးရင်လို သံယောဇဉ်ရှိခဲ့သည် ပဲ။

"မေမေ ... ဖြူဖြူလည်းပင်ပန်းတာနဲ့ အပေါ်ထပ်မှာ အိပ်ပျော်သွားပြီနဲ့ တူတယ် ...

မေမေနှင့် ဖေဖေထမင်းစားရင် ဖြူဖြူကိုပါ ခေါ်ကျွေးပါနော်"

"အေးပါ သမီးရယ်"





"ဪ ... ဒေါ်လေး ... သဇင့်ကိစ္စ ဖြူလုံးဝမသိပါစေနဲ့နော် ... သူယောက်ျားကလည်း ရှေ့တန်းထွက်သွားတော့ အားငယ်သွားမှာစိုးလို့ပါ ဒေါ်လေးရယ် ... နော်"

"အေးပါကွယ် ... ဒေါ်လေးနားလည်းပါတယ် .. ကဲ ... ကဲ ... သွားကြ .. သွားကြ"

သူတို့လေးယောက် ဆိုင်ကယ်နှစ်စီးဖြင့် ထွက်လာပြီး သိပ်မကြာခင်မှာပင် ဆေးရုံသို့ ရောက်ခဲ့ကြသည်။

"ဆေးရုံကိုရောက်လာတာတောင် အရမ်းကို နောက်ကျနေပြီတဲ့"

"မိခင်က အရမ်းမ်ားနည်း  ပြီး  နလုံးရောဂါပါဖောက်လာတော့ ကလေးကို မညှပ်  ုင်တော့ဘူး ...တဲ့"

"ကလေးက အထဲမှာ ရေ မွှာပေါက်နေတာကြာပြီး ရေမွမ်းသေနေတာ နာရီဝက်လောက်ရှိပြီတဲ့"

"သဇင်က စိုင်းကျော်နဲ့ပတ်သက်ပြီး ဘယ်လောက်တောင် ကျိတ်ခံစားခဲ့ရလဲ မသိဘူး၊ ငါတို့နဲ့ လေဆိပ်မှာစတွေ့ကတည်းက မျက်နှာလေးက ညှိုးနေတာပဲ"

တစ်ယောက်တစ်မျိုးစီ ပြောဆိုနေကြတဲ့ စကားသံတွေနဲ့ ဝေးရာဆီသို့ သူမ ထွက်ခဲ့လိုက်သည်။ သဇင်မြင့်မြတ်ရဲ့ မိသားစုတွေကတော့ ခုတင်ခေါင်းမှာ ငိုသူငို၊ အံ့ကြိတ်သူ ကြိတ်၊ တောက်ခေါက်သူခေါက်နဲ့။

"သဇင်ရယ် ...သူငယ်ချင်းရယ် ...အင့်"

မျက်ခြည်မပြတ် ချစ်ရသူကို ဂရုတစိုက်ကြည့်နေသူမို့ သူမ ထွက်သွားရာနောက် သူ ကပ်လျက်ပါလာခဲ့သည်။

"ဖူးရယ် ...အားပါးတရ ငိုချလိုက်စမ်းပါ ...ဖူးခံစားရသလို သဇင့်အတွက် ကိုယ်လည်းခံစားရပါတယ်ကွယ်"

"အဟင့် ...ဟင့် ...သဇင့်ကို အရမ်းသနားတာပဲ ကိုရယ် ...သူ့ခမျာ ဒီကိုယ်ဝန်အရင့်အမာကြီးနဲ့ ဝေဒနာမရှိမဆုံ့ကို ခံစားသွားရမှာပဲနော်"

"ဖူးလေး"

"ဟင်"

မေးဖျားလေးကို ဆွဲယူလိုက်တော့ အလိုက်သင့် ပါလာတဲ့ သူမရဲ့ မျက်နှာပေါ်မှ မျက်ရည်စက်တွေကို တယုတယ သုတ်ပေးပြီး တစိမ့်စိမ့်ကြည့်မိလေသည်။





"ဖူးရယ် . . . ကိုယ်တို့နှစ်ယောက် ခုလိုနီးစပ်အောင် ဖူးကြိုက်တတ်တဲ့ အသုံးအဆောင် ၊ အစားအသောက်တွေကို ကိုယ်သိအောင် သဇင်က ကိုယ့်ကို အများကြီး ကူညီခဲ့တာပါ"

"ဖူးသိပြီးပါပြီ ကိုရယ်"

"ဟင့် ...ဘယ်တုန်းကသိတာလဲ"

"အင့် ... သဇင်လေ ညကတင် ဖူးဆီကိုဖုန်းနဲ့ လှမ်းပြောတာ၊ အင့် ...အဲဒီကတည်းက သူ့စကားကို ဖူးမကြိုက်တာ"

"ဖူးရေ . . . ငါအခုလိုဖွင့်ပြောရတာ မတော်တဆများ ငါ တစ်စုံတစ်ခုဖြစ်သွားရင် စိတ်မဖြောင့်ဘဲ ပါသွားမှာစိုးလို့ ပါတဲ့"

ပြောပြီး တသိမ့်သိမ့်ရှိုက်နေတဲ့ ချစ်သူရဲ့ ကိုယ်လေးကို သူဘာသာလေး ပွေ့ဖက်ထားလိုက်သည်။

"ဖူး ...ကိုယ်လေ ဖူးနဲ့ လက်ထပ်ပြီးရင် သဘော်မလိုက်တော့ဘူး . . . သိလား၊ ဖူးက ဝါသနာပါတဲ့ ကျောင်းဆရာမ ဆက်လုပ်၊ ကိုယ်က ဖူးအနားမှာပဲ နေပေးမယ်နော်"

"လက်ထပ်ရမှာ အားနာပါတယ်ကိုရယ်"

"ဘာဖြစ်လို့"

"ဪ … ပိုင်းဝေးကားတွေ လေးငါးစီးပိုင်တဲ့ သူဌေး သားမို့လေ"

"ဟင် … ဒါ … ဒါကရော ဘယ်သူပြောတာလဲ ဖုး"

"သဇင်ပဲပေါ့ကိုရယ် … အင့် … သဇင်ကလေ ဖုးရယ် … … ကိုထူးက နင့်အချစ်ကိုရဖို့အတွက် အမျိုးမျိုးကြံဖန် ဒုက္ခခံပြီး ကြိုးစားခဲ့သူပါ … နင်သူ့ကို အားနာဖို့ကောင်းနေပြီ … တဲ့"

"ဒီတော့ ဖုးက …"

"အင် … အားနာရင်းနဲ့ ချစ်နေမယ်ပေါ့"

ခြောက်လုလုမျက်ရည်တွေကြားမှ အပြုံးတစ်ဝက်နဲ့ ခပ်နွဲ့နွဲ့လေးပြောလိုက်တဲ့ သူမရဲ့မျက်နှာလေးကို ဒီတစ်ခါဖြင့် ချစ်ရင်ထူး အလွတ်မပေးတော့ပေ။

နောက်တစ်နေ့ထုတ် သတင်းစာမှာတော့

မသဇင်မြင့်မြတ်

အသက်(၂၇)နှစ်

ဆိုတဲ့ နာရေးကြော်ငြာတစ်ခုနဲ့ တောင်ကြီးကနေ ရန်ကုန် အဆင်းမှာ ကားတိုက်မှုဖြစ်ပွားပြီး အမျိုးသားနှစ်ဦးနဲ့ အ





မျိုးသမီးတစ်ဦး ဒဏ်ရာရရှိတဲ့ သတင်းတစ်ခု တစ်ပြိုင်နက်ပါ လာပြီး နောက်ထပ်တစ်နေ့ သတင်းစာမှာ တော့ …..

စိုင်းကျော်

အသက်(၂၈)နှစ်

ဟူ၍ နာရေးပါလာခဲ့သည်။

♥ ♥ ♥

ဝတ္ထု … ဤတွင်ပြီး၏။

ကျွန်မရဲ့စာကို ဖတ်သူ မဖတ်သူအားလုံးစိတ်နှလုံး ကြည်ရွှင်အပြုံးနှင့် ချမ်းသာကြပါစေ။

(မှတ်ချက်) ၁၉၉၇ - ၉၈ - ၉၉ အမှတ်တရ

မြတ်နိုးရှင်း